www.burmeseclassic.com

# ထြိစဏ

## အငြိုးတစ်ရစ် အချစ်ကောရီ



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက် – ၅၀၀၉၆၂၀၈၁၁

မျက်နှာဖုံးခွင့်ပြုချက် – ၅၀၀၉၅၉၀၈၁၁

အကြိမ် – ပထမအကြိမ်၊
၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ

အုပ်ရေ – ၅၀၀

တန်ဖိုး – ၁၅၀/–

ထုတ်ဝေသူ – ဒေါ်ကေခိုင်ဦး (မြ–၀၃၇၆၉)
ရွှေသမင်စာပေ၊ ၃၇/၄၄လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်း။

အတွင်း/အဖုံးပုံနှိပ်သူ – ဒေါ်နွဲ့နွဲ့ရီ (မြ–၀၉၈၇၀)
ရွှေရောင်လင်းပုံနှိပ်တိုက်
အမှတ်(၈၈)၊ ၅၁ လမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်း။

“ထုတ်ဝေသည့်စာအုပ် ကက်တလောက်အညွှန်း” (CIP)

၈၉၅.၈၃

တိုးစက္က

အပြုံးတစ်ရစ် အချစ်ကောရီ/ တိုးစက္က၊ ရန်ကုန်၊
ရွှေသမင်စာပေ၊ ၂၀၁၁။
၂၃၂ – စာ ၊ ၁၅ စင်တီ × ၁၈ စင်တီ ။
(၁) အပြုံးတစ်ရစ် အချစ်ကောရီ


## သယနလက်ဆောင်

✪ နှလုံးသားနှင့်ပတ်သက်သော
အကြောင်းကို
ပြောမည်ဆိုပါလျှင်
နှလုံးသားနှင့်သာပြောပါ၊
သို့မှသာ အခြားသူရဲ့နှလုံးသားထဲကို
ရောက်ရှိမှာဖြစ်ပါတယ်။

✪ မကောင်းတာတွေကို
သည်းညည်းခံနိုင်တဲ့ဖွဲ့မျိုးမရှိတဲ့
လူတစ်ယောက်ဟာ
ကောင်းတာနှင့်တွေ့ပြီး ခံစားရလျှင်လည်း
ကြည်ရှည်အောင်ထိန်းနိုင်မှာမဟုတ်ပါဘူး။

✪ ဒီကနေ့တွေ့ရတဲ့ပြဿနာကို
ဒီနေ့ပဲပြီးအောင်ဖြေရှင်းလိုက်ပါ၊
မနက်ဖြန်နှင့်သက်ဆိုင်သောကိစ္စကို
မနက်ဖြန်က ဖြေရှင်းပေးပါလိမ့်မည်၊

www.burmeseclassic.com

www.burmeseclassic.com

★ အဆုံးသတ်မရှိသောအရာနှစ်ခုရှိပါတယ်
အချစ်နှင့်စကြဝဠာဖြစ်ပါတယ်
စကြဝဠာက အဝေးဆုံးမှာရှိသော်လည်း
အချစ်ကတော့ သင်နဲ့အနီးဆုံးမှာရှိနေပါတယ်။

★ သဘာဝက
ပန်းသီးတစ်လုံးဖန်ဆင်းပေးသော်လည်း
မြေပြင်မှာချထားပေးခြင်းမျိုးမဟုတ်ပေ၊
ထိုပန်းသီးကို အလိုရှိပါက
ရနိုင်သောနည်းလမ်း ရှာဖွေရမည်ဖြစ်သည်။

★ ကျောက်ခဲတစ်လုံးကို
ရေထဲမြုပ်သွားအောင်တော့
လူတိုင်း လုပ်နိုင်ကြပါတယ်
အဲဒီကျောက်ခဲကို
ရေပေါ်ပြန်တက်လာအောင်တော့
လူတိုင်း မတတ်နိုင်ကြပါဘူး၊
အောင်မြင်မှုနဲ့ကျရှုံးမှုဟာလည်း
ထိုကဲ့သို့မျိုးပါပဲ။

★ အချစ်ဆိုတာ...
လူတစ်ယောက်ရဲ့အဟွင်းအရှုတ္တာပါပဲ၊
အချစ်နဲ့တွေ့လိုက်ရင်
အရာအားလုံးကို မေ့လျော့သွားလို့သာ
မမှားသင့်ဘဲမှားကြရခြင်းဖြစ်ပါတယ်။

★ လူတွေရဲ့အကြောင်းကိုသိခြင်းဟာ
ဆက်ဆံရေးမှာ ကောင်းမွန်စေပါတယ်၊
မိမိအကြောင်းကို သိပြီဆိုရင်တော့
ရွေးချယ်ရမယ့်လမ်းကို
တွေ့ရပြီလို့မှတ်ယူနိုင်ပါတယ်။

★ အခြားသူ များယွင်းမှုကို
ရဲရဲဝံ့ဝံ့ပြောဆိုဝံ့သူသည်
သတ္တိရှိသောသူဖြစ်သည်၊
မိမိမှားယွင်းမှုများကို
အမှန်တရားအတိုင်းဝန်ခံဝံ့သူကတော့
၍သတ္တိရှိသူဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

✪ ကံကြမ္မာသည် ...
ဘဝတစ်ခုကို ပြုပြင်ပြောင်းလဲရာတွင်
ဆရာတစ်ဆူဖြစ်သော်လည်း
ဘဝတိုးတက်အောင်
ပြုစုပျိုးထောင်ရမည့်သူမှာ
မိမိကိုယ်တိုင်သာဖြစ်သည်။

✪ အောင်မြင်မှုကို အလိုရှိလျှင်
လိုချင်သောအလိုဆန္ဒကို
ပြုစုပျိုးထောင်ပေးပါ၊
တစ်နေ့တွင် သင်လိုချင်သော
အောင်မြင်မှုကို ရစေနိုင်ပါသည်။

✪ ချစ်သူပါးပြင်ပေါ်မှ အနမ်းတစ်ပွင့်သည်
အညင်သာဆုံးဖြစ်သည်၊
သို့သော် ရင်ထဲမှလှုပ်ရှားမှုကတော့
ပြင်းထန်စွာတုန်လှုပ်သွားစေသည်

BURMESE CLASSIC .com

## ဤစာအုပ်၌ ပါဝင်သောအခန်းများ

အခန်း (၁) သရဲအစောင့်ထားသောအင်း
အခန်း (၂) အင်းထဲမှ ကြောက်မက်ဖွယ်ရာဖြစ်ရပ်ဆန်း
အခန်း (၃) အစာလာတောင်းသည့် သရဲ
အခန်း (၄) သံပုချိုင်နှင့်ဆန်းကြယ်သောဆေးကုသမှု
အခန်း (၅) တောနက်ထဲမှအန္တရာယ်
အခန်း (၆) သေမင်းခံတွင်းမှ လွတ်မြောက်လာသူ
အခန်း (၇) ဦးဖန်ကောင်းနှင့်ပယောဂအစွဲများ
အခန်း (၈) တစ်ပွဲစားတစ်ယောက်၏အကြံအစည်
အခန်း (၉) ပရလောကလှည့်စားမှုများ
အခန်း (၁၀) သေမင်းကျော့ကွင်းနှင့်ပဟေဠိဆန်သောည
အခန်း (၁၁) မာယာကျော့ကွင်းသက်ဆင်းရခြင်း
အခန်း (၁၂) မမျှော်လင့်ဘဲရောက်လာသောအန္တရာယ်များ
အခန်း (၁၃) အမှန်တရားဘက်မှရပ်ဝံ့သူများ
အခန်း (၁၄) တောနက်အတွင်းမှထူးဆန်းသောအဘိုးအို
အခန်း (၁၅) မျောက်တစ်ရာမှ နောက်ဆုံးတိုက်ပွဲ
အခန်း (၁၆) နလုံးသားဖြင့် ဖန်ဆင်းအပ်သောအရာ

www.burmeseclassic.com

www.burmeseclassic.com



အခန်း (၁)

## သရဲအစောင့်ထားသောအင်း

မြန်မာနိုင်ငံ၏ တောင်ဘက်ပိုင်းဒေသများတွင် မြစ်ချောင်း အင်းအိုင်များပေါများလှပေသည်။

ပင်လယ်နှင့်ဆက်စပ်လျက်ရှိသောနေရာများမှာ မြစ်ချောင်းများက ပိုမိုများပြားလှသည်။

မြန်မာနိုင်ငံအတွင်း တိုင်းနှင့်ပြည်နယ်ဒေသအ ်းသီးတို့တွင် မြစ်ချောင်းအင်းအိုင်အများဆုံးရှိသောနေရာကို ျပါဆိုလျှင် ဧရာဝတီတိုင်းဒေသကြီးကိုပင် ပြရပေမည်။



BURMESE CLASSIC .com



ဧရာဝတီတိုင်းဒေသကြီးကို မြစ်ဝကျွန်းပေါ်ဒေသ၏ အဓိကအချက်အချာကျသောနေရာကိုပြပါဆိုလျှင် ဧရာဝတီတိုင်းဒေသကြီးကိုပင် ပြရပေမည်။

ဧရာဝတီတိုင်းဒေသကြီး၏ မြေမျက်နှာပြင်အနေအထားကို အပေါ်စီးမှကြည့်ပါက မြစ်ချောင်းများ သွယ်ယှက်နေပုံမှာ ပိုက်ကွန်များရက်ထားသည်နှင့်တူလေသည်။

ပင်လယ်ရေမျက်နှာ ပြင်နှင့်ထိစပ်လျက်ရှိသော ဧရာဝတီတိုင်းဒေသကြီးသည် ပင် လယ်ဒီရေတက်ရာ အရပ်တစ်ခုဖြစ်ပြီး ရှေးအခါက ဒီရေသစ်တောကြီးများ အများဆုံးရှိသော အရပ်ဒေသလည်း ဖြစ်သည်။

ထိုအချိန်က ဗိုက်ကလေး(ဘိုကလေး)၊ မော်ကျွန်း(မော်လမြိုင်ကျွန်း)မြို့နယ်များအောက်ပိုင်းအထိ ပင်လယ်ဒီရေ တက်ရာအရပ်ဒေသဖြစ်ပြီး ဒီရေသစ်တောများလည်းရှိပေသည်။

ဧရာဝတီတိုင်းဒေသကြီးသည် စတုရန်းမိုင်ပေါင်း ၁၃၅၆၇ ကျယ်ဝန်းသောနေရာဖြစ်ပြီး ထက်ဝက်ခန့်မှာ ပင်လယ်ဒီရေတက်သောအရပ်များဖြစ်သည်။

ဧရာဝတီတိုင်းဒေသကြီးနှင့်ပတ်သက်ပြီး ဗဟုသုတအဖြစ် ဖော်ပြရပါလျှင် မြန်မာနိုင်ငံမြေပြန့်ဒေသ၏ တောင်ဘက်ပိုင်း အနောက်တောင့်ယွန်းယွန်း၌ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ရခိုင်ပြည်နယ်ဘက်မှဆင်းသက်လာသော အနောက်ရိုးမတောင်တန်းကြီးက အနောက်ဘက်မှ တံတိုင်းသဖွယ် ကာရံထားလေသည်။

မြောက်ဘက် ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်တို့မှ အစပြုသွယ်တန်းလာခဲ့သော ချင်းတောင်တန်း၊ ရခိုင်ရိုးမဟု အမည်အမျိုးမျိုးဖြင့်ထင်ရှားလာသော အနောက်ရိုးမတောင်တန်းကြီးသည် တောင်ဘက်စွန်းမော်တင်စွန်းစေတီတော်တည်ရှိသော နဂါးရာဇ်အငူ(နေဂရေ့အငူ)အနောက်တွင် တောင်နှာမောင်းဆင်းသွားကာ တဖြည်းဖြည်းနှင့် အဆုံးသတ်သွားလေသည်။ မော်တင်စွန်းစေတီတော် တည်ထားသောကုန်းမြေမှာ တောင်နှာမောင်းအဆုံးသတ်သွားသောနေရာပင်ဖြစ်ပေသည်။

အချို့ကတော့ ထိုနေရာကို 'မြေဆုံး'သောနေရာဟု ခေါ်သည်။

ကချင်ပြည်နယ် မေခ မလိခ မြစ်နှစ်သွယ်ပေါင်းဆုံရာမှ ဖြစ်ပေါ်လာခဲ့သော ဧရာဝတီမြစ်မှာလည်း မြောက်ဘက်မှ တောင်ဘက်သို့ဦးတည်ကာ မြို့ရွာပေါင်းများစွာတို့ကို ကျော်ဖြတ်ခဲ့လေသည်။

မြောက်ဘက်ဖျားမှ တောင်ဘက်ဖျားသို့ မိုင်ပေါင်းများစွာ စီးဆင်းလာခဲ့သော ဧရာဝတီမြစ်ကြီးမှာလည်း ဧရာဝတီတိုင်း



BURMESE CLASSIC .com



ဒေသကြီး၏ တောင်ဘက်စွန်းတွင် ပင်လယ်နှင့်ပေါင်းစပ်ပြီး အဆုံးသတ်သွားလေသည်။

ထို့ကြောင့် ထိုနေရာကို 'ရေဆုံး'ဟုခေါ်ကြသည်။ ရေဆုံးမြေဆုံး ဟူသော ဝေါဟာရမှာ ဧရာဝတီတိုင်းဒေသကြီးကို ရည်ညွှန်းထားသလားဟု ထင်မှတ်ဖွယ်ရာရှိသည်။

ထို့ပြင် ဧရာဝတီတိုင်းဒေသကြီးအတွင်း၌ ဒီပါစာရင်းဝင်စေတီလေးဆူလည်းရှိသည်။

၎င်းတို့မှာ ...

(၁) ငပုတောမြို့နယ် ပျဉ်းမချောင်း၌ရှိသော အတွင်းအလုံဟုခေါ်သည့် ဒီပါရုံစေတီ၊

(၂) ပုသိမ်မြို့နယ် ရွှေတွင်းတုံးဒီပါရုံစေတီ၊

(၃) သာပေါင်းမြို့နယ် တောင်ညိုဒီပါရုံစေတီ၊

(၄) ရေကြည်မြို့နယ် သီတာကုန်းမြေဒီပါရုံစေတီတော်လေးဆူပင်ဖြစ်သည်။

အခြား ဒီပါစာရင်းဝင်စေတီများလည်းရှိသေးရာ အကျယ်သိလိုပါက ကျွန်တော်ရေးသားသော 'အတွင်းဒီပါနယ်မှ ကွယ်ပျောက်နေသည့် ဝိဇ္ဇာဋ္ဌာနီအလုံပြည်'စာအုပ်တွင် ပြည့်စုံစွာ ဖော်ပြပေးထားပါသည်။

သို့ကြောင့် ချစ်သမျှကိုပတ်ပျိုးတွင် ...



www.burmeseclassic.com

www.burmeseclassic.com



ချစ်သမျှကို မြင့်မိုရ်ရွှေတောင်လုံးသာပ ..

လေးဆူဒီပါသီတာရေမြေဆုံးစေတော့ ..

ရေးသားသောစာပိုဒ်မှာ ဧရာဝတီတိုင်းဒေသကြီးနှင့်များစွာ လိုက်ဖက်သောစာဖြစ်ပေသည်။

ဧရာဝတီတိုင်းဒေသကြီးသည် အနောက်ရိုးမတောင်တန်းကဲ့သို့ ရိုးမတောင်တန်းများရှိသကဲ့သို့ နေရာဒေသမရွေး ပိုက်ကွန်ရက်ထားသကဲ့သို့ သွယ်ယှက်နေသော မြစ်ချောင်းများစွာတို့လည်း ပေါများသည်။

ထိုအထဲတွင် ထင်ရှားသောမြစ်များက လည်း သွယ်ယှက်ထားပေသေးသည်။

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ထင်ရှားသောမြစ်များမှာ .. ဝေန်မြစ်ခေါ် ပုသိမ်မြစ်၊ ဒါးကမြစ်၊ ရွှေးမြစ်၊ ပန်းမဝတီ (ပမ္မဝတီ)မြစ်၊ ရာဇူတိုင်မြစ်၊ ဂုံညှင်းတန်းမြစ်၊ ဖျာပုံမြစ်၊ တိုးမြစ်၊ သက်ကယ်သောင်မြစ်၊ ပြန်မလော့မြစ်၊ ပြင်စလူမြစ်၊ သံဒီမြစ်ဝ စသည်တို့ဖြစ်ကြလေသည်။

ထိုမြစ်များအားလုံး၏ အဆုံးသတ်သောနေရာမှာ တောင်ဘက် ကပ္ပလီပင်လယ်ပြင်ဖြစ်သည်။

ရှေးအခါက ပင်လယ်ဒီရေနှင့်သစ်တောများမှာ ဧရာဝတီတိုင်းဒေသကြီး ထက်ဝက်ခန့်နေရာယူထားခဲ့ကြပေသည်။





ပုသိမ်၊ မြောင်းမြ၊ မော်ကျွန်း၊ ဘိုကလေး၊ ဖျာပုံ၊ လပွတ္တာ အောက်ပိုင်းဒေသများမှာ သစ်တောကြီးများ ဖုံးလွှမ်းထားလေသည်။

အင်္ဂလိပ်များ သိမ်းပိုက်ထားသောကာလက ထိုသစ်တောကြီးများကို ကန့်သတ်သစ်တောများအဖြစ် 'သစ်တောကြိုးဝိုင်း' ဟု သတ်မှတ်ပေးခဲ့ကြသည်။

ထိုအချိန်က ထင်ရှားခဲ့သောကြိုးဝိုင်းသစ်တောများမှာ ပြင်ဒရယ်ကြိုးဝိုင်း၊ ပြင်စလူကြိုးဝိုင်း၊ ကဒုံကနီသစ်တောကြိုးဝိုင်း၊ ဗန္ဓုလကြိုးဝိုင်း စသော ကြိုးဝိုင်းကြီးများအပြင် အခြား အမည်အမျိုးမျိုးနှင့်ရှိသော ကြိုးဝိုင်းငယ်ကလေးများလည်းရှိပေသည်။

ရှေးအခါက ထိုသစ်တောများမှာ အသုံးဝင်သောသစ်ပင်များစွာတို့ရှိကြလေသည်။

တောင်တန်းတောင်ကြောများပေါ်မှာ အများအားဖြင့် ဝါးတောများစွာတို့ပေါက်ရောက်ပြီး သစ်ကြီးများအနေနှင့် အင်၊ ကညင်၊ တောင်သရက် စသော သစ်ပင်ကြီးများပေါက်လေသည်။

ပင်လယ်ပိုင်းသစ်တောများမှာတော့ အဓိကပေါက်သော သစ်ပင်ကြီးမျိုးမှာ ကနစိုပင်ကြီးများပင်ဖြစ်သည်။

ထို့ကြောင့် ကနစိုသစ်တော၊ ကနစိုထင်းတောဟု ခေါ်သော်



www.burmeseclassic.com

www.burmeseclassic.com



ကြသည်။

ပင်လယ်ပိုင်းဒေသမှာ အများဆုံးတွေ့နိုင်သောသစ်ပင်များမှာ လမုပင်၊ လဗပင်၊ ဗျူးပင်(ဗျူးပင်မှာ အမည်အမျိုးမျိုး၊ အမျိုးအစား များစွာရှိသည်)ကန့်ကလာပင်၊ သမဲ့ပင်၊ သရောပင်၊ သင်ပေါင်းပင်၊ ကနစိုပင်၊ ကျွန်ပင်၊ မဒမပင်၊ မြင်းကပင် များစွာတို့ ပေါက်ရောက်ကြသည်။

လမုပင်နှင့်ဗျူးပင်တောများက ရေစပ်လတာပြင်တစ်လျှောက်မှာ ပေါက်ကြပြီး အခြားသစ်တောများက ကမ်းပေါ်မှာပေါက်ကြသည်။

မဒမတော မြင်းကပင်တောများကတော့ ကုန်းတွင်းပိုင်းမှာသာ ဗျိုက်တောအဖြစ်ပေါက်ကြသည်။

ရှေးက မီးသွေးဖုတ်ရာတွင် အသုံးပြုသော သစ်သားမှာ မြင်းကသားဖြစ်သည်။

မြင်းကမီးသွေးဆိုလျှင် နာမည်ကျော်လူကြိုက်များလှသောကြောင့် မီးသွေးဖိုများ အပြိုင်အဆိုင်ထောင်ပြီး မီးသွေးဖုတ်ကြရာ နောက်ဆုံး မြင်းကတောများ ပြုတ်ပြုတ်ပြုန်းသွားကြရတော့သည်။

ရှေးအခါက ထမင်းဟင်းချက်ပြုတ်ကြရာမှာ အဓိကထင်းကိုသာ အသုံးပြုကြရာမှာ ထင်းပွဲရုံများ၊ ထင်းအရောင်းအဝယ်





လုပ်ငန်းများတွင်ကျယ်ခဲ့သည်။

ထင်းအဖြစ်အသုံးပြုရာမှာ ကနစိုသစ်သည် အကောင်းဆုံးဖြစ်သောကြောင့် ခုတ်ယူအသုံးပြုခဲ့ကြသည်။

နောက်ဆုံးတော့ ကနစိုသစ်များ ပြုန်းတီးသွားရလေသည်။ ရှေးအခါက ဒီရေတောများ၊ သစ်တောများက အကာအကွယ်ပေးထားသောကြောင့် ရေကြီးခြင်း၊ မိုးခေါင်ခြင်း၊ ဒီရေလှိုင်းများ ဖုံးအုပ်ခြင်း၊ မုန်တိုင်းဒဏ်ခံရခြင်းမျိုး မရှိခဲ့ကြပေ၊ မကြုံခဲ့ဖူးကြပေ။

ယခု ဒီရေတောများ မရှိတော့ပေ။

မရှိတာမှ နည်းနည်းနောနောမရှိခဲ့သည်မဟုတ်ပေ။

ယခုက ဘိုကလေး၊ မော်ကျွန်း စသောနေရာလောက်အထိ ရောက်နေသော ဒီရေသစ်တောများ မရှိပေ။ အနည်းငယ်မျှပင် မကျန်တော့ပေ။

ကဒုံ၊ ဇရာ၊ အမာ စသော ပင်လယ်ကမ်းစပ်မှာရှိသော မြို့များအထိ သစ်တောများ မရှိတော့ပေ။ ကြည့်လေရာ လယ်ကွင်းများဖြစ်နေကြပြီ။

မိန်းမလှကျွန်းပေါ်မှာ ကန့်သတ်ကြိုးဝိုင်းအဖြစ် သတ်မှတ်ထား ဒီရေတော ပြန်စိုက်နေကြသည်။

ယခင်ကကဲ့သို့ ညို့မှိုင်းနေသော သစ်ပင်တောများအဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ရောက်ဖို့ နှစ်ပေါင်းသုံးလေးဆယ် ထပ်စောင့်ကြရပေလိမ့်ဦးမည်။

ထိုသစ်တောများမဖြစ်ထွန်းခင် မှန်တိုင်းဒဏ်၊ ရာသီဥတုဆိုးရွားသောဒဏ်များကို အလူးအလဲခံကြရပေဦးမည်။ အဘယ်ကြောင့်ဆိုသော် ...

ဖျိုးထောင်စိုက်ပျိုးမှုများရှိသလို သစ်ပင်များ အရွယ်မရောက်ခင်ကတည်းက သစ်ပင်ခုတ်ရန် ဓားသွေးပြီး အဆင်သင့်စောင့်နေသူများက အများအပြားဖြစ်နေသောကြောင့်ပင်ဖြစ်၏။

ယခင်က သစ်တောများရှိသောနေရာများတွင် လယ်ကွင်းများမရှိခဲ့ကြပေ။

သို့စေကာမူ ရာသီဥတုကောင်းမွန်မှန်ကန်သောကြောင့် စပါးအထွက်ကောင်းခဲ့ကြသည်။

ယခု သစ်တောများအစား လယ်ကွင်းများတိုးလာလေသည်။

သို့စေကာမူ ရာသီဥတုဖောက်ပြန်ပျက်စီးနေသောကြောင့် စပါးအထွက်ကတော့ ယခင်ကလောက်ပင် မကောင်းတော့ပေ။

ယခင်က သစ်တောနေရာများမှာ လယ်မြေရိုင်းများ ရနိုင်သမျှဖော်ထုတ်ပြီး ဆန်စပါးအထွက်တိုးရန်ကြိုးပမ်းကြရမည်ဟူသော ခံယူချက်ဖြင့် သစ်တောများအား ကျူပင်ခုတ် ကျူငုတ်မကျန်စေရန် ခုတ်ထွင်ဖျက်ဆီးပစ်ခဲ့ကြသောဒဏ်ကို ယခု





လည်စင်းပြီးခံနေကြရပြီဖြစ်၏။

ဆန်စပါး အထွက်မတိုးဘဲ နာဂစ်မုန်တိုင်းကဲ့သို့ ပြင်းထန်သောရာသီဥတုတို့၏ နှိပ်စက်မှုကို ရင်စည်းခံနေကြရပြီဖြစ်၏။

သစ်တောတွေကို ခုတ်ထွင်ရှင်းလင်းပြီး လယ်ယာမြေတွေတိုးကြဟုပြောသူတွေက မြို့ပေါ်မှာနေသောကြောင့် အထိမနာကြ။

တောဆင်းပြီး လယ်မြေတိုးသူတွေသာ ရာပေါင်း၊ ထောင်ပေါင်းများစွာ အသက်သေဆုံးခဲ့ကြရသည်။

သစ်တောတွေခုတ်ဖို့ စေခိုင်းသူတွေမှာ အပြစ်ရှိလေသလား၊

ဒါမှမဟုတ် လက်တွေ့ဆင်းခုတ်သူတွေမှာ အပြစ်ရှိလေသလားတော့ ကျွန်တော်တို့လည်း မသိတော့ပေ။

ဒါတွေ ထားပါတော့ ...၊

ကျွန်တော် ထိုသစ်တောများ အညွန့်တလူလူဖြင့် လူတိုးမပေါက်အောင်ကောင်းစားစဉ်အချိန်ကို ကောင်းစွာသိမီလိုက်သူဖြစ်သောကြောင့် လွမ်းဆွတ်သတိရနေမှုများဖြင့် ယခုကဲ့သို့ ရေးနေခြင်းဖြစ်ပေသည်။

တစ်ခုပဲရှိသည် ...၊

ယခုကာလရောက်မှ ပြင်ဒရယ်သစ်တော၊ ဒီရေတောများအကြောင်းကို နောက်ခံထားပြီးရေးသားချင်သူများအဖို့ ကိုယ်တိုင်ကိုယ်ကျသွားရောက်လေ့လာမည်ဆိုပါက သစ်တောမဆို



www.burmeseclassic.com

www.burmeseclassic.com



ထားနှင့် သစ်ပင်ကိုပင်မြင်ရတော့မည်မဟုတ်ပေ။

ယခုရေးသားမည့်ဇာတ်လမ်းဖြစ်ပေါ်ခဲ့သောအချိန်ကာလ မှာ ၁၉၅၀ (၁၃၁၁ ခုနှစ်)နှစ်ဝန်းကျင်အချိန်လောက်ကပင် ဖြစ်၏။

ထိုအချိန်က. မြန်မာပြည်လွတ်လပ်ရေးရပြီးကာစအချိန် ဖြစ်ပြီး အောက်ပိုင်းဒေသများမှာ သစ်တောကြီးများ ကောင်းစား နေစဉ်ပင်ရှိသေးပြီး ရောင်စုံသူပုန်များခိုအောင်းရာနေရာလည်း ဖြစ်ခဲ့လေသည်။

ဟိုးယခင်က သစ်တောများရှိသောနေရာတွင် လူမနေဝံ့ သော်လည်း အင်္ဂလိပ်များ အုပ်ချုပ်မှုကင်းမဲ့သွားပြီးနောက်ပိုင်း တွင် သစ်တောများကို တာဝန်ယူမည့်သူ မရှိတော့သဖြင့် အချို့ နေရာများမှာ အချင်းချင်းစုပေါင်းပြီး ရွာငယ်ကလေးများ ထူ ထောင်ခါစ ကာလလည်း ဖြစ်ပေသည်။

ဘိုကလေးမြို့အောက်ပိုင်း ဘိုကလေးမြစ်၏အရှေ့ဘက် ကမ်းတွင် ရွာစုကလေးများ တဖြည်းဖြည်းတိုးလာသော်လည်း ဘိုကလေးမြစ်အနောက်ဘက်၌ရှိသော ကျွန်းညိုကြီးပေါ်မှာ တော့ သစ်တောများရှိနေသေးသည်။

သကန်မြစ်အတွင်းပိုင်းတွင် တောစပ်နှင့်ထိပြီး တည်ထား သောရွာတစ်ရွာရှိသည်။

'သံပချိုင်ရွာ'ဟုပင်ခေါ်ကြသည်။





အဘယ်ကြောင့်ဆိုသော် ထိုရွာကို စတင်အခြေချပြီး ထူ ထောင်ခဲ့သူမှာ 'သံပချိုင်'ဆိုသော လူတစ်ယောက် ဖြစ်ပြီး ၎င်း အမည်နှင့်ပင်ရွာအမည်ကိုခေါ်ဝေါ်အသုံးပြုခဲ့ကြသည်။

ရွာမှာ အိမ်ခြေငါးဆယ်ကျော်ခန့်ရှိပြီး အောက်ပိုင်းဒေသ တွင် စည်ကားသောရွာကြီးတစ်ရွာဟုဆိုရပေမည်။ ဘိုကလေး မြို့နှင့် မဝေးလှသလို အခြားရွာများနှင့်လည်း သွားလာရေး လွယ်ကူသည်။

ထိုရွာမှာနေကြသူများမှာ လယ်လုပ်သူများ၊ အုန်း၊ ငှက် ပျော၊ ကွမ်းသီး၊ ဓနိခြံ စိုက်ပျိုးသူများ ...၊

အမဲလိုက်သူများနှင့် သားငါးရှာသူများ အများစု နေကြ လေသည်။

ထိုအရပ်ဒေသမှာ ရေငန်ဒီရေတက်ရာအရပ်ဖြစ်သကဲ့သို့ ရေချိုရေငန်စပ်ဖြစ်သောကြောင့် ငါး၊ ပုစွန်ပေါများလှသော အရပ်ဖြစ်သည်။

ငါး၊ ပုစွန် ရှာဖွေဖမ်းဆီးသူတို့မှာ အထိအမိများကြလေ သည်။

ရွာအနောက်ဘက်လယ်ကွင်းများမှာ သကန်မြစ်မှခွဲတက် လာသောချောင်းရိုးကလေးများရှိကြပြီး နွေရာသီရောက်လျှင် တမံတုတ်ပြီး ငါးဖမ်းကြသည်။



www.burmeseclassic.com

www.burmeseclassic.com



သံပချိုင်ရွာနှင့် အတန်ငယ်ဝေးသောသစ်တောရ် တစ်နေရာမှာ ချောင်းကျယ်ကြီးတစ်ခုရှိသည်။

ငှင်းချောင်းမှာ ရွာကို စတင်တည်ထောင်ခဲ့သည့် သံပချိုင်ပိုင်သောချောင်းဖြစ်ပြီး တမံတုပ်ကာ အင်းအဖြစ်ပြုလုပ်ထားသည်။

ထိုအင်းကို 'သံပချိုင်အင်း'ဟုခေါ်ကြသည်။

သံပချိုင်အင်းမှာ ချောင်းအလျားရှည်သလောက် အတော်ကျယ်ဝန်းလေသည်။

မိုးရာသီကုန်ပြီး ငါးဖမ်းချိန်ရောက်သောအခါ ငါးပုစွန်ပိသာချိန် မြောက်မြားစွာရရှိသောအင်းပင်ဖြစ်ပေသည်။

ထိုအင်းစပ်တစ်လျှောက်တွင် သံပြားချပ်ပေါ်မှာ သဘော်ဆေးအနက်ရောင်ဖြင့်ရေးထားသောဆိုင်းဘုတ်အချို့ရှိသည်။

"သတိ ငါးခိုးမဖမ်းရ၊

ငါးဖမ်း၍သေလျှင် တာဝန်မယူပါ၊

ထိုအင်းထဲတွင် သရဲအစောင့်ရှိသည်"

ဟူသော ဆိုင်းဘုတ်များဖြစ်သည်။

ထိုဆိုင်းဘုတ်များရေးထားသောကြောင့် အချို့လည်း ငါးမခိုးဝံ့ကြပေ။

အချို့ကလည်း အယုံအကြည်မရှိပေ။





သို့ကြောင့် ရှေ့ပိုင်းကာလများတွင် အရဲစွန့်ပြီး ငါးဖမ်းကြသူများရှိသည်။

ထိုကဲ့သို့ ဝင်ရောက်ငါးခိုးသူများမှာ မိမိအိမ်ပင်မရောက်ဘဲ လမ်းမှာတင် အန္တရာယ်တစ်စုံတစ်ခုနှင့် အသက်သေကြရသည်။

ရှေ့အခန်းများတွင် 'သံပချိုင်အင်း'နှင့်ပတ်သက်သည့် ဆန်းကြယ်သောအဖြစ်အပျက်အချို့ကို ရေးသားဖော်ပြပေးပါမည်။

✸ ✸ ✸



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၂)

## အင်းထဲမှကြောက်မက်ဖွယ်ရာဖြစ်ရပ်ဆန်း

ညဦးပိုင်းကတည်းက တဖွဲဖွဲရွာသွန်းနေသောမိုးမှာ မစဲသေးပေ။

အတန်ငယ် ညဥ့်နက်လာသောအချိန်တွင် မိုးရိပ်များက မည်းမှောင်နေဆဲပင်ရှိသေး၏။

လရောင်ရှိသော်လည်း လင်းတစ်လှည့် မှောင်တစ်ခါ ဖြစ်နေသေးသည်။

ယခုလို ညဦးပိုင်း မိုးတဖွဲဖွဲရွာသွန်းနေသောအချိန်မျိုးတွင်





တော်ရုံလူတို့ အပြင်မထွက်ချင်ကြသော်လည်း သားငါးပုစွန်ရှာ ဖွေသူများကတော့ ထိုအချိန်မျိုးမှထွက်ပြီး ရှာဖွေကြရသည်။

အဘယ်ကြောင့်ဆိုသော် ရေထဦးရက်လည်းဖြစ်၊ ယခုကဲ့သို့ ညဦးပိုင်းအချိန်မျိုးမှာ မိုးတဖွဲဖွဲရွာသွန်းနေခိုက်တွင် ငါးပုစွန်ရှာဖွေပါက အရအမိများသောကြောင့် ဖြစ်သည်။

ထိုအချိန်တွင် သံပချိုင်အင်းအဖျားဘက်သို့ လူသုံးယောက်ဆင်းလာကြသည်။

ထိုချောင်းဖျားတစ်ဝိုက်မှာ သစ်ပင်ကြီးများရှိသောကြောင့် အမှောင်ရိပ် ပိုများသည်။

ချောင်းကမ်းစပ်တစ်လျှောက်မှာလည်း ကိုင်းတော၊ ခနိတောများရှိသည်။

ကမ်းစပ်သို့ရောက်အောင်ဆင်းမည်ဆိုပါက ထိုကိုင်းတော၊ ခနိတောများအတွင်းမှ ဖြတ်ဆင်းကြရသည်။ ထိုလူသုံးယောက်မှာ ငါးရှာဖွေရန် ဆင်းလာကြခြင်းဖြစ်ပေသည်။

၎င်းတို့သုံးယောက်မှာ သံပချိုင် ရွာသားများတော့မဟုတ်ကြပေ။

ထိုရွာနှင့်မဝေးလှသောနေရာမှာရှိသည့် သဘော့ရိုးချောင်းနှင့် ဖလန်ခုန်ရွာသားများဖြစ်ကြသည်။

ထိုသုံးယောက်မှာ စံတွန်း၊ ငစော၊ ကံလှတို့သုံးယောက်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ပြီး စံထွန်းနှင့်ငတောက သဘောရိုးချောင်းမှဖြစ်ပြီး ကံလှက ဖလန်ခုန်ရွာမှဖြစ်သည်။

၎င်းတို့သုံးယောက်မှာ သံပချိုင်အင်းထဲမှာ ငါးခိုးဖမ်းရန် လာကြခြင်းဖြစ်သည်။

သုံးယောက်စလုံး အရက်သောက်ထားကြပြီး ဓား၊ မှိန်း၊ မီးအုပ်ဆောင်း၊ ပိုက်ကွန်၊ ငါးပုစွန် ထည့်ရန် ပလိုင်း စသည်တို့ ပါလာကြသည်။

သုံးယောက်သား မီးအုပ်ဆောင်းမီးရောင်ကိုအသုံးပြုပြီး ကိုင်းတောအတွင်းမှ ကမ်းစပ်ရောက်အောင်ဖြတ်ဆင်းကြလေသည်။

ယခုလိုအချိန်မျိုးမှာ ကိုင်းတောအတွင်းမှဖြတ်သွားရသည့်အခါ ကြောက်စရာအကောင်းဆုံးမှာ မြွေဆိုးအန္တရာယ်ပင်ဖြစ်၏။

ထိုဒေသတွင် အပေါဆုံးမှာ အဆိပ်ပြင်းသောမြွေပွေး၊ မြွေဟောက်များ ပေါလှပေရာ များစွာသတိထားကြရသည်။

ထိုမြွေများထိမိပါက ဆေးဝါးမရှိသောကျေးလက်တောရွာများမှာ အသက်သေဆုံးရသည်က များသည်။

"ငါတော့ ဒီနေရာကို မင်းတို့ခေါ်လို့သာလိုက်ခဲ့ရတယ်၊ စိတ်ထဲကတော့ ခပ်လန့်လန့်ပဲ"





စံထွန်း က ပြောသည်။

"ဘာဖြစ်လို့ လန့်တာပဲ"

"သံပချိုင်အင်းဆိုတာ နာမည်ကြီးပဲ၊ သရဲအစောင့်ထားတယ် ဆိုလား၊ မင်းတို့ မကြားမိဘူးလား"

"တကယ်လို့ သရဲရှိတော့ရော ကြောက်စရာလား၊ ငါတို့က သရဲကြောက်တတ်တာမှမဟုတ်တာ"

"သံပချိုင် ဆိုတဲ့လူကြီးက တစ်ပွဲစားဖြစ်နေတယ်ဆိုလားပဲ၊ တကယ်လို့ သူနဲ့တွေ့ရင် ဘယ်လိုလုပ်မလဲ"

"ဓားလုံ့တွေပါတာပဲ ခုတ်မှာပေါ့"

"သရဲနဲ့တွေ့ရင်ကော ဘာလုပ်မလဲ"

"ငါတို့က အဲဒါတွေ သိပ်မယုံဘူး၊ သရဲနဲ့တွေ့တော့လည်း သူ ခြောက်စရာရှိတာခြောက်ပေစေပေါ့၊ ငါတို့ကလည်း ငါးဖမ်းတဲ့အလုပ်လုပ်ကြရုံပဲပေါ့"

သူတို့သုံးယောက်ထဲမှ ငတော က နာမည်နှင့်လိုက်အောင် တေတောပေပေနေသူဖြစ်သည်။

လူမိုက်ငတောဟုနာမည်ကြီးလောက်အောင် မိုက်ဝံ့သူလည်းဖြစ်သည်။

လူသတ်မှုးသည်ဟု နာမည်ရှိုးသောကြောင့် တော်ရုံလူက မစဝံ့ကြပေ။



www.burmeseclassic.com

www.burmeseclassic.com



ယခုလည်း အခြားသူများ ငါးမခိုးဝံ့သော သံပချိုင်းအင်း၌ ငါးဖမ်းရန်အတွက် ၎င်းကပင် ဦးဆောင်ပြီး ကျန်နှစ်ယောက်ကို အဖော်ခေါ်လာခဲ့ခြင်းဖြစ်သည်။

ကျန်နှစ်ယောက်ကလည်း အခြားနေရာများ၌ ရှာဖွေခြင်းထက် ငါးပုစွန်ပေါများသောအင်းထဲတွင်ရှာဖွေပါက များများ ရနိုင်မည်ဟု ယူဆသောကြောင့် ယခုကဲ့သို့ အရဲစွန့်ကာ လိုက်လာကြခြင်းဖြစ်သည်။

"မင်းတို့ အခုအချိန်မှာ တခြားဘာမှကြောက်မနေကြနဲ့၊ အခု လောလောဆယ် ကြောက်ရမှာ သတိထားရမှာက မြွေဆိုးပဲ၊ ကိုင်း တောထဲမှာ မြွေဆိုးပေါတယ်၊ သတိထားကြ"

ဟု သတိပေးလိုက်သဖြင့် ကျန်နှစ်ယောက်က မီးအုပ်ဆောင်း မှမီးရောင်ဖြင့် ကိုင်းတောအောက်ခြေကို ကြည့်ကြရသည်။ ကိုင်းတောအောက်ခြေမှာ ရေအနည်းငယ်ရှိသည်။

သို့ကြောင့် ကျွတ်နှင့်မြွေအန္တရာယ်ကိုလည်း သတိထားရသေးသည်။

ကိုင်းတောထဲမှာ မြွေအလွန်ပေါသည်။

ရေငန်အရပ်မှာရှိသောကျွဲမြွေကြီးများမှာ ခြေမလက်မခန့် ရှိသည်။

စုပ်ခွက်လည်းကြီးသောကြောင့် တွယ်မိလျှင် မကွာတော့





ပေ။ သွေးဝမှ သူ့အလိုလိုကွာကျသွားသည်။

မြွေကြောက်သူများတွယ်မိပါက ခွာချ၍မရသောကြောင့် သတိမေ့လောက်သည်အထိ ဖြစ်ကြသည်။

မြွေကြောင့် အသက်သေဆုံးရသောအဖြစ်အပျက်အချို့ ရှိရာ ရွှံ့အခန်းများတွင် အလျဉ်းသင့်ပါက ထည့်သွင်းရေးသားပါမည်။

သုံးယောက်သား စကားတပြောပြောနှင့် ကိုင်းတော အတွင်းမှဖြတ်လာကြရာ အတန်ကြာသောအခါ ကမ်းစပ်သို့ ရောက်လာကြသည်။

ကမ်းခြေတစ်လျှောက်မှာတော့ မြက်တောအချို့သာရှိလေသည်။

ထိုနေရာရောက်တော့ ကမ်းစပ်မှာထောင်ထားသော ဆိုင်းဘုတ်တစ်ခုကိုတွေ့ရသဖြင့် မီးရောင်ဖြင့် ထိုးကြည့်လိုက်ကြသည်။

"သတိ ငါးခိုးမဖမ်းရ၊

ငါးဖမ်း၍သေလျှင် တာဝန်မယူပါ၊

ထိုအင်းထဲတွင် သရဲအစောင့်ရှိသည်"

ဟု ရေးထားလေသည်။

"အလကားပါကွာ၊ လူတွေကြောက်လန့်အောင်လို့ အမင်



www.burmeseclassic.com

www.burmeseclassic.com



ရေးထားတာနေမှာပါ”

ဟု ငတေ က ပြောသည်။

“ဟုတ်ပါ့မလား၊ ဒီအင်းထဲ ငါခိုးဖမ်းတဲ့လူတွေမှန်သမျှ အိမ် ရောက်တာနဲ့ သေတယ်လို့သတင်းကြားတယ်”

“ကြောက်စရာမလိုပါဘူးကွာ.. ငါပါတာပဲ၊ ဘယ်လိုအရေး အကြောင်းနဲ့ပဲတွေ့တွေ့ ငါ ရှေ့ကရင်ဆိုင်မယ်”

ဟု ငတေ က ပြောသည်။

ထို့နောက် ကွန်ပစ်ရန် ချက်ကောင်းသောနေရာရွေးပြီး ကွန် ပစ်ကြသည်။

၎င်းတို့ယူလာသောကွန်မှာ ကိုးတောင်ခန့်အလျားရှိပြီး ခဲ အလေးချိန်ကလည်းကောင်းသည်၊ တော်ရုံငါးရှိရုံနှင့် ငါးရနိုင် သောကွန်ဖြစ်သည်။

ကွန်ပစ်သည့်တာဝန်ကို ကံလှ က တာဝန်ယူသည်။ ကံလှ က ကွန်ပစ်ကောင်းသူဖြစ်သည်။

၁၂ တောင်ကွန်ကို ဖူးချာပွင့်အောင်ပစ်နိုင်သူဖြစ်သည်။ ကံလှ ကွန်ပစ်သောအခါ ကျန်နှစ်ယောက်က နံဘေးနားမှ မီးအုပ် ဆောင်းနှင့်မီးထိုးပြသည်။

ဒီလောက်ငါးပေါသောအင်းထဲမှာ ကွန်ပစ်ကြသော်လည်း ဖြစ်လောက်အောင်မရကြသေး။





ကကတစ်၊ ငါးရံ့၊ ငါးခူ စသောငါးများ မရသေးဘဲ ငါးခုံးမ ကဲ့သို့ ငါးနုပ်ငါးဖွဲကလေးများသာရသည်။ ကွန်ထဲမှာ ပုစွန်တုပ် မပါဘဲ ပုစွန်ဆိတ်ကလေးများသာပါလာသည်။

ကွန်ဆွဲတင်ပြီး မီးရောင်နှင့်ကြည့်လျှင် ပုစွန်ဆိတ်ကလေး များ တဆတ်ဆတ်ခုန်နေသည်ကိုကြည့်ပြီး ကံလှစိတ်ထဲမှာ မချင့် မရဲဖြစ်သွားလေသည်။

“ဘယ်လိုဖြစ်တာလဲ”

“ဒီနေရာမှာ ငါးမရှိလို့ဖြစ်မယ်ထင်တယ်၊ ချောင်းဖျားဘက် တက်ကြည့်ကြရအောင်”

ဟုပြောပြီး ချောင်းဖျားဘက်သို့တက်ခဲ့ကြသည်။ ထိုနေရာ တစ်ဝိုက်မှာလည်း ကမ်းစပ်တွင် ဓနိတောနှင့်ကိုင်းတောများ ထူ ထပ်စွာရှိနေသည်။

ကိုင်းတောအတွင်းမှဖြတ်လျှောက်လာသော လူသုံးယောက် မှာ လောလောဆယ် ငါးမရသေးသော်လည်း ခြင်ကိုက်သော ဒဏ်နှင့် မြွေဟောက်တွယ်သောဒဏ်ကိုတော့ အလူးအလဲခံကြရသည်။

ကိုင်းတောတစ်ခုမှထွက်လိုက်သောအခါ ကမ်းစပ်မှာထိုင် နေသည့် မည်းမည်းသဏ္ဌာန်ကို လှမ်းမြင်ရသည်။ သို့ကြောင့် ခြေလှမ်းတုံ့သွားကြသည်။

ပထမတော့ သားရဲခြောက်သည်ဟုထင်လိုက်မိကြသည်။



www.burmeseclassic.com

www.burmeseclassic.com



အသေအချာကြည့်တော့မှ မဟုတ်ဘဲ ကမ်းစပ်မှာထိုင်ပြီး ငါးမျှားနေသောလူတစ်ယောက်ဖြစ်မှန်း သိရသည်။

ထိုလူက ချောင်းဘက်သို့မျက်နှာမူထားသောကြောင့် မည်သူမည်ဝါမှန်းတော့ မသိရပေ။

"ဟိုမှာ လူတစ်ယောက် ငါးမျှားနေတယ်၊ သံပချိုင်များ ဖြစ် နေမလား"

"သံပချိုင် သူပိုင်တဲ့အင်းထဲမှာ အခုလို အချိန်မတော်ကြီးမှာ ငါးထိုင်မျှားနေပါ့မလား၊ ငါတို့လို ငါခိုးတဲ့လူဖြစ်မှာပေါ့"

သူတို့သုံးယောက် နောက်ဘက်မှာရောက်နေကြသော်လည်း ထိုလူက တစ်ချက်ကလေးမှလှည့်မကြည့်ဘဲ သူ့အလုပ်ကိုသာ ဆက်လုပ်နေသည်။

"ငါ ရရဲ့လားဗျ"

"ရပါတယ်"

ငတေ က အခြေအနေကိုသိလိုသဖြင့် လှမ်းမေးလိုက်တော့ ထိုလူက အသံသြသြကြီးဖြင့် ပြန်ပြောသည်။

ထိုအချိန်မှာပင် ထိုလူမျှားနေသောငါးမျှားမှာ ငါးမိသောကြောင့် သုတ်တင်လိုက်သည်။

ငါးမျှားချိတ်တွင် ငါးရံ့တစ်ကောင်ပါလာသည်။

"တယ်ဟုတ်ပါလား"





ဟု သုံးယောက်သား တွေးလိုက်သည်။

ထိုလူက သူတို့ကို တစ်ချက်ကလေးမှလှည့်မကြည့်ဘဲ ချိတ် မှာမိနေသောငါးကိုဖြုတ်ယူလိုက်သည်။

ပြီးလျှင် အရှင်လတ်လတ် ဒီအတိုင်းကိုက်စားနေသည်။ ထို အခြေအနေကိုမြင်မှ သုံးယောက်သား မျက်လုံးပြူးသွားလေသည်။

ထိုလူက ငါးတစ်ကောင်လုံးကုန်အောင် ကိုက်ဖဲ့စားသောက်ပြီး ခေါင်းချည်းကျန်တော့မှ နောက်ဘက်သို့ပစ်လိုက်လေသည်။

ငါးရံ့ခေါင်းပြတ်ကြီးက သူတို့သုံးယောက်ရှေ့သို့ 'ဘုတ်' ခနဲကျလာသည်။

မီးရောင်ဖြင့်ကြည့်လိုက်တော့ ငါးရံ့ခေါင်းပြတ်က မသေသေးဘဲ မျက်လုံးပြူးပြူးနှင့် သူတို့ကိုမော့ကြည့်နေသေးသည်။

ထိုသို့မော့ကြည့်ပြီးမှ အသက်ရှင်နေသောငါးတစ်ကောင်ကဲ့သို့ လူးကာလွန့်ကာနှင့် ရေထဲပြန်ဆင်းသွားလေသည်။ ထိုအခါမှ စောစောက ငါးမျှားနေသူကိုလှမ်းကြည့်လိုက်သောအခါ ထိုနေရာမှာ မရှိတော့ပေ။

"သရဲခြောက်တာထင်တယ်"

စံထွန်း က အသံကတုန်ကယင်ဖြင့်ပြောသည်။

"သရဲခြောက်နေတာမြင်နေရက်နဲ့ ထင်နေရသေးလားကွာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုလုပ်ကြမလဲ"

"သူ့ဘာသာခြောက်တာပဲ ဘာဖြစ်သလဲ၊ ငါးရမှပြန်မယ်၊ ကံလှ ပစ်ကွာ"

ဟု ပြောလိုက်သဖြင့် ကံလှလည်း ထွေထွေထူးထူးစဉ်းစားမနေတော့ဘဲ ကွန်ပစ်ချလိုက်သည်။

ဒီတစ်ခါတော့ သူတို့ ကံကောင်းသည်ဟု ဆိုရပေမည်။ ကွန်ကျသွားသည်နှင့် အတော်ကြီးသောငါး မိနေဟန်ဖြင့် ဖူးချာကြိုးလှုပ်နေသည်။

"မိနေပြီ .. အတော်ကြီးတယ်"

"ဂရုစိုက်ပြီးဆွဲတင်"

ကံလှ က ကွန်ကို ဖြည်းဖြည်းချင်းဆွဲတင်နေသည်။ ထိုသို့ ဆွဲတင်နေစဉ်မှာ ကွန်က ရေအောက်မှ တစ်စုံတစ်ခုနှင့်ငြိသွားသောကြောင့် ဆက်ပြီးဆွဲတင်၍မရတော့ပေ။

"ကွန်ငြိနေပြီ"

"ဘယ်လိုလုပ်မလဲ"

"ရေထဲဆင်းဖြုတ်မှရမယ်"

"စံထွန်း မင်း ဆင်းဖြုတ်ကွာ"

"ငါ မဆင်းဝံ့ဘူး"

စံထွန်း အကြောက်အကန်ငြင်းသည်။





"ယောက်ျားဖြစ်ပြီး သတ္တိနည်းလိုက်တာကွာ၊ မင်း မဆင်းဝံ့ရင် ငါပဲဆင်းမယ်"

ဟု ပြောပြီး ဓားမြှောင်ကို ခါးမှာထိုးပြီး ငတေ က ရေထဲဆင်းသွားလေသည်။

ထို့နောက် ရေအောက်ငုပ်သွားလေသည်။

ကျန်နှစ်ယောက်က မီးရောင်ဖြင့်ထိုးပြီးကြည့်နေကြသည်။ အတန်ကြာတော့မှ ငတေ ပြန်ပေါ်လာသည်။

"မှူး .. ပြုတ်သွားပြီ .. ဆွဲတင်တော့"

ဟု ပြောသဖြင့် ကံလှ က ကွန်ကိုဆွဲတင်လေသည်။

ကွန် အပေါ်ရောက်လာသောအခါ မီးရောင်ဖြင့်ကြည့်လိုက်ကြသည်။

ကွန်ထဲမှာ ငါးတော့မိနေသည်။

စောစောက ရေထဲပြန်ဆင်းသွားသောငါးရဲ့ခေါင်းပြတ်ကြီးပင်ဖြစ်သောကြောင့် မျက်လုံးပြူးသွားကြသည်။

ငါးရဲ့ခေါင်းပြတ်ကြီး စောစောကအတိုင်း မျက်လုံးအပြူးသားဖြင့် သူတို့ကို မော့ကြည့်နေသည်။

ထိုအချိန်မှ ငတေ ရေထဲမှ ပြန်တက်လာသည်။

"အခြေအနေ ဘယ်လိုလဲ၊ အတော်ကြီးသလား"

"ကြီးတယ်၊ ဒါပေမယ့် .. ဟာ ..."



www.burmeseclassic.com

www.burmeseclassic.com



စံထွန်းနှင့် ကံလှ နှစ်ယောက်စလုံး မျက်လုံးပြူးသွားကြလေသည်။

အဘယ်ကြောင့်ဆိုသော် သူတို့ လှည့်ကြည့်လိုက်သော အချိန်တွင် ရေထဲမှ မျှော့မည်းကြီးတစ်ကောင်က ငတေ၏ ခြေထောက်ကို လှမ်းပတ်လိုက်သည်ကိုမြင်လိုက်ရသောကြောင့်ပင် ဖြစ်သည်။

"င .. ငတေ .. မင်း .. မင်းနောက်မှာ ..."

ငတေ က အလန့်တကြားလှည့်ကြည့်သည်။

သူ့နောက်မှာ မျှော့တစ်ကောင်ကိုတွေ့ရသည်။

ထိုအရပ်မှာနေသူများအတွက် မျှော့သည် ကြောက်စရာကောင်းသောသတ္တဝါတော့မဟုတ်ပေ။

သို့သော် သူ့နောက်မှာရောက်နေသောမျှော့နက်မည်းကြီးကတော့ ကြောက်စရာကောင်းသည်။

စုပ်ခွက်က ခွဲတောင်းခန့်ရှိပြီး အလုံးက ကနစိုသစ်လုံးခန့်ကြီးလေသည်။

ထိုမျှော့ကြီးက ငတေ့ ခြောက်ထောက်ကို ပတ်ထားသည်။ ရှေ့သို့ တိုးမရတော့ပေ။

ထို့နောက် ကြီးမားသောစုပ်ခွက်ကြီးက ငတေ့ ကျောပြင်ကို ကပ်ချလိုက်ရာ ကျောတစ်ခုလုံး ပြည့်သွားလေတော့သည်။





ထိုအခါမှ ငတေ က ကြောက်လန့်တကြား ထွက်ပြေးရန် ကြိုးစားလေသည်။

မရတော့ပေ ...।

မျှော့ကြီးက ခြေထောက်မှတစ်ဆင့် တစ်ကိုယ်လုံးပတ်လေတော့သည်။

သရဲမကြောက်တတ်သော ငတေမှာ မျှော့နှင့်တွေ့သော အခါ မတတ်သာတော့ပေ ...।

"လုပ်ကြပါဦး .. ငါ့ကို ကူကြပါဦးဟ .."

"ဘယ်လိုလုပ်ရမလဲ"

"မျှော့ကို ဓားနဲ့ခုတ်မှရမယ်"

ဟုပြောသဖြင့် စံထွန်းနှင့်ကံလှတို့မှာ ထွေထွေထူးထူးစဉ်းစားမနေတော့ဘဲ အသင့်ယူလာသောမြက်ခုတ်ဓားများဖြင့် ငတေ့ကိုယ်ပေါ်မှာတွယ်တက်နေသောမျှော့ကို ခုတ်ပိုင်းကြလေသည်။

ကြောက်ကြောက်လန့်လန့်နှင့် ဘယ်လောက်ခုတ်နေကြသည်မသိကြပေ။

အမှောင်ထဲမှာ ငတေ့ အော်သံ ပျောက်သွားတော့မှ ရပ်လိုက်ကြသည်။

သူတို့ထင်ထားသည်က ငတေ့ ကိုယ်ပေါ်မှာတွယ်ပတ်ထား



www.burmeseclassic.com

www.burmeseclassic.com



သောမျှော့မှာ အပိုင်းပိုင်းအပြတ်ပြတ်ဖြစ်သွားလောက်ပြီဟု ထင်ထားကြသည်။

မီးအုပ်ဆောင်းယူပြီး ကြည့်လိုက်သောအခါ မျှော့ကိုမတွေ့ရတော့ဘဲ ဓားချက်ပေါင်းများစွာတို့ဖြင့် သွေးသံရဲရဲအောက်မှာ အသက်ပျောက်နေပြီဖြစ်သော ငတော့ ကိုသာတွေ့ကြရလေတော့သည်။

"မျှော့နက်ကြီး ဘယ်ရောက်သွားပြီလဲ"

"မသိဘူး၊ ငတောတော့ သေပြီ"

"ဘယ်လိုလုပ်ကြမလဲ"

"ငါတို့အပေါ် အမှုပတ်လာလိမ့်မယ်၊ သူ့အလောင်းကို အင်းထဲပစ်ချခဲ့မှဖြစ်မယ်"

ဟု ပြောဆိုတိုင်ပင်ပြီး ငတော့ အလောင်းကို အင်းထဲသို့ ပစ်ချလိုက်ကြလေသည်။

သွေးများက ရေပြင်တစ်ခုလုံး နီရဲသွားလေသည်။

ငတော့ ကိုယ်က ရေအောက်မြုပ်သွားသော်လည်း သွေးရောင်များက ရေပြင်ပေါ်မှာကျန်ခဲ့သည်။

ထိုအခါ သွေးကြိုက်သောမျှော့များက တလန်းလန်းနှင့် ထိုနေရာသို့ရောက်လာကြရာ ရေပြင်တစ်ခုလုံး မည်းသွားလေသည်။ သို့သော် စောစောကတွေ့လိုက်ရသောမျှော့ကြီးမျိုး မပါဘဲ သာမန်တွေ့နေကျလက်ညှိုးလက်မခန့်သာ အရွယ်အစားရှိကြသောမျှော့များသာဖြစ်သည်။





စံထွန်းနှင့်ကံလှတို့နှစ်ယောက်လည်း ကြာကြာဆက်မနေဝံ့ကြသောကြောင့် ၎င်းတို့ပစ္စည်းများယူဆောင်ပြီး ထိုနေရာမှ ခပ်သုတ်သုတ်ထွက်ခဲ့ကြသည်။

အတန်ငယ်ဝေးသောနေရာရောက်မှ စိတ်မချသောကြောင့် လှည့်ကြည့်လိုက်ကြရာ ရေထဲမှတက်လာသောမည်းမည်းသဏ္ဌာန်ကြီးကိုတွေ့လိုက်ရသဖြင့် တချိုးတည်းထွက်ပြေးခဲ့ကြရတော့သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၃)

## အစားလားတောင်းသည့်သရဲ

ငတေ တစ်ယောက် သံပချိုင်အင်း၌ သေဆုံးသွားသောကိစ္စမှာ ထိုနယ်သူနယ်သားများအဖို့ အဆန်းတကြယ်ကိစ္စမျိုး မဟုတ် တော့ပေ။

အချို့က မသနားသည့်အဖြင် အပြစ်တင်သူများပင် ရှိကြလေသည်။

"သေတာတောင်နည်းသေးတယ်၊ ဒီအင်းက ဒီလောက်ကြမ်းတယ်ဆိုတာ တစ်နယ်လုံးကသိနေတာပဲ၊ သူတို့ ငါးခိုးဖမ်းလို့ သရဲက သတ်လိုက်တာဖြစ်မှာပေါ့"





"စံထွန်းနဲ့ကံလှတို့ ပြောပုံအရဆိုရင် သရဲက အတော်ကြမ်းဘယ်လို့ပြောတယ်"

"သံပချိုင်အင်းကို အချိန်မတော်ကြီးသွားမှတော့ သေမှာပေါ့၊ အဲဒီ သံပချိုင် ဆိုတဲ့အဘိုးကြီးက တစ်ပွဲစားဖြစ်နေတယ်ဆိုလား၊ လူစင်စစ်ကနေ သရဲဖြစ်နေတာဆိုလား ..၊ သူ့အင်းကို အစောင့်မရှိဘဲ ဒီအတိုင်းပစ်ထားတာ မတွေ့ဘူးလား"

"ငတေ က လူဆိုးလူမိုက်တစ်ယောက်ပဲ၊ သူရှိနေတော့ တခြားလူတွေတောင် အနှောင့်အယှက်ဖြစ်သေးတယ်၊ သေသွားတော့ အေးတာပေါ့"

အချို့ က ငတေအပေါ်မှာ အတော်ကလေး မေတ္တာရှိကြဟန်ဖြင့် ပြောသည်။

အချို့ကတော့ ...

"သူသေတာက အရေးမကြီးဘူး၊ သူက အစိမ်းသေသေရတာဆိုတော့ ဒီအတိုင်းအေးပါ့မလား"

"ဘယ်လိုမအေးတာလဲ"

"သူ့ရဲသတ်လို့သေတာဆိုတော့ ဘယ်နည်းနဲ့မှအေးမှာမဟုတ်ဘူး၊ မတော်လို့ ရွာပြန်ရောက်လာပြီး မွေ့နေရင် ဘယ်နယ်လုပ်ကြမလဲ"

"အေး ..ဒါလည်းဟုတ်တာပဲ၊ ငတေ က လူဆိုးလူမိုက်



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ဆိုတော့ သရဲဘ၀ရောက်မှ ပိုဆိုးလာရင် အခက်ပဲ ဟု စိုးရိမ်ပူပန်စွာပြောကြလေသည်။

သူတို့ပြောသည့်အတိုင်းပင် နောက်ပိုင်းရက်များတွင် သဘောရိုးချောင်းနှင့် ဖလန်ခုန်ရွာတို့တွင် ထူးထူးခြားခြား ခြောက်လှန့်မှုများရှိလာကြသည်။

အထူးသဖြင့်တော့ စံထွန်းနှင့်ကံလှတို့နှစ်ယောက်မှာ မကြာခဏဆိုသလို အခြောက်အလှန့်ခံကြရသည်။

စံထွန်းက တောထဲမှာ အမဲလိုက်ပြီး ၀မ်းစာရှာသူဖြစ်ကာ ကံလှက ငါးပုစွန်ဖမ်းဆီးသူဖြစ်သည်။

ကံလှ က ကွန်ပစ်ထွက်လျှင် မိန်းမဖြစ်သူ တင်မေကို လှေပွဲ ကိုင်ခေါ်သွားလေ့ရှိသည်။

ယောကျ်ားက လှေဦးမှ ကွန်ပစ်လျှင် မိန်းမက ပွဲကိုင်ပေးရသည်။

မောင်တစ်ထမ်းမယ်တစ်ရွက် ဆိုသည်မှာ ထိုအလုပ်မျိုးလည်းပါ၀င်ပေသည်။

ကွန်ပစ်သောအလုပ်မှာ ကွန်ပစ်သူ တော်ဖို့လိုသလို ပွဲကိုင်ကောင်းဖို့လည်း အရေးကြီးသည်။

၆ တောင်ကွန်၊ ၈ တောင်ကွန်၊ ၁၂ တောင်ကွန် စသည်တို့ကိုပစ်ရာမှာ ကျွမ်းကျင်ဖို့လိုသည်။





ဖူးချာပွင့်အောင် အချက်အချာကျအောင်မပစ်နိုင်ပါက ငါးမရပေ။

ထို့အတူ လှေပွဲကိုင်သူကလည်း ဘယ်နေရာမှာ ကွန်ချက်ရှိသည်။ ကွန်ပစ်မည့်သူ ဘယ်နေရာမှာပစ်လိုသည်ကို သိရန်လိုသည်။

ထိုနေရာသို့ လှေဦးရောက်အောင် ပို့ပေးနိုင်ဖို့လိုသည်။ မဟုတ်ပါက ကွန်ပစ်ချက် မမိပေ။

ထို့ပြင် လှေပွဲကိုင် မကျွမ်းကျင်ပါက လှေဦးမှ ကွန်ပစ်မည့်သူ မကြာခဏ ရေထဲပြုတ်ကျ ဘတ်ပေသည်။

ယခု ကွန်ပစ်ရန်အတွက် သကန်မြစ်တစ်နေရာမှာရှိသော လမုကိုင်းချောင်းအတွင်းသို့ ၀င်လာကြသည်။ အချိန်က ညဦးပိုင်းဖြစ်သော်လည်း အလင်းရောင်က ၀ိုးတ၀ါးရှိနေသေးသည်။

တော်သလင်းလဆန်း ၁၂ ရက်နေ့ဖြစ်သောကြောင့် အောက်ပိုင်းဒေသများမှာ ရေထဦးရက်ဟု ခေါ်ကြသည်။ လဆန်း၊ လဆုတ် ၁၁ ရက်မှ ၁၅ ရက်အထိ ရေထရက်ဟု သတ်မှတ်ကြပြီး ငါးပုစွန်ရှာဖွေ၍ အရများသောရက်မျိုး ဖြစ်သည်။

ထိုရက်မှကျော်သွားလျှင် ရေစီးကြမ်းလာသောကြောင့် ငါး



www.burmeseclassic.com

www.burmeseclassic.com



ရှာ၍မရတော့ပေ။

လဆန်း၊ လဆုတ် ၈ ၊ ၉ ၊ ၁၀ ရက်နေ့များကိုတော့ ရေသေရက်(ရေဆုတ်ရက်)ဟု သတ်မှတ်ပြီး ငါးပုစွန်ရှာဖွေသူများ နားကြကာ လှေနှင့်ငါးဖမ်းကိရိယာများ ပြုပြင်သောရက် ဖြစ်သည်။

ရေထရက်ရောက်တော့ အလုပ်ပြန်ဆင်းကြရပြန်သည်။ ရေ သံသရာလည်နေသကဲ့သို့ တံငါသမားများ၏ဘဝမှာလည်း ရေ သံသရာကဲ့သို့ သံသရာလည်နေကြရသည်။

ကံလှတို့လင်မယားနှစ်ယောက်မှာ ညဦးပိုင်း ရေတက်ဦး အချိန်ရောက်မှ အလုပ်လုပ်ကြမည်ဖြစ်သဖြင့် ချောင်းကမ်းစပ်မှာရှိသောဓနိကိုင်းတွင် လှေကြိုးချည်ထားပြီး အိမ်မှထည့်ယူလာသော ထမင်းဟင်းများကို စားသောက်ရန်ပြင်ဆင်ကြသည်။

ညဦးပိုင်းတစ်ချိန်လုံး အလုပ်လုပ်ကြရမည်ဖြစ်သဖြင့် အလုပ်မဝင်မီ ဝမ်းပြည့်အောင်စားသောက်ထားကြရမည်ဖြစ်သည်။

ထမင်းအိုးနှင့်ဟင်းအိုးသာပါပြီး ပန်းကန်မပါသောကြောင့် ဒန်အိုးအဖုံးများကိုသာ ပန်းကန်အဖြစ်အသုံးပြုပြီး ထမင်းဟင်းပုံ၍စားသောက်ကြသည်။ ထမင်းမစားခင်မှာလည်း သက်ဆိုင်ရာ တောပိုင် ချောင်းပိုင်ပုဂ္ဂိုလ်များကို ထမင်းဦးပေါင်း၊ ဟင်းဦးပေါင်းများပုံပြီး တင်မြှောက်ရသေးသည်။ တင်မြှောက်ပြီးမှ





စားကြရသည်။

ချောင်းထဲမှာ ကမ်းဘေးတစ်ဖက်တစ်ချက်လတာပြင် တစ်လျှောက် ဓနိတောများကရှိသောကြောင့် အကိုင်းအလက်များက ချောင်းအတွင်းသို့ကိုင်းကျနေသည်။ သို့ကြောင့် အမှောင်ရိပ်များက ပိုများနေသည်။ ချောင်းအတွင်းမှာ ရေစစ်သွားပြီဖြစ်သောကြောင့် လတာပြင်များပေါ်လာပြီး ရေက နည်းနည်းသာကျန်တော့သည်။

အလင်းရောင်အနည်းငယ်ရှိနေသော လတာပြင်ပေါ်မှာ ကဏန်းနှင့်ငါးဖျံများ ပြေးလွှားနေကြသည်။ ချောင်းထဲမှာ ရေနည်းနေပြီဖြစ်သောကြောင့် ငါးပုစွန်များ မြူးနေသည်ကိုလည်း မြင်နေရသည်။ ကံလှတို့လင်မယားနှစ်ယောက်မှာလည်း ထမင်းစားသောက်ပြီး ဗိုက်တင်းနေသောကြောင့် ခေတ္တ အနားယူကာ တရေးတမောအိပ်ကြလေသည်။ ကံလှ အိပ်ပျော်သွားစဉ် အိပ်မက်တစ်ခု မက်လေသည်။ အိပ်မက်ထဲ၌ ကိုကံလှတို့လင်မယား ချောင်းကမ်းဘေး၌ ထိုင်နားနေစဉ် ဓနိတောအတွင်းမှ တစ်လှမ်းချင်းဆင်းလာသောခြေသံကို ကြားရသဖြင့် လင်မယားနှစ်ယောက် လှမ်းကြည့်လိုက်သည်။ အသံကြားရာဘက် ဓနိပင်များ လှုပ်နေသည်ကို လှမ်းမြင်ရသည်။

"ဘာလဲ ကိုကံလှ ..."



www.burmeseclassic.com

www.burmeseclassic.com



"မှောင်နေတော့ မမြင်ရဘူး၊ ကျွဲဆင်းလာတာဖြစ်မှာပေါ့"

ဟု ခပ်ပေါ့ပေါ့ပင်ပြောလိုက်သည်။ ခြေသံက တဖြည်းဖြည်းနီးလာသည်နှင့် ခနိုပင်များလှုပ်ရှားလာသည်ကို အတိုင်းသားဖြင့် မြင်နေရသည်။

"ကိုကံလှ ကျွဲ မဟုတ်ဘူးတော့ ..."

ခနိုကိုင်များကို လက်ဖြင့်ဖယ်ဆင်းလာသည်ကို လှမ်းမြင်ရသော်လည်း ယခုထိတော့ အကောင်အထည်မမြင်ရသေးပေ။

ကမ်းစပ်နှင့်နီးလာတော့မှ မည်းမည်းသဏ္ဍာန်တစ်ခုကို ဝိုးတဝါးမြင်ရလေသည်။

"ဘယ်သူလဲ"

ကံလှက လှမ်းမေးလိုက်သည်။

"ငါပါကွ"

အသံသြသြကြီးဖြင့် ပြန်ပြောသည်။

"ငါဆိုတာ ဘယ်သူလဲ"

"ငတေလေ .. မင်းတို့သူငယ်ချင်း ငတေကိုတောင် မမှတ်မိတော့ဘူးလား"

ထိုအခါမှ သရဲခြောက်နေတာဖြစ်မှန်း သဘောပေါက်သွားတော့သည်။

ငတေ အမည်ကိုကြားရသောကြောင့် ကံလှ က သိပ်မထူး





[…]ားသော်လည်း တင်မေ ကတော့ မျက်စိမျက်နှာပျက်နေချေပြီ။

"ကို .. ကိုကံလှ ဒီနေရာက သွားကြရအောင်"

ဟု တိုးတိုးပြောသည်။

ကံလှ က ဟန်မပျက်လှမ်းပြောသည်။

"အခု ဘာလာလုပ်တာလဲ၊ မင်းနဲ့ငါတို့နဲ့က ဘဝခြားနေကြ[…] လာခြောက်လည်း ငါက ကြောက်မှာမဟုတ်ဘူး"

ထိုအခါ ခနိုတောအတွင်းမှ ဘာအသံမှ ထပ်မကြားရတော့[…]ေ။ ထိုအခြေအနေကိုကြည့်ပြီး တင်မေ က တိုးတိုးပြောသည်။

"ရှင်ကလည်း သူနဲ့ဖက်ပြီး စကားပြောနေတယ်၊ ငတေ[…] လူမှမဟုတ်တော့တာ .."

"လူမဟုတ်တော့ပေမယ့် ငဟော က ငါတို့ကို ဘာမှမလုပ်ပါ[…]ဘူးကွာ၊ ကြောက်စရာမလိုပါဘူး"

ထိုသို့ပြောနေစဉ် ရေပြန်တက်လာပြီဖြစ်သောကြောင့် ကွန်[…]ပစ်ရန်ထွက်ကြလေသည်။

ယခုလို ရေတက်ဦးအချိန်မှာ ငါးပုစွန်မြူးသောကြောင့် ကွန် ပစ်ရသည်မှာ အထိအမိများလေသည်။

ငါးမျိုးစုံနှင့်ပုစွန်တုပ်အများအပြားရကြသည်။ ထိုအချိန်မှာ ကမ်းစပ်ခနိုတောထဲမှ အသံကြားရလေသည်။

"ဒီတစ်ကောင်ပြီးရင်တော့ နောက် မရတော့ဘူးဟေ့ ..



www.burmeseclassic.com

www.burmeseclassic.com



ငါတို့ စားဖို့လည်းချန်ရဦးမယ်"

ဟု ပြောပြီး ငါးတစ်ကောင်ပစ်တင်ပေးလိုက်လေသည်။

ထိုသို့ပြောလိုက်၍လားမသိပေ ...

နောက်ထပ် ငါးတောင်းသံမကြားရတော့ပေ။

ဒီတော့မှ အလုပ်ဖြောင့်ဖြောင့်လုပ်ကြရတော့သည်။

ကံလှ သည် အိပ်မက် မက်နေရာမှ တင်မေ နိုး၍ နိုးလာခဲ့သည်။ ထို့နောက် အလုပ်လုပ်ရင်း သူ့မိန်းမကို အိပ်မက်ထဲမှ ငတေ အကြောင်းကို ပြောပြနေမိသည်။

အချိန်ကလည်း ညဦးပိုင်းကျော်လာခဲ့လေပြီ။

ရေကလည်း ချောင်းထက်ဝက်ခန့်တက်နေလေပြီ။

ကံလှတို့လင်မယားလည်း တက်ညီလက်ညီလုပ်ကိုင်ကြရာ လှေဝမ်းအတွင်းမှာ ငါးပုစွန် အတော်များများရနေချေပြီ။

ထိုအချိန်မှာလှေမှာ သိသိသာသာကြီးဝပ်ကျသွားလေသည်။

"ကိုကံလှ လှေက ပိုပြီးလေးသွားသလိုပဲ"

"ငါးရတာများလို့ဖြစ်မှာပေါ့"

"ငါးပုစွန်တင်တာနဲ့တော့ ဒီလောက်မလေးနိုင်ပါဘူး"

ထိုသို့ အမျိုးမျိုးပြောပြီး ရေပြည့်ခါနီးအချိန် ရောက်သောအခါ အလုပ်သိမ်းကာ ရွာသို့ပြန်လာကြလေသည်။

ထိုအခါ ကံလှက လှေခတ်ပြီး တင်မေ က လှေဝမ်းထဲမှ





ထိုင်လိုက်လာသည်။

ချောင်းထဲမှာရှိနေစဉ်က အတော်ကလေးလေးနေသောလှေမှာ ထိုချောင်းဝမှအပြင်သို့ထွက်သည်နှင့်သိသိသာသာကြီး ပြန်ပေါ့သွားလေသည်။

"ဟော .. လှေက ပြန်ပေါ့လာပြန်ပြီ"

"နင် စိတ်ထင်နေလို့ဖြစ်မှာပေါ့ တင်မေ ရာ"

ဟု ပြောပြီး လှေကို ဆက်ခတ်လာသည်။

ပြောမယ့်သာပြောရသည် .. စောစောကနှင့်စာလျှင် လှေခတ်ရသည်မှာ ပို၍ပေါ့သွားသည်ကိုတော့ ကံလှ သတိပြုမိသည်။

"မဟုတ်သေးပါဘူး၊ နည်းနည်းထူးခြားသလိုပဲ၊ ကျုပ် လှေဝမ်းထဲကြည့်လိုက်ပါဦးမယ်"

ဟုပြောပြီး တင်မေ က လှေဝမ်းပေါ်မှာခင်းထားသော ကတ် ကို မ,ပြီး မီးအုပ်ဆောင်းမီးရောင်ဖြင့်ထိုးကြည့်သည်။

"ဟင် ..."

"ဘာဖြစ်လို့လဲဟ ..."

"ဒီအထဲမှာ ငါးပုစွန်တွေလည်း မရှိတော့ပါလား"

"ဟုတ်ရဲ့လားဟဲ့"

ဟု ပြောပြီး ကံလှကိုယ်တိုင် သွားကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



စာစာကထည့်ထားသောငါးပုစွန်များ လှေဝမ်းထဲတွင် တစ်ကောင်တမြီးမှ မကျန်တော့ပေ။

ထိုအခါမှ လင်မယားနှစ်ယောက် တစ်ယောက်မျက်နှာ တစ် ယောက်ကြည့်ကာ မျက်လုံးပြူးသွားကြလေတော့သည်။

✷ ✷ ✷





အခန်း (၄)

## သံပချိုင်နှင့်ဆန်းကြယ်သောဆေးကုသမှု

ကံလှ အဖြစ်က လှေထဲမှာပါလာသောငါးပုစွန်များ ကုန် အောင်အစားခံလိုက်ရသော်လည်း သိပ်တော့ကြောက်စရာမရှိလှပေ။

စံထွန်း တို့မိသားစု ကြုံတွေ့ရသော အဖြစ်အပျက်များက ထို့ထက်ပိုဆိုးလေသည်။

စံထွန်း က သဘော့ရိုးချောင်းရွာသားတစ်ယောက် ဖြစ် သည်။

သူ့မိန်းမက မယ်နှင်း ဖြစ်ပြီး သူတို့တွင် သမီး တစ် ယောက်၊ သားတစ်ယောက် ရှိသည်။



www.burmeseclassic.com

သမီး'ရင်လှ'က ရှစ်နှစ်အရွယ်ခန့်ရှိပြီး သားဖြစ်သူ 'မည်းတေ
ကတော့ လေးနှစ်သားအရွယ်ခန့်သာရှိပေသေးသည်။

စံထွန်းမှာ မုဆိုးအလုပ်နှင့် အသက်မွေးသောသူဖြစ်သည်

ထိုအချိန်က သကန်မြစ်တောင်ဘက်မှာ သော်လည်း
ကောင်း၊

ဘိုကလေးမြစ်၏အနောက်ဘက်မှာ သော်လည်းကောင်း
ကနုစိုသစ်တောကြီးများရှိသေးသည်။

ဖောင်ဝင်မြစ်တစ်ကြောနှင့် မိန်းမလှကျွန်း တစ်ခုလုံးမှာ
တော့ အထိကရသစ်တောကြီးများရှိလေသည်။

ထိုအချိန်က သာမန်အမဲပစ်သောကိစ္စလောက်နှင့်တော့ တော
နက်ကြီးများသို့သွားလေ့မရှိကြဘဲ အနီးပတ်ဝန်းကျင်မှာရှိသည်
သစ်တောများအတွင်းသို့ ဝင်ရောက်ရှာဖွေကြသည်။

ထိုတောများတွင် ဒရယ်နှင့်တောဝက်များ အလွန်ပေါပြီး
ဆတ်နှင့်အခြားသတ္တဝါများကိုလည်း ရံဖန်ရံခါရကြလေသည်

မိန်းမလှကျွန်းနှင့်ဖောင်ဝင်မြစ်တစ်ကြောမှာရှိသော ပြင်ဒရယ်
သစ်တောများ၌ ဆင်၊ ကျား၊ ကျားသစ် စသည့် တောကောင်
ကြီးများရှိသောကြောင့် အန္တရာယ်မကင်းလှပေ။

ဖောင်ဝင်မြစ်မြောက်ဘက်တစ်ကြောမှာရှိသော သစ်တော
များ၌ ဝင်ရောက်ပစ်ခတ်လျှင် အန္တရာယ်ကင်းပြီး သားကောင်





သည်း အလွယ်တကူရနိုင်ပေသည်။

အဘယ်ကြောင့်ဆိုသော် ထိုနေရာများမှာ လူနေသောရွာ
များ၊ လယ်ကွက်များ၊ စိုက်ခင်းများရှိသောသောကြောင့် တော
ဝက်နှင့် ဒရယ်များ လာရောက်စားသောက်ကြသဖြင့် အလွယ်
တကူ စောင့်ဆိုင်းပစ်ခတ်၍ ရနိုင်ပေသည်။

စံထွန်း အသုံးပြုသောလက်နက်မှာ ဒူးလေးနှင့်မြားဖြစ်ပြီး
သုတ်ကိုင်းနှင့်ထောင်ချောက်ဆင်ခြင်းများကိုလည်း အသုံးပြု
လေသည်။

ထောင်ချောက်ထက် ခြေနင်းကွင်းဟုခေါ်သောသုတ်ကိုင်း
ချပြီး သားကောင်ဖမ်းသောနည်းမှာ အရများလေသည်။

သားကောင်သွားသောလမ်းမှာ သစ်တုံးကန့်လန့်ခံထားပြီး
တစ်ဖက်တွင် သုတ်ကိုင်းတပ်ထားသောခြေနင်းကွင်း ချထား
သည်။

နင်းမိသည်နှင့် ထောင်ချောက်ခလုတ်ပြုတ်ကာ မိသော
နည်း ဖြစ်သည်။

စံထွန်း အမဲလိုက်ရာတွင် အကောင်ကြီးသောဆတ်ကို တစ်
ခါတစ်ရံမှသာရပြီး အကောင်အရွယ်အစားငယ်သော ဒရယ်နှင့်
တောဝက်ကိုတော့ မကြာခဏရသည်။

သားကောင်ရလာလျှင် ဖျက်၍ မယ်နှင်းက အရပ်တကော



www.burmeseclassic.com

www.burmeseclassic.com



ရွာတကာလှည့်ရောင်းသည်။ မိမိရွာမှာရောင်းမကုန်လျှင် အခြားရွာများသွားပြီး လှေဖြင့်လှည့်ရောင်းသည်။

နောက်ဆုံး တောထဲမှ သားကောင်မရတော့လျှင် ရွာထဲမှ နွားပေါ်ရောင်းသည်။

စံထွန်း က တစ်သက်လုံး သားသတ်အလုပ်ဖြင့် အသက်မွေးဝမ်းကျောင်းပြုသူဖြစ်သည်။

တစ်နေ့တော့ စံထွန်း အိပ်ပျော်နေစဉ် အိပ်မက်မက်လေသည်။

အိပ်မက်ထဲ၌ ငတေနှင့် ပြန်တွေ့ရသည်။

သူနှင့်ပြန်တွေ့သောအချိန်မှာ စံထွန်း က ...

"မင်း ငါ့ကိုတော့မခြောက်ပါနဲ့ ငတေ ရာ ..၊ မင်းနဲ့ငါနဲ့က အရင်တုန်းက သူငယ်ချင်းတွေပဲဟာ ..."

"ငါ မင်းကို ခြောက်လှန့်နေတာမဟုတ်ပါဘူး၊ အစာစားချင် လို့ ောာတောင်းတာပါ"

"ငါ့မှာ စားစရာမပါတာ ဘယ်လိုကျွေးရမလဲ"

"မင်း အမဲလိုက်လို့ရရင် ငါ့ကိုလည်းကျွေးပါ၊ အမဲရအောင်လည်း အကူအညီပေးပါ့မယ်"

"မင်းက ဘယ်လိုကူညီပေးမှာလဲ"

"မင်းထောင်ထားတဲ့ထောင်ချောက်တွေဆီကို ရောက်





အောင် ငါလည်း ဝိုင်းကူပေးမှာပေါ့"

"ကောင်းပြီ .. ရရင် ကျွေးမယ်၊ အမဲတစ်ကောင်ရရင် မင်းကို တစ်ပိဿာကျွေးမယ်၊ ဘယ့်နှယ်လဲ"

"ကျေနပ်ပါတယ်"

"ဒါထက် မင်းက ဘယ်နေရာမှာနေမှန်း မသိတော့ ဘယ်နေရာလာပေးရမှာလဲ"

"ရွာအနောက်ဘက် သုသာန်အစပ်နားက ပျဉ်းမပင်ခြောက်ကြီးမှာ လာချိတ်ပေးထားရင် ရတယ်"

"အေး ကောင်းပြီ၊ ကတိအတိုင်း ငါပေးမယ်၊ မင်းကလည်း ငါ အမဲရအောင် အကူအညီပေးပေတော့"

ဟု သဘောတူကြလေသည်။

ထို့နောက် စံထွန်း အိပ်ရာမှနိုးသောအခါ အိပ်မက်ကို ပြန်သတိရမိလေသည်။

ထို့သို့ အိပ်မက်ပြီးနောက်ပိုင်း အမဲလိုက်သောအခါ ယခင်တစ်ယောက်တည်း အမဲလိုက်စဉ်ကထက် ပိုအဆင်ပြေသည်၊ ပိုရ လာသည်။

တောထဲမှာ ထောင်ချောက်များဆင်ပြီးသည်နှင့် အဝေးမှ ခြောက်လှန့်မောင်းနှင်သံများကို အတိုင်းသားကြားရသည်။ သစ်ပင်သစ်ကိုင်းများ ချိုးသံ၊ ရိုက်ပုတ်သံ၊ ခြောက်လှန့်သံများ



www.burmeseclassic.com

www.burmeseclassic.com



ကြားရသည်။

အတန်ကြာသည်နှင့် သားကောင်များက ကြောက်ကြောက်လန့်လန့်နှင့်ပြေးလာကြရာမှ ထောင်ချောက်မှာ မိကြလေသည်။

ယခင်က နေ့စဉ် သားကောင်တစ်ကောင်ရဖို့ မသေချာသော်လည်း ယခုအခါမှာတော့ နေ့စဉ် သားကောင်တစ်ကောင် ရလေသည်။

တစ်ခါတစ်ရံ ရောင်းမကုန်သဖြင့် ဒရယ်သား၊ ဆတ်သားများကို မီးနှင့်ကျပ်စင်တင်ထားရပြီး အဆီပါသော တောဝက်များကိုတော့ ဆားနယ်၍ အိုးဖြင့်ထားရလေသည်။

သားကောင်အရများသောကြောင့် မိန်းမဖြစ်သူ မယ်နှင်းကပင် အံ့ဩနေရှာသည်။

"ကိုစံထွန်း .. ရှင် အခုတစ်လော ကံကောင်းနေပုံရတယ်၊ နေ့တိုင်း အမဲရနေပါလား"

"ဒီလိုပေါ့ကွာ"

"ဒါထက် မေးပါရစေဦး .. ရှင်က နေ့တိုင်း အမဲသားတစ်ပိသာချန်ထားပြီး ဘယ်သူ့ဆီသွားပို့ပေးနေတာလဲ၊ မှန်မှန်ပြောနော်၊ ရှင် မယားငယ်တွေ ဘာတွေ ရှိနေပြီလား"

ဟု မယ်နှင်း က မယုံသင်္ကာအမူအရာနှင့်မေးသည်။

"မဟုတ်ပါဘူးကွာ၊ ငါ့မှာ ဘယ်မယားငယ်မှမရှိပါဘူး"





"ဒါဖြင့် ဘယ်သူ့ဆီသွားပေးနေတာလဲ၊ မှန်မှန်ပြော"

နောက်ဆုံးတော့ စံထွန်းမှာ မသက်သာတော့သဖြင့် အိပ်မက်ကိုပြောပြလိုက်ရာ ထိုအခါမှ မယ်နှင်းမှာ မျက်လုံးပြူးသွားရလေတော့သည်။

တစ်ရက်မှာတော့ တောထဲမှာ အမဲလိုက်ရင်းနှင့် စံထွန်းခြေထောက်တစ်ဖက်ကို ငရဲငုတ်ထိုးမိလေသည်။

သစ်ဆွေးငုတ်ဖြစ်သောကြောင့် ဒဏ်ရာက အတော်များလေသည်။

တောအရပ်မှာ ဆေးဆရာမရှိသောကြောင့် အိမ်မှာရှိသောဆေးနည်းတိုများဖြင့် ကုသည်။

ဒဏ်ရာက မသက်သာဘဲနှင့် တဖြည်းဖြည်းရင်းလာပြီး နောက်ဆုံး အိပ်ရာမှမထနိုင်တော့ပေ။

အမဲလိုက်လည်းမသွားနိုင်တော့ပေ ..။

သို့သော်လည်း ဘေဘေ ကတော့ အိပ်မက်ထဲ၌ ညစဉ်ရောက်လာပြီး အမဲသား လာတောင်းလေသည်။

စံထွန်း၏ခြေထောက်မှဒဏ်ရာကလည်း မသက်သာဘဲ တစ်နေ့တခြား ဆိုးရွားလာလေသည်။ အလုပ်လည်း မဆင်းနိုင်တော့ပေ။

စံထွန်း အလုပ်မဆင်းနိုင်သောအခါ အိမ်မှာ စားနိုးပင်



www.burmeseclassic.com

www.burmeseclassic.com



အနိုင်နိုင်ဖြစ်လာသည်။

ထို့ထက် တောကို ကျွေးစရာလည်း မကျန်တော့ပေ။ အမဲခြောက်များရော ဝက်သားဆားနယ်များပါ မကျန်တော့ပေ။

စံထွန်း ခြေထောက်မှ ဒဏ်ရာကလည်း မသက်သာဘဲ တစ်နေ့တခြား ပိုမိုဆိုးရွားလာလေသည်။

တစ်နေ့တော့ သူ့အိမ်သို့ အင်းသူကြီး သံပချိုင် ရောက်လာလေသည်။

သံပချိုင်သည် အသက် ၄၀ကျော်အရွယ်ခန့်ရှိပြီး အသားမည်းမည်း အရပ်မြင့်မြင့်နှင့် မျက်နှာမှာ ကြောက်စရာကောင်းသည်။

မျက်လုံးက ပြူးထွက်နေပြီး နှာခေါင်းက တို၍ အထဲသို့ ချိုင့်ဝင်နေသည်။ ထို့ပြင် ပါးစပ်ပြဲပြဲနှင့် အတွင်းမှ ခနော်ခနဲ့ ဖြစ်နေသော သွားများက အပြင်သို့ထွက်နေရာ ရုတ်တရက်ကြည့်ပါက အစွယ်ထွက်နေသည်နှင့်တူလှသည်။

အကယ်၍ မသိသူများဆိုလျှင် အမှောင်ထဲမှာ သံပချိုင်ကို မြင်သည်နှင့် သရဲခြောက်သည်ဟုထင်ပြီး ထွက်ပြေးကြမှာ အမှန်ဖြစ်ပေသည်။

သံပချိုင် ရွာနှင့် သဘော့ရိုးချောင်းမှာ လယ်ကွက်များသာ ခြားပြီး မဝေးလှပေ ...။





အိပ်ရာထဲ မထနိုင်သော စံထွန်းခမျာ သံပချိုင် ရောက်လာသည်ကိုမြင်သောအခါ အံ့ဩခြင်းနှင့်အတူ ကြောက်လည်း ကြောက်သွားလေသည်။

သံပချိုင်က လွယ်အိတ်တစ်လုံးလွယ်လာသည်။ အိမ်ပေါ် ရောက်တော့ သံပချိုင်က မေးသည်။

"စံထွန်း ဆိုတာ မင်းလား"

"ဟုတ် .. ဟုတ်ပါတယ်"

"ငါ့အင်းထဲမှာ ငါးခိုးဖမ်းကြတဲ့ သုံးယောက်ထဲမှာ မင်းလည်း ပါတယ်မဟုတ်လား"

"ဟုတ်ပါတယ်ဗျာ၊ ကျုပ်တို့ မှားပါတယ်"

"ဒါတင်မကသေးဘူး၊ သေသွားတဲ့တစ်ယောက်က မင်းတို့ကို ဒုက္ခလိုက်ပေးနေတယ်မဟုတ်လား"

"ဟုတ်ပါတယ်ဗျာ"

"မပူပါနဲ့ကွာ .. ငါကလည်း ဒီလိုကောင်မျိုးလိုချင်နေတာ၊ မင်းတို့ကို ဒုက္ခပေးနေတဲ့ကောင်ကို အင်းစောင့်ထားဖို့ တစ်ခါတည်း ငါခေါ်သွားပါ့မယ်"

ထိုစကားကြောင့် စိတ်ထဲမှာ ဝမ်းသာသွားသည်။ တစ်ဖက်ကလည်း အမှန်ပြောနေတာ ဟုတ်ပါ့မလားဟု သံသယဖြစ်နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းကြည့်ရတာ ဒဏ်ရာရထားတဲ့ပုံပဲ"

"ဟုတ်ပါတယ်"

"ပြစမ်းပါဦး၊ ငါ ကြည့်ပေးပါ့မယ်"

စံထွန်း က မပြေဝံ့ပေ ..၊

သူ့ကို တစ်ခုခုလုပ်လိုက်မှာ စိုးရိမ်နေမိသည်။

"မင်းကို ဘာမှမလုပ်ပါဘူးကွာ၊ ပြမှာသာပြစမ်းပါ"

ဟုပြောတော့မှ ခြေထောက်ငုတ်စူးမိထားသောဒဏ်ရာကို မရဲတရဲနှင့်ပြသည်။

ဒဏ်ရာမှာ ငန်းဝင်နေပြီး ရက်ကြာပြီဖြစ်သောကြောင့် အပုပ်နံ့ပင်ထွက်နေသည်။

"ဟင်း .. အတော်ဆိုးနေပါရော့လား၊ ဒီ ငန်းဝင်နေတဲ့အနာမျိုးကို ဆေးမကုဘဲ ဒီအတိုင်းနေရင် မကြာခင် မင်း သေသွားမှာပေါ့၊ လာတုန်းကတော့ သရဲတွေကို ခေါ်မလို့လာတာ၊ အခုတော့ ဆေးကုပေးရဦးမှာပေါ့ကွာ"

ဟု ပြောပြီး အမှောင်ရိပ်ဖုံးစပြုနေသော အပြင်ဘက်သို့ တစ် ချက်လှည့်ကြည့်လိုက်သည်။

"ဆေးကုဖို့ မျှော့အကောင်ကြီးကြီးတစ်ကောင်လောက် ယူခဲ့စမ်းဟေ့"

ထိုသို့ပြောပြီး သိပ်မကြာခင်မှာ ဘယ်နေရာက ဘယ်သူ





ပစ်လိုက်မှန်းမသိရဘဲ မျှော့မည်းကြီးတစ်ကောင် အိပ်ရာနံဘေးသို့ ဘုတ်ခနဲကျလာလေသည်။ ထိုမျှော့ကြီးကိုမြင်သောအခါ စံထွန်း ခမျာ လိပ်ပြာလွင့် မတတ်ကြောက်ရွံ့သွားလေသည်။

အဘယ်ကြောင့်ဆိုသော် ငတေ သေဆုံးစဉ် မျှော့မည်းကြီး တစ်ကိုယ်လုံးအပတ်ခံရပြီး သေခဲ့ရခြင်းကြောင့်ပင်ဖြစ်ပေသည်။

"ခင် .. ခင်ဗျား ဘာလုပ်မလို့လဲ"

"ဆေးကုပေးမလို့လေကွာ"

"ဒီ .. ဒီမျှော့ကြီးက ဘာလုပ်မှာလဲ"

"မင်း အနာပျောက်ဖို့ သူနဲ့ကုမှရမှာကွ၊ မစိုးရိမ်ပါနဲ့ကွာ၊ ငါ မင်းကို ဘာမှမလုပ်ပါဘူး၊ ငြိမ်ငြိမ်သာနေပါ"

ဟုပြောပြီး မျှော့မည်းကြီးကိုကောက်ယူပြီး စံထွန်းဒဏ်ရာ ပေါ်သို့တင်ပေးလိုက်သည်။

မျှော့က သေးသေးမဟုတ်ပေ။ ဖြက်တစ်လက်မခန့်ရှိပြီး အလျားက ငါးလက်မခန့်ရှိသည်။ အနာပေါ်ရောက်သည်နှင့် မျှော့မည်းကြီးက ကြီးမားသောစုပ်ခွက်ကြီးဖြင့် အနာဝကိုအုပ် ကာ သွေးစုပ်လေတော့သည်။

မျှော့၏စုပ်အားကြောင့် ထိကာစက အတော်နာသော်လည်း ကပ်နေသောမျှော့ကိုလည်း ဘယ်လိုနည်းနှင့် မှခွာချ၍မရတော့ပေ။



www.burmeseclassic.com

သံပချိုင် ကတော့ ဆေးလိပ်တစ်လိပ်ကိုဖွာရင်း နံဘေးနားမှ ဆေးအေးဆေးဆေးထိုင်ကြည့်နေသည်။

အတန်ကြာတော့ သွေးပုပ်ပြည်ပုပ်များပါသွားသောကြောင့် အနာက သက်သာလာသည်။ မျှော့နက်ကြီးကလည်း တဖြည်းဖြည်းနှင့်ဖောင်းကားလာကာ မူလထက် နှစ်ဆသုံးဆ ကြီးလာလေတော့သည်။

တစ်နာရီခန့်ကြာသောအခါ အနာထဲမှသွေးပုပ်ပြည်ပုပ်များကုန်သွားဟန်ဖြင့် မျှော့နက်ကြီးက သူ့အလိုလို ဖတ်ခနဲကျွာကျသွားလေတော့သည်။

"ကဲ .. သက်သာသွားပြီလား၊ ငါ ဆေးထည့်ပေးခဲ့မယ်၊ တစ်ရက်နှစ်ရက်ဆိုရင် မင်းအနာ သက်သာသွားလိမ့်မယ်"

ဟု ပြောပြီး သံပချိုင် က သွေးဝနေသောမျှော့နက်ကြီးကို ကောက်ယူကာ အပြင်သို့ပစ်လိုက်သည်။

"ကျေးဇူးတင်လိုက်တာဗျာ၊ ဒီဒဏ်ရာနဲ့သေပြီလို့တောင် အောက်မေ့နေတာ၊ ခင်ဗျားကယ်ပေးတဲ့အသက်ပဲ ရှိပါတော့တယ်"

"ဒီလောက်ကျေးဇူးတင်ဖို့မလိုပါဘူးကွာ၊ မင်း နေကောင်းသွားရင်တော့ ငါ့ရဲ့အင်းထဲ လာခဲ့ဦးပေါ့၊ အခုတော့ မင်းတို့ကို ဒုက္ခပေးနေတဲ့ သရဲငတေကို ငါ ခေါ်သွားတော့မယ်"





ဟု ပြောပြီး သံပချိုင် က အပြင်သို့ထွက်သွားလေသည်။ အပြင်ဘက်မှာ အမှောင်ရိပ်များလွှမ်းနေချေပြီ။ အတန်ကြာတော့ အမှောင်ရိပ်ထဲမှာ စကားပြောသံလိုလိုကြားလိုက်ရပြီး ပျောက်သွားလေသည်။

ထိုညမှစပြီး သရဲငတေ၏ဒုက္ခပေးခြင်းကို မခံကြရတော့ပေ။

* * *



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



အခန်း (၅)

## တောနက်ထဲမှအန္တရာယ်

သစ်တောတစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်လျက်ရှိနေသည်။ ထိုနေရာသည် ဒီရေတက်လျှင် ပင်လယ်ရေရောက်သည့်နေရာ ဖြစ်သောကြောင့် လတာနှင့်နုံးမြေများက ဖုံးထားလေသည်။

ကမ်းခြေနှင့်မဝေးလှသောကြောင့် လမုပင်၊ လဗပင်၊ ကန့်ကလာပင်၊ သမဲ့ပင်နှင့်ဗျူးပင်တို့မှပေါက်သော ငရုတ်များက နေရာမလပ်ခြေချစရာမရှိအောင် ပြည့်နေသည်။





ထိုငုတ်များမှာ အချွန်များဖြစ်သောကြောင့် နင်းမိပါက ခြေထောက်ကို စူးနိုင်သည်။

ထိုသစ်တောများအောက်ခြေတွင် နွံအိုင်နှင့်ဗွက်အိုင်များရှိသည်။

အချို့နွံအိုင်များက ဒူးဆစ်လောက်သာနက်သော်လည်း အချို့ နွံအိုင်များကတော့ နက်သည်။ အချို့ လူတစ်ရပ်ပင် မြုပ်နိုင်လေသည်။

ရေကျချိန်တွင် ထိုနေရာတွင် ရေမရှိဘဲ လတာပြင်များ ပေါ်နေပြီ၊ ရေပြည့်ချိန်ရောက်လျှင် ထိုနေရာအထိ ပင်လယ်ရေများ ဖုံးထားလေသည်။

အချိန်မှာ ညနေပိုင်းအချိန်ဖြစ်သည်။

မိုးက တဖွဲဖွဲရွာနေသည်။

ကမ်းနှင့်မဝေးလှသော ဒီရေတောထဲမှ လူတစ်ယောက် ပြေး လွှားနေသည်။

အမျိုးသမီးတစ်ယောက်ပင်ဖြစ်သည်။ သူမသည် အသက် ၂၀ ကျော်အရွယ်ခန့်သာရှိသေးပြီး အဖော်မပါဘဲ တောထဲမှာ တစ်ယောက်တည်းကြောက်လန့်တကြားပြေးလွှားနေသည်။

သစ်ပင်သစ်ကိုင်းများနှင့်ချိတ်မိသော့ကြောင့် အဝတ်အစားများမှာ အစိတ်စိတ်အမြွှာမြွှာဖြစ်နေလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



သူမသည် တောထဲမှာ ပြေးလွှားနေသော်လည်း လမ်းပျောက်နေပြီး ဘယ်နေရာရောက်နေမှန်းမသိပေ။

သို့သော်လည်း နောက်မှ အသက်ဘေးအန္တရာယ်က ထက်ကြပ်မကွာလိုက်လာနေပြီဖြစ်သောကြောင့် မရပ်ဝံ့ဘဲ ခြေဦးတည့်ရာပြေးနေရခြင်းဖြစ်သည်။

မိုးကရွာနေသောကြောင့် အမှောင်ရိပ်သမ်းနေသောတောထဲမှာ ဝေးဝေးသို့လှမ်းမမြင်ရပေ။

သို့ကြောင့် ပြေးရင်းလွှားရင်းနှင့် သစ်ပင်သစ်ကိုင်းများဖြင့် ဝင်တိုက်မိသောကြောင့် ယခုကဲ့သို့ တစ်ကိုယ်လုံး ဒဏ်ရာဒဏ်ချက်များရနေခြင်းဖြစ်၏။

မောလွန်းသဖြင့် သစ်ပင်တစ်ပင်နံဘေးမှာ ဝင်ရပ်လိုက်သည်။ သူမ၏ရင်မှာ နိမ့်ချည်မြင့်ချည်ဖြစ်နေပြီး အသက်ကို ဝအောင်ရှူ နေရသည်။

ခဏကြာတော့ နောက်မှလိုက်လာသောအသံများကို ကြားလာရပြန်သည်။

သစ်ပင်သစ်ကိုင်းများလှုပ်ရှားသံနှင့်ရွှံ့ဗွက်များပေါ်သို့ တဗွမ်းဗွမ်းနှင့်နင်းလာသောခြေသံများဖြစ်သည်။

သစ်ပင်အကွယ်မှ ချောင်းကြည့်လိုက်သောအခါ အမှောင်ရိပ်သမ်းနေသောတောထဲမှ ရိပ်ခနဲ ရိပ်ခနဲနှင့် တစ်နေရာမှ





တစ်နေရာ ရွေ့လျားပြေးလွှားနေကြသော မည်းမည်းသဏ္ဌာန်များကို ဝိုးတဝါး လှမ်းမြင်ရသည်။

သို့ကြောင့် သူမသည် ထိုနေရာတွင် ကြာကြာဆက်မနေဝံ့တော့ဘဲ ထွက်ပြေးရပြန်သည်။

နောက်မှ မည်းမည်းသဏ္ဌာန်များကလည်း ထက်ကြပ်မကွာ လိုက်လာကြသည်။

ပြေးရင်းလွှားရင်းနှင့်ရွှံ့နွံအိုင်ကြီးရှိရာသို့ ရောက်သွားလေသည်။

ထိုနွံအိုင်ကြီးမှာ အတော်အတန်ကျယ်ပြီး အပေါ်ယံမှာ ရေအနည်းငယ်ရှိနေသည်။

ဆက်ပြေးစရာလမ်းမရှိတော့သဖြင့် သူမက ထိုနေရာမှာ ရပ် လိုက်သည်။

ထိုသို့ရပ်လိုက်သောအခါမှ အသက်ဘေးနှင့်ကြုံတွေ့ရသောအကြောင်းများက တစ်ခုချင်းပေါ်လာလေသည်။

သူမအမည်မှာ ရွှေလေး ဖြစ်သည်။ ရွှေလေး မှာ ဖလန်ခုန်ရွာသူဖြစ်ပြီး ရုပ်ရည်အသင့်အသင့်ရှိသူဖြစ်သည်။

ဖလန်ခုန်ရွာမှ ကွမ်းတောင်ကိုင်တစ်ဦးဆိုလျှင်လည်း မမှားပေ။

တစ်နေ့ သံပချိုင်ရွာမှ အလှူပွဲတစ်ခုရှိသဖြင့် သူ့အရာမှ



www.burmeseclassic.com

www.burmeseclassic.com



အင်းသူကြီး သံပချိုင်က သူမကိုတွေ့မြင်သွားရာ သဘောကျသွားသည်။

"သူက ဘယ်သူလဲ"

နောက်မှာရှိနေသော တပည့်တစ်ယောက်ကို မေးသည်။

"သူက မရွှေလေး တဲ့၊ ဖလန်ခုန်ရွာသူတစ်ယောက်ပါပဲ"

"သူ့မိဘတွေက ဘာလုပ်သလဲ"

"လက်လုပ်လက်စားတွေပါပဲ"

"ငါ သူ့ကိုသဘောကျတယ်"

"သဘောကျရင် သူ့မိဘတွေဆီမှာ သွားတောင်းယူပေါ့ ဆရာကြီးရဲ့ .."

ဟု အကြံပေးသဖြင့် နောက်တစ်ပတ်ခန့်ကြာသောအခါ သံပချိုင် ကိုယ်တိုင် ရွှေငွေလက်ဆောင်ပစ္စည်းများယူပြီး တပည့်အချို့ကိုခေါ်ကာ ဖလန်ခုန်ရွာသို့သွားလေသည်။

ဖလန်ခုန်ရွာသူရွာသားများကတော့ သံပချိုင် သတင်းကို ကြားဖူးနေသောကြောင့် ယခုကဲ့သို့ ရွာသို့ရောက်လာသောအခါ အံ့သြနေကြသည်။

အချို့လည်း ထိတ်လန့်နေကြသည်။

အင်းထဲမှာ ငါးခိုးခဲ့ဖူးသော ကံလှ ဆိုလျှင် သံပချိုင်ကို မြင်ရုံ နှင့် အတော်ကိုထိတ်လန့်နေလေသည်။





"သူ ဒီရွာကို ဘာလာလုပ်တာပါလိမ့်"

သံပချိုင် ကတော့ မည်သူ့ကိုမှ ဂရုမစိုက်ဘဲ မရွှေလေးတို့ နေအိမ်ကိုစုံစမ်းပြီး သွားလေသည်။

သူမတို့အိမ်မှာ တဲသာသာဆောက်ထားသော့အိမ်မျိုးပင် ဖြစ် သည်။

သံပချိုင် ရောက်လာတော့ မရွှေလေး မိဘများက တအံ့ တသြဖြစ်ကြပြီး နေရာထိုင်ခင်းပေးကြသည်။

"အင်းသူကြီးပါလား ..၊ ဘယ်လိုကိစ္စရှိလို့ ရောက်လာတာ ပါလဲ"

မရွှေလေး ဖခင်က တအံ့တသြမေးသည်။

"ကျုပ်က စကားကို သိုင်းသိုင်းဝန်းဝန်းတော့မပြောတတ်ဘူး၊ အခု ဒီကိုလာတာကတော့ တခြားမဟုတ်ပါဘူး၊ ခင်ဗျားတို့ရဲ့သမီး မရွှေလေးကို သဘောကျလို့ လာတောင်းတာပါ"

ဟုပြောပြီး အသင့်ယူလာသောလက်ဆောင်ပစ္စည်းထုပ်ကို ငါးကြမ်းပေါ်သို့ ချပေးလိုက်သည်။

သံပချိုင် ရောက်လာကတည်းက အတွင်းခန်းဝင်ပြီး အခြေအနေကိုနားစွင့်နေသော မရွှေလေး ခမျာ ထိုစကားကြားသော အခါ ကျဉ်စက်ဖြင့် အတို့ခံလိုက်ရသကဲ့သို့ တစ်ကိုယ်လုံးတုန် လှုပ်သွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"အမယ်လေး .. ဒီသရဲသဘက်ရုပ်နဲ့လူကြီးက ငါ့ကို လာတောင်းတာတဲ့ .. အဖေတို့များ သဘောတူလိုက်ရင်တော့ ဒုက္ခပါပဲ"

ဟု စိတ်မှုနေလေသည်။

ဖခင်ဖြစ်သူကတော့ ဆင်းရဲလှသောကြောင့် ယခုကဲ့သို့ ချမ်းသာသူတစ်ယောက်က သမီးကို လာရောက်တောင်းရမ်းသည်ကို မငြင်းချင်ပေ။

မိခင်ကတော့ အေးအေးနေသူမို့ ထွေထွေထူးထူး ဝင်မပြောပေ။

"အခုလို လာတောင်းတဲ့ကိစ္စကို ကျုပ်တို့အနေနဲ့ကတော့ သဘောမတူစရာမရှိပါဘူး၊ ဒါပေမယ့် သမီးရဲ့သဘောက ရှိသေးတော့ မေးပါရစေဦး"

ဟု ပြောပြီး သမီးဖြစ်သူကို ခေါ်မေးလေသည်။

ထိုအခါမှ မရွှေလေး က ခါးခါးသီးသီးပင်ငြင်းဆန်လေသည်။

"သူ့လိုရုပ်ရည်နဲ့ပုံပန်းသဏ္ဌာန်မျိုးကို ကျွန်မ မလိုချင်ပါဘူး၊ ဘယ်လိုအကြောင်းနဲ့ဖြစ်ဖြစ် လက်မထပ်နိုင်ပါဘူး"

ဟု ပြောရာ သံပချိုင်မှာ မျက်စိမျက်နှာပျက်သွားသည်။

"ငါက ဘယ်လိုဖြစ်နေလို့လဲ"





"ကိုယ့်ရုပ်ကို မှန်ထဲမှာ ပြန်ကြည့်ပေါ့"

ဟု ခပ်မာမာပြောလိုက်ရာ သံပချိုင် က မရွှေလေး မျက်နှာကို စူးစူးစိုက်စိုက်တစ်ချက်ကြည့်ပြီး ချထားသောအထုပ်ကို ပြန်ကောက်ယူကာ အိမ်ပေါ်မှပြန်ဆင်းသွားလေတော့သည်။

ထိုအခါမှ မိဘများက မရွှေလေးကို ဆူပူကြသည်။

"နေစမ်းပါဦး၊ အင်းသူကြီးတစ်ယောက်ကလာတောင်းတာများ ငြင်းရအောင် ဘာဖြစ်နေလို့လဲ"

"အို .. သူ့ရုပ်ကို အဖေမမြင်ဘူးလား၊ သရဲသဘက်မျက်နှာထက်တောင် ကြောက်စရာကောင်းသေးတယ်၊ ပိုက်ဆံ ဘယ်လောက်ပဲရှိရှိ ဒီလိုလူမျိုးတော့ မယူချင်ပါဘူး"

"ရုပ်ချောပြီး ပိုက်ဆံမရှိတဲ့လူကို ယူတော့ နင်ပဲ ဆင်းရဲမှာပေါ့ ရွှေလေးရယ် .."

"အို .. ဆင်းရဲချင်ဆင်းရဲပါစေ၊ စိတ်မချမ်းသာတဲ့အလုပ်မျိုးတော့ တစ်သက်လုံး ဘယ်တော့မှမလုပ်ဘူး"

မရွှေလေး က သူ့သဘောထားကို ပြောသဖြင့် မိဘများလည်း မပြောသာတော့ပေ။

ကိစ္စက ထိုမျှလောက်နှင့်ပြီးသွားပြီဟုထင်ရသော်လည်း မပြီး ပေ ...၊

တစ်နေ့ သားအဖနှစ်ယောက် တောထဲသွားပြီး ထင်းခုတ်



www.burmeseclassic.com

www.burmeseclassic.com



သောအခါမှ အနှောင့်အယှက်အန္တရာယ်များနှင့်တွေ့ကြရလေတော့သည်။

သူတို့ သစ်ပင်ခုတ်နေသောနေရာသို့ မုဆိုးမုဆိုးသဏ္ဍာန်များ ရောက်လာပြီး ရန်ပြုကြသဖြင့် ထွက်ပြေးကြရာ သားအဖနှစ်ယောက် လူစုကွဲသွားလေတော့သည်။

သူ့ဖခင်က တစ်နေရာရောက်သွားပြီး ရွှေလေး က တစ်နေရာ ရောက်သွားလေသည်။

ထိုနေရာသို့ အရောက်အပေါက်မရှိသောကြောင့် ဘယ်နေရာ ရောက်မှန်းလည်းမသိတော့ပေ။

မည်းမည်းသဏ္ဍာန်များကလည်း သူ့မနောက်မှ ထက်ကြပ်မကွာလိုက်လာကြလေသည်။

နောက်ဆုံး ပြေးရင်းလွှားရင်းနှင့် တောတွင်းတစ်နေရာ၌ရှိသော နွံအိုင်ကြီးတစ်အိုင်အနီးသို့ ရောက်လာလေတော့သည်။

ရွှေလေးသည် ပြေးစရာမြေရှိတော့သဖြင့် နွံအိုင်အစပ်နားမှာရပ်ရင်း ပြီးခဲ့သောအကြောင်းများကို စဉ်းစားနေစဉ်မှာ မနီးမဝေးမှခြေသံများ ကြားလာရသည်။

တောတိုးလာသံများ ပေါ်ထွက်လာသည်။ လှည့်ကြည့်လိုက်တော့ တစ်ကိုယ်လုံး အဝတ်မည်းကြီးများခြုံထားသော မည်းမည်းသဏ္ဍာန်များ တရွေ့ရွေ့နှင့်လာနေကြသည်။





ပြေးစရာလည်း မြေရှိတော့ပေ ..၊

ရွှေလေးမှာ နောက်ဆုံး ကြံရာမရတော့သဖြင့် ကြောက်ကြောက်ရွံ့ရွံ့နှင့်နွံအိုင်အတွင်းသို့ ခုန်ချလိုက်လေတော့သည်။

"ဝုန်း"

သူမ ခုန်ဆင်းသောနွံအိုင်မှာ နက်သောကြောင့် အောက်သို့မြုပ်သွားလေတော့သည်။ ထိုအချိန်မှာပင် လူမည်းကြီးများက နွံအိုင်အနီးသို့ရောက် လာပြီး ငုံ့ကြည့်နေကြသည်။

ရွှေလေး ကတော့ ပြန်မပေါ်လာတော့ပေ ..၊

အချိန်အတော်ကြာမှ ထိုနေရာသို့ နောက်ထပ် လူမည်းကြီး တစ်ယောက် ရောက်လသည်။

"သူ သေသွားပြီလား"

ဟုမေးလိုက်စဉ် ရွှေလေး၏ဆံပင်ရှည်များက အပေါ်သို့ပေါ်လာသည်။

ထိုသို့ပေါ်လာစဉ် လူမည်းကြီးက ဖမ်းဆွဲလိုက်ပြီး အပေါ်သို့ဆွဲတင်လိုက်ရာ ရွှေလေးမှာ ပြန်ပေါ်လာလေသည်။ သို့သော်လည်း ခန္ဓာကိုယ်သာပါလာပြီး အသက်မပါတော့ပေ။

"သေသွားပြီလား"

"သေပြီ"

ထိုစကားကြားသောအခါ လူမည်းကြီးက တစ်ချက်ပြုံး



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။

"ငါ့ကို သရဲသဘက်နဲ့တူတယ်လို့ပြောတဲ့မိန်းမ .. အခု တော့ နင်ကိုယ်တိုင် သရဲသဘက်ဘဝကို ရောက်သွားရပြီ မဟုတ်လား၊ ဘာတတ်နိုင်သေးလဲ ..၊ နင့်ကို လူ့ဘဝက ငါ မရပေမယ့် အခု ဝိညာဉ်ဘဝမှာတော့ ငါ ပိုင်သွားပြီ၊ နင့်ဝိညာဉ် ကို ငါခေါ်သွားပြီး ခိုင်းစားရမယ်"

ဟု ပြောကာ နေရာမှ ထရပ်လိုက်သည်။

ထိုအခါ စောစောက အနားမှာရပ်ကြည့်နေကြသော မည်း မည်းသဏ္ဍာန်များက ထိုနေရာမှ အလျှိုလျှိုထွက်သွားကြလေ တော့သည်။

မှောင်ရိပ်သမ်းနေသောတောထဲမှာတော့ အသက်မဲ့နေသော ရွှေလေး အလောင်းနှင့် မည်းမည်းသဏ္ဍာန်ကြီးသာ ကျန်ခဲ့လေ သည်။

အတန်ကြာသောအခါ မည်းမည်းသဏ္ဍာန်ကြီးက ရွှေလေး အလောင်းမှ ဆံပင်ရှည်ကို လက်ဖြင့်ရစ်ပတ်ပြီး အလောင်းကို ထိုနေရာမှ ဒရွတ်တိုက်ကာဆွဲယူသွားလေသည်။

ကုန်းမြင့်တစ်နေရာရောက်သောအခါ ၌ ပေျာ့များကို လက် ဖြင့်တူးပြီး အလောင်းမြှုပ်ရန် ကျင်းဖော်လေသည်။

လူမည်းကြီးမှာ ကျင်းတူးနေသည်ဆိုသော်လည်း အနက်





ကြီးတူးနေခြင်းမျိုးမဟုတ်ဘဲ အလောင်းမြှုပ်သာရုံတူးနေခြင်း ဖြစ်သည်။

"နင်က ငါ့မိန်းမမှမလုပ်ချင်တာ .. အခုတော့ သေမင်းရဲ့ မယား ဖြစ်သွားရပြီမဟုတ်လား၊ ဒါပေမယ့် သူ့ရဲ့ဝိညာဉ်ကို တော့ ငါ့နားမှာ အမြဲနေဖို့ခေါ်ထားရမယ် ရွှေလေး ရေ .."

ဟု ပါးစပ်မှလည်း တတွတ်တွတ်နှင့်ပြောနေသည်။ ထိုသို့ ကျင်းတူးနေစဉ် နောက်ဘက်မှ ခြေသံလိုလို ကြားလိုက်ရသည်။

ခြေသံက တိုးတိတ်ညင်သာစွာဖြစ်သော်လည်း လူမည်း ကြီးက သတိပြုမိလိုက်သည်။

သို့ကြောင့် ဦးခေါင်းကို တဖြည်းဖြည်းနှင့်လှည့်ကြည့်လိုက် သည်။ အလင်းရောင်အနည်းငယ်သာရှိတော့ပြီး မှိုးတဖွဲဖွဲရွာနေ သော ပတ်ဝန်းကျင်တစ်ဝိုက်မှာတော့ ထူးထူးခြားခြား ဘာမှ မတွေ့ရပေ။

သို့သော် ကျင်းတူးသောအလုပ်ကို ဆက်လုပ်နေသည်။ သူ့ အနောက်ဘက် မနီးမဝေးနေရာတွင် ကြီးမားသောသမဲ့ပင်ကြီး တစ်ပင်ရှိသည်။

ထိုသမဲ့ပင်ကြီးအနောက်ဘက်တွင် ဖလန်ခုံရွာမှ လူတစ် ယောက်ရှိနေသည်။

မောင်ကျော် ဆိုသော လူရွယ်တစ်ယောက်ပင်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မောင်ကျော်သည် ထိုနေရာသို့ရောက်လာပြီးမှ များစွာအိုးရိမ်ကြောက်ရွံ့နေလေသည်။

သူသည် သမဲ့ပင်အကွယ်မှရပ်ကာ လူမည်းကြီး ပြုလုပ်နေသမျှကို ချောင်းမြောင်းကြည့်ရှုနေသည်။

"ရွှေလေးတော့ သေရှာပြီနဲ့တူတယ်၊ မြေကျင်းတူးနေတာလည်း သရဲတစ်ပိုင်း လူတစ်ပိုင်းဖြစ်နေတဲ့ သံပချိုင် ဆိုတဲ့လူပဲဖြစ်ရမယ်၊ ဒီလူကြီး ရွှေလေးကိုသတ်ပြီး အလောင်းကို မြေမြှုပ်ဖို့လုပ်နေတာဖြစ်ရမယ်၊ ငါ ဘယ်လိုလုပ်ရမလဲ၊ အခုနေ ဒီနေရာကို ငါ ရောက်နေတာသိရင် ဒီလူကြီး ငါ့ကိုပါ သတ်ပစ်မှာ အသေ အချာပဲ"

ဟု ချီတုံချတုံဖြစ်နေလေသည်။

ထိုအချိန်တွင် အလောင်းကို မြေမြှုပ်ရန် ပြုလုပ်နေသော လူမည်းကြီးက လုပ်လက်စအလုပ်ကိုရပ်ပြီး နားစွင့်နေသည်။ ပြီးလျှင် နေရာမှထရပ်ကာ မောင်ကျော် ရှိနေသော သစ်ပင်ဘက်သို့ လှည့်ကြည့်လိုက်သည်။

မောင်ကျော်မှာ အသက်ရှူရပ်သွားသကဲ့သို့ဖြစ်သွားပြီး ကျောနှင့်သစ်ပင် ကပ်ထားလိုက်သည်။

လူမည်းကြီးက သူရှိနေသောနေရာဘက်သို့ တစ်လှမ်းချင်း လျှောက်လာနေသည်။





ယခုအချိန်ရောက်တော့မှ အရဲစွန့်ပြီးထွက်ပြေးရန်လည်း မဖြစ်တော့ပေ။

သို့ကြောင့် ကျောနှင့်သစ်ပင် တစ်သားတည်း ဖြစ်အောင် ကပ်ထား၍ ငြိမ်သက်စွာရပ်နေသည်။

သူ့လက်ထဲမှာ ဓားရှည်တစ်လက်တော့ပါသည်။

အကယ်၍ မလွတ်သာတော့ဘဲ ရင်ဆိုင်တွေ့ရလျှင်တော့ သူသေကိုယ်သေ တိုက်ခိုက်ရန် ဆုံးဖြတ်ထားသည်။ သူရှိရာသို့ လျှောက်လာနေသောခြေသံကိုပင် ကြားနေရပြီ။ ခဏကြာတော့ ခြေသံက ရပ်သွားလေသည်။

မောင်ကျော် ကလည်း အသက်ရှူရန်ပင်မေ့နေပြီး လက်ထဲမှ ဓားကို ကျစ်ကျစ်ပါအောင်ဆုပ်ကိုင်ထားသည်။

• ရှေ့ဆက်တိုးလာပါက သူရှိရာသို့ ရောက်လာတော့မည့် အခြေအနေမျိုးမှာ လူမည်းကြီးက ရှေ့ဆက်မတိုးလာဘဲနှင့် ဘယ်လိုစိတ်ကူးပေါ်သွားသည်မသိပေ .. နောက်ကြောင်းသို့ ပြန်လှည့်သွားသည်။

ထိုအခါမှ မောင်ကျော်မှာ သက်ပြင်းချကာ အသက်ဝအောင် ရှူနိုင်လေတော့သည်။

ခြေသံဝေးသွားသောအခါမှ သစ်ပင်ကွယ်မှ ချောင်းကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



လှမည်းကြီးက မြေကျင်းတူးသောအလုပ်ကို ဆက်လုပ်နေသည်။

ထိုအခိုက်မှာပင် မည်သည့်နေရာမှပစ်လိုက်မှန်းမသိသော မြားတံတစ်ချောင်းက သစ်ပင်ကို လာရောက်ထိမှန်လေသည်။

"ဒုတ်"

မြားတံမှာ ခါယမ်းနေဆဲပင်ရှိသေး၏။

လှည့်ကြည့်လိုက်တော့ သစ်ပင်ကြားသို့ဝင်သွားသောပုံရိပ်တစ်ခုကို လှမ်းမြင်လိုက်ရသည်။

မောင်ကျော်လည်း ထိုနေရာမှာ ကြာကြာဆက်မနေဝံ့တော့သဖြင့် ခြေကုန်သုတ်ပြီး ထွက်ပြေးရလေတော့သည်။

* * *





အခန်း (၆)

## သေမင်းခံတွင်းမှလွတ်မြောက်လာသူ

ထိုနေ့က ကြုံခဲ့ရသောအဖြစ်အပျက်မှာ သေမင်းနှုတ်ခမ်းဝသို့ ရောက်ခဲ့ရသည်နှင့်တူလေသည်။

အကယ်၍ ကံမကောင်းပါက ထိုနေရာမှာပင် အသက်ပျောက်သွားနိုင်သောအခြေအနေမျိုးဖြစ်သည်။

မောင်ကျော် ပြောပြနေသောအဖြစ်အပျက်များကို နားထောင်ပြီး နီမောင်ကလည်း စိတ်ဝင်စားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



နီမောင်နှင့် မောင်ကျော်တို့မှာ ဖလန်ခုန်ရွာသားများဖြစ်ကြပြီး အသက် ၂၅ နှစ်အရွယ်ခန့်ရှိကြသော တစ်ရွာတည်းသားများဖြစ်ကြသည်။

"နေစမ်းပါဦး၊ မင်းက ဘယ်လိုကနေ ဘယ်လို အဲဒီနေရာရောက်သွားတာလဲ"

နံဘေးမှာရှိနေသော စောထီး ကပါ ဝင်မေးလိုက်သည်။

"အဲဒီနေ့ညနေပိုင်းက ငါတစ်ယောက်တည်း ငါးလိုက်ဖို့ ချောင်းဖျားဘက် တက်သွားခဲ့တယ်၊ ဗျိုက်တောထဲရောက်တော့ ပြေးလာတဲ့ခြေသံတွေကြားတာနဲ့ ငါလည်း ချုံထဲဝင်ပြီး အခြေအနေကြည့်နေလိုက်တယ်"

"ပြောပါဦး"

မောင်ကျော်က သူတွေ့ခဲ့ရသောအဖြစ်အပျက်အချို့ကို အောက်ပါအတိုင်း ပြောပြသည်။

ခြေသံများကြားသဖြင့် ချုံအတွင်း၌ ဝင်ပုန်းနေစဉ် လူတစ်ယောက် ပြေးလာသည်ကို လှမ်းမြင်ရသည်။

အခြားသူမဟုတ်ပေ ..၊ ရွှေလေး၏အဖေ ဦးတောကျော်ပင်ဖြစ်ကြောင်း သိရသဖြင့် အံ့သြသွားလေသည်။

ဦးတောကျော်က ပြေးရင်းလွှားရင်းနှင့် သူပုန်းနေသောချုံနားရောက်လာသည်။





"ဦးလေး ဒီကိုလာ .."

"ဟင် ..."

"ကျွန်တော် ကျော် ပါ"

သည်တော့မှ ဦးတောကျော် က သူရှိသောချုံထဲဝင်လာပြီး ပုန်းလေသည်။

ဦးတောကျော် တစ်ကိုယ်လုံးမှာလည်း ရွှံ့နွံများ ပေလူးနေပြီး ကြောက်လွန်းသဖြင့် တစ်ကိုယ်လုံး တဆတ်ဆတ် တုန်နေလေသည်။

"ဘယ်လိုဖြစ်လာတာလဲ"

"ရှူး ... ရှူး .."

ဦးတောကျော်က အသံမထွက်စေရန် ခြေဟန်လက်ဟန်ပြလိုက်စဉ် တောတိုးလာသောခြေသံများကို ကြားရလေသည်။

၎င်းတို့နှစ်ယောက်သည် ကြောက်ရွံ့လှသောကြောင့် လတာ ပြင်အောက်မှာ ငြိမ်သက်စွာဖြင့်ဝပ်နေကြသည်။

အတန်ကြာတော့ တောတိုးလာသောအသံ၊ ခြေသံများကြားရပြီး တစ်ကိုယ်လုံး အဝတ်နက်များဝတ်ထားသော လူအချို့ ထိုနေရာသို့ရောက်လာကြသည်။

နှစ်ယောက်သား အသက်ပင် ပြင်းပြင်းမရှူဝံ့ဘဲ ငြိမ်နေကြရလေသည်။



www.burmeseclassic.com

အတန်ကြာတော့မှ လူမည်းများက အခြားတစ်နေရာဘက်သို့ ပြေးသွားကြလေသည်။

"ဘယ်လိုဖြစ်လာတာလဲ ဦးလေး"

ထိုအခါမှ လေသံတိုးတိုးဖြင့်မေးရသည်။

"ငါတို့သားအဖ ထင်းခုတ်နေကြတုန်း သူတို့ရောက်လာပြီး ရန်မူကြတော့တာပဲ"

"ဘယ်သူတွေလဲ"

"ငါလည်းမသိဘူး၊ ပြေးရင်းလွှားရင်းနဲ့ ရွှေလေးတော့ ဘယ်ရောက်သွားပြီလဲမသိဘူး၊ ငါ့သမီးတော့ အန္တရာယ်တွေနဲ့ တွေ့ပြီနဲ့ တူပါရဲ့ကွာ"

ဟု ငိုသံပါကြီးဖြင့်ပြောသည်။

"ဒီလောက်လည်း စိတ်ပူမနေပါနဲ့ ဦးလေး၊ ကျွန်တော် အခြေအနေလိုက်ကြည့်ပေးပါ့မယ်၊ ဦးလေးကတော့ အန္တရာယ်ကင်းတဲ့နေရာမှာ သွားနေပါ"

ဟု ပြောပြီး ဦးတောကျော်ကိုထားခဲ့ကာ ထိုနေရာမှ ထွက်လာခဲ့သည်။

တောထဲမှာ သတိနှင့်သွားသောကြောင့် အခြားအန္တရာယ်တော့ မတွေ့ရပေ။

တစ်နေရာရောက်သောအခါ အဝတ်မည်းကြီးခြုံထားသော





လူတစ်ယောက် မြေကျင်းတူးနေသည်ကို လှမ်းမြင်ရသဖြင့် သစ်ပင်ကွယ်မှ အခြေအနေစောင့်ကြည့်နေရင်း သူကိုယ်တိုင် အန္တရာယ်နှင့်ကြုံရသောကြောင့် အသက်လုကာ ထွက်ပြေးခဲ့ရလေသည်။

နီမောင်၊ စောထီး၊ ငမဲအောင်တို့သုံးယောက်က မောင်ကျော်ပြောသမျှကို စိတ်ဝင်စားစွာနားထောင်နေကြသည်။

စကားဆုံးတော့မှ နီမောင်က မှတ်ချက်ချလေသည်။

"သူ မြေကျင်းတူးနေတာဆိုတော့ လူသေမြှုပ်ဖို့ပဲဖြစ်မှာပေါ့၊ ဒါဆိုရင် ရွှေလေးတစ်ယောက်တော့ သေပြီထင်တယ်"

"ဒါဖြင့် ရွှေလေးကိုသတ်တာ ဘယ်သူလဲ၊ ဘာကြောင့်သတ်တာလဲ"

"ဟိုတစ်လောက သံပချိုင်ရွာက အင်းသူကြီး သံပချိုင်ရောက်လာပြီးတော့ ရွှေလေးကို လာတောင်းတယ်လို့ သတင်းကြားလိုက်တယ်၊ ရွှေလေးက လက်မခံလို့ စိတ်ဆိုးပြီး ပြန်သွားကြတယ်လို့ ပြောတယ်၊ ငါ့အထင်အပြောရရင်တော့ ရွှေလေးကိုသတ်တာ သံပချိုင်တို့အဖွဲ့ပဲဖြစ်နိုင်တာပေါ့"

"တကယ်လို့ မင်းပြောသလိုသာဟုတ်ရင်တော့ ဒါ သက်သက် မတရားလုပ်တာပဲ၊ ငါတို့ရွာသားတွေကိုလာပြီးစော်ကားသလိုဖြစ်နေတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒီတော့ ဘယ်လိုလုပ်ကြရင်ကောင်းမလဲ"

"ဦးတောကျော်တို့အိမ်ကို သွားစုံစမ်းကြည့်ကြမယ်၊ တကယ်လို့ ရွှေလေး ပြန်မရောက်သေးဘူးဆိုရင်တော့ ငါတို့လေးယောက် တောထဲလိုက်ရှာကြည့်ရင် မကောင်းဘူးလား"

ဟု တိုင်ပင်ပြီး လေးယောက်သား ဦးတောကျော်တို့အိမ်သို့ သွားမေးကြည့်သောအခါ ရွှေလေးတစ်ယောက် ပျောက်နေကြောင်း ငိုယိုပြီး ပြောပြကြသည်။

သို့ကြောင့် လေးယောက်သား လက်နက်များယူပြီး တောထဲ လိုက်ရှာရန် ဆုံးဖြတ်လိုက်ကြသည်။

နီမောင်၊ စောထီး၊ ငမဲအောင်တို့မှာ တစ်ဖွဲ့တည်းဖြစ်ကြပြီး သူတို့သုံးယောက်က မိကျောင်းဖမ်းသမားများဖြစ်ကြသည်။

ဘိုကလေးမြို့တွင် မိကျောင်းဖမ်းခွင့်လိုင်စင်ရထားသော ကိုယ်စားလှယ်တစ်ဦးရှိပြီး ၎င်းထံမှခွင့်ပြုချက်ရယူ၍ မိကျောင်းဖမ်းကာရရှိသောမိကျောင်းကိုလည်း ၎င်းကိုပင်ပေးအပ်ရသည်။

နီမောင် က စလွတ်ထိုးရာမှာ လက်ဖြောင့်သူတစ်ဦးပင် ဖြစ်သည်။

ကျန်နှစ်ယောက်ကတော့ ကြိုးကိုင်၊ ပဲ့ကိုင်များဖြစ်ကြသည်။ မောင်ကျော် ကတော့ ကျပန်းအလုပ်သမားတစ်ဦး ဖြစ်ပေသည်။





လေးယောက်သား လိုအပ်သောပစ္စည်းလက်နက်များကို ယူဆောင်ပြီး ချောင်းဖျားဘက်မှာရှိသော သစ်တောများရှိရာသို့ ဆန်တက်ခဲ့ကြလေသည်။

ဓား၊ လှံ၊ မှိန်း စသည်တို့အပြင် အမဲလိုက်ရာမှာ အသုံးပြုသော လေးနှင့်မြားဘူးပါ ယူဆောင်လာသည်။

နီမောင် က စလွတ်ထိုးရာမှာ ကျွမ်းကျင်သလို မြားပစ်ရာမှာလည်း လက်ဖြောင့်သည်။

ချောင်းဖျားဘက်ရောက်သောအခါ လှေကို လုံခြုံသောနေရာ၌ ဖွက်ထားခဲ့ပြီး လေးယောက်သား လက်နက်ကိုယ်စီဖြင့် တောပေါ်တက်ကြလေသည်။

အချိန်မှာလည်း မွန်းလွဲပိုင်းပင်ရှိသေးသော်လည်း မိုးရိပ်များ ရှိနေသောကြောင့် တောထဲမှာမှောင်နေချေပြီ။

"မင်း မနေ့ကတွေ့ခဲ့တာ ဘယ်နေရာလောက်မှာလဲ ငကျော်"

"ချောင်းဖျားဘက် ဗျိုက်တောထဲမှာ၊ ငါ နေရာကို မှတ်မိတယ်"

ဟု ပြောသည်။

ထို့နောက် မောင်ကျော်ကပင် ရှေ့မှဦးဆောင်လမ်းပြကာ ဗျိုက်တောရှိရာ သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဖျိုက်တောဆိုသည်မှာ ကမ်းစပ် နှင့်မဝေးလှဘဲ ရေတက်လျှင် ရေရောက်သောနေရာဖြစ်ပြီး ရေကျသွားသောအခါ ရွှံ့နွံများထူထပ်သည့် လတာပြင်များ ကျန်ခဲ့သောနေရာမျိုး ဖြစ်သည်။

ဖျိုက်တောနေရာတွင် အများအားဖြင့် ကိုင်းတောများ၊ ကိုရုကြီးပင်တောများ၊ လမုပင်၊ လဗပင်၊ သမဲ့ပင်များ အများအပြားပေါက်ပြီး အောက်ခြေ၌ ဖော့ငုတ်များရှိသည်။

ဒီရေတောမှာ ပေါက်တောသစ်ပင်တိုင်း ၎င်းငုတ်ဟု ခေါ်သည့် ဖော့ငုတ်များရှိကြလေရာ အဝေးမှကြည့်ပါက မြေပြင်ကို မမြင်ရအောင်စေ့နေလေသည်။

ဖျိုက်တောများမှာ သာမန်ကမ်းစပ်ရှိမြေမျိုးမဟုတ်ဘဲ လတာပြင်နှင့် နုံးမြေများထူထပ်စွာရှိတတ်သောကြောင့် အချို့နေရာများဆိုလျှင် လူတစ်ယောက် ဒူးလယ်၊ ပေါင်လယ်လောက်အထိ ဒု ရှိလေသည်။

အများအားဖြင့်တော့ ထိုဖျိုက်တောများထဲတွင် ရေငန်အရပ်တွင် မင်းမူကျက်စားလေ့ရှိကြသော မိကျောင်းများ ခိုအောင်းရာ ကျက်စားရာနေရာများဖြစ်ကြလေသည်။

မိကျောင်းများက နွံတောအတွင်းမှာ တစ်ကိုယ်လုံး နစ်မြုပ်နေပြီး မျက်လုံးသာဖော်ထားသည်။





တောကောင်ကလေးများ ဆင်းလာတော့ ရုတ်တရက်ပေါ်လာပြီး ဖမ်းဆီးစားသောက်ကြ ခြင်းဖြစ်၏။

နီမောင်တို့တစ်တွေမှာ တောမှာမွေး တောမှာကြီးပြင်းခဲ့သူများဖြစ်သောကြောင့် တောအကြောင်းကိုတော့ ကောင်းစွာကျွမ်းကျင်ကြသူများဖြစ်ကြလေသည်။

ရှေ့မှသွားနေသော မောင်ကျော်က သူပုန်းနေသော သစ်ပင်နေရာသို့ အရင်ခေါ်သွားလေသည်။

“ငါ ဒီနေရာမှာပုန်းနေတုန်း မြွားနဲ့အပစ်ခံရတာ”

ကြည့်လိုက်တော့ သစ်ပင်မှာ မြှားတံတစ်ချောင်း စိုက်ဝင်နေသည်ကိုတွေ့ရသဖြင့် နီမောင် က နုတ်ယူလိုက်သည်။

ပစ်အားကောင်းသဖြင့် ပင်စည်အတွင်းသို့ အတော်ကလေးစူးဝင်နေရာ အားစိုက်ပြီး နုတ်ယူရသည်။

ဝါးနက်မြှားတံဖြစ်ပြီး တစ်ပေခန့်ရှည်သည်။ မြှားဦးမှာ မီးမြှိုက်ထားသောကြောင့် အဆိပ်လူးထားဟန်ရှိပြီး အမြီးပိုင်းမှာ ဖျိုင်းတောင်တပ်ထားသည်။

“ဒါ ဒူးလေးမှာသုံးတဲ့မြှားတံမျိုးပဲ”

“ဘယ်လိုကြောင့်လဲ”

“လင်းလေးနဲ့ပစ်တဲ့မြှားတံက နှစ်ပေလောက်ရှည်မှရတယ်၊ ဒူးလေးနဲ့ပစ်တဲ့မြှားတံက တစ်ပေလောက်ပဲထားရတယ်၊ ဒူး



www.burmeseclassic.com

www.burmeseclassic.com

လေးနဲ့ပစ်တဲ့အခါ သုံးတဲ့မြားတံက တိုပြီး အလုံးထုတ်ရတယ်၊ အလုံးသေးပြီးရှည်ရင် ပစ်တဲ့အခါ ဖြောင့်ဖြောင့်မသွားဘဲ ခါယမ်းထွက်သွားတတ်တယ်"

"ဒူးလေးနဲ့ပစ်တာဆိုတော့ သရဲတစ္ဆေတွေမဟုတ်တော့ဘူး ပေါ့နော်"

"သရဲတစ္ဆေဆိုရင်တော့ ဒူးလေး ဘယ်ကိုင်ပါ့မလဲကွာ၊ ဒီ အတိုင်းပဲလာပြီး အန္တရာယ်ပေးမှာပေါ့၊ လူမို့သာ ဒူးလေးနဲ့ ပစ်တာပေါ့၊ မြေကျင်းတူးတာ ဘယ်နေရာမှာလဲ"

"ဟိုဘက်နားမှာ ..."

ဟု မောင်ကျော်က လက်ညှိုးထိုးပြသောကြောင့် ထိုနေရာ သို့သွားကြလေသည်။

ထိုနေရာရောက်၍ လိုက်ကြည့်သောအခါ မြေကျင်းတူး သောနေရာကို မတွေ့ရတော့ပေ။

ဒီရေက တက်လိုက်ဆင်းလိုက်ဖြစ်နေသည့်နေရာဖြစ်သော ကြောင့် လတာနုံးများက မျက်နှာပြင် တစ်ညီတည်းဖြစ်အောင် ဖုံးအုပ်လိုက်ပြီဖြစ်သည်။

သို့သော်လည်း ...

မောင်ကျော်က နေရာမှတ်မိသောကြောင့် ထိုနေရာတစ်ဝိုက် မှနုံးမြေများကို ယက်ဖယ်ကြည့်ကြလေသည်။





တစ်နေရာရောက်သောအခါ မြေအောက်မှ အလောင်း တစ် လောင်းပေါ်လာသည်။

"ဟင် ..."

"အို .. ဖြစ်မှဖြစ်ရတယ်"

ထိုအလောင်းမှာ အခြားမဟုတ်ဘဲ ရွှေလေး၏အလောင်း ပင်ဖြစ်သည်။ သေတာ မကြာသေးသောကြောင့် နှုတ်ခမ်းများ ပြာနေသည်မှလွဲပြီး ရုပ်ပျက်ဆင်းပျက်တော့မဖြစ်သေးပေ။

"ဘယ်လိုလုပ်ကြမလဲ"

"သူ့အလောင်းကိုဖော်ပြီး ရွာပြန်သယ်သွားလို့တော့ ရွာက လက်ခံမှာမဟုတ်ဘူး"

"ဒီတော့ ဘယ်လိုလုပ်ရင်ကောင်းမလဲ"

"သူ့အလောင်းကို တစ်နေရာမှာရွှေ့ပြီး မြှုပ်ထားခဲ့မယ်၊ ပြီးမှ သူ့မိဘတွေအကြောင်းကြားရင် မကောင်းဘူးလား"

"အင်း .. ဒါလည်းကောင်းတာပဲ"

"ဒါထက် ရွှေလေးကိုသတ်တာ ဘယ်သူဖြစ်မလဲ"

"အင်းသူကြီး သံပချိုင် ဆိုတဲ့လူပဲဖြစ်မှာပေါ့၊ သူ လာတောင်း လို့မရလို့ မစားရတဲ့အမဲ သဲနဲ့ပက်တဲ့အနေနဲ့ သတ်ပစ်တာဖြစ် မှာပေါ့"

"ဒါ တမင်ရက်စက်တာပဲ၊ ဒီအကြောင်းကို ရွာလူကြီးကို


www.burmeseclassic.com

www.burmeseclassic.com



အသိပေးရမယ်၊ ပြီးရင် မြို့သွားပြီး ဂါတ်မှာ အကြောင်းကြားပြီး အရေးယူခိုင်းရမယ်"

ဟု လေးယောက်သား မကျေမနပ်ပြောဆိုကြရင်းနှင့် ရွှေလေး အလောင်းကို ပြန်ဖော်ကြသည်။

ထိုအခိုက်မှာပင် တအင်းအင်းနှင့် ညည်းညူသံ ပေါ်လာသည်။

"ဟင် .."

"ဟင် .. သရဲခြောက်ပြီဟ ..."

"မဟုတ်ဘူး၊ အပမှီတာနဲ့တူတယ်"

ပြောရင်းနှင့် ညည်းညူသံက ပိုပြီးကျယ်လာသည်။

"အဟင်း .. ဟင်း .. အဟင်းဟင်း"

"ရွှေလေး .. ရွှေလေး"

နီမောင် က ရဲရဲတင်းတင်း အနားကပ်ပြီးခေါ်ကြည့်သည်။

"ကျွန်မကို ကယ်ကြပါ .. ကယ်ကြပါ"

"ဟာ .. ရွှေလေး အသက်ရှင်နေသေးတယ်ကွ"

ဟု ဝမ်းသာအားရပြောလိုက်တော့မှ ကျန်သုံးယောက်က ကြောက်ကြောက်လန့်လန့်ဖြင့် အနားလာကြည့်ကြသည်။ အမှန်ပင်ဖြစ်သည်။

နီမောင် ပြောသကဲ့သို့ ရွှေလေးမှာ ကံကောင်းထောက်မစွာ





ဖြင့် အသက်ရှင်နေဆဲပင်ရှိသေးသည်။

သို့ကြောင့် တွေတွေထူးထူးစဉ်းစားမနေဝံ့တော့ဘဲ လှေရှိရာသို့ ပြန်သယ်ကြလေသည်။

တစ်နေရာရောက်သောအခါ တောတိုးလာသံများကြားရပြီး တစ်နေရာမှ တစ်နေရာသို့ဖြတ်ပြေးသွားသော မည်းမည်းသဏ္ဍာန်များကို ဝိုးတဝါးလှမ်းမြင်ကြရသည်။

"သူတို့ရောက်လာပြီ"

"ဘာမှကြောက်စရာမလိုဘူး၊ ငါ သူတို့ကိုရအောင်တားထားမယ်၊ မင်းတို့က သူ့ကို လှေထဲရောက်အောင်ခေါ်သွားကြ၊ ပြီးရင် ရွာကို အမြန်ဆုံးခေါ်သွားကြပေတော့"

"ဟင် .. မင်းကရော ဘယ်လိုလုပ်မှာလဲ နီမောင်"

"ငါ့အတွက် စိတ်မပူကြနဲ့၊ ငါ သူတို့အခြေအနေကိုကြည့်ပြီး ကုန်းလမ်းကပြန်ခဲ့မယ်"

ဟု ပြောတော့မှ ကျန်သုံးယောက်က ရွှေလေးကို လှေရှိရာသို့သယ်သွားကြသည်။

သူ့လက်ထဲမှာ လေးနှင့်မြားဘူးရှိသည်။

ဘူးထဲမှာ မြားတံက ဆယ်ချောင်းခန့်ရှိသေးသည်။ သစ်ပင်ကြီးများပေါ်မှာ တစ်နေရာမှတစ်နေရာ ကူးသွားသောမျောက်ကိုပင် ထိမှန်အောင်ပစ်နိုင်လေရာ မြားဆယ်ချောင်းဆိုပါက လုံ



www.burmeseclassic.com

www.burmeseclassic.com

လောက်လေသည်။

မောင်ကျော်၊ စောထီး၊ ငမဲအောင်တို့သုံးယောက်က ရွှေလေး ကိုပွေ့၍ လှေဆိပ်သို့ဆင်းသွားသောအခါ နီမောင်က သစ်ပင်တစ်ပင်အကွယ်မှာကပ်၍ အခြေအနေကိုကြည့်သည်။

ကျောတွင် လက်စွဲတော်စလွယ်ပါပြီး ခါးမှာ ဓားမြှောင်ရှိသည်။

လက်ထဲမှာ လေးနှင့်မြားကို အဆင်သင့်ကိုင်ထားသည်။ မှန်းလွဲပိုင်းအချိန်ပင်ရှိသေးသော်လည်း မိုးတဖွဲဖွဲရွာနေသောကြောင့် ဝိုးတဝါးဖြစ်နေသည်။

ဒီအချိန်မျိုးမှာ မျက်စိထက် နားအာရုံကို ပိုအသုံးချရသည်။ မျက်စိကိုလျှင်လျှင်ထားပြီး နားစွင့်ထားသည်။

မနီးမဝေးမှ သစ်ကိုင်းလှုပ်သွားသံကိုကြားရသည်။

သူက မြေပေါ်မှ သစ်ကိုင်းခြောက်တစ်ခုကို မြေပြင် မနီးမဝေးမှာရှိသော ချုံပေါ်ရောက်အောင် ကော်တင်လိုက်သည်။

သစ်ကိုင်းရောက်သွားသည်နှင့် ချုံကလှုပ်သွားသည်။

မနီးမဝေးမှာရောက်နေသောရန်သူက ထိုနေရာကို မြားဖြင့်ပစ်သည်။

'ဝှစ်'ခနဲ မြားဖြတ်သွားသံကို ခပ်သဲ့သဲ့ကြားလိုက်ရသည်။





ရန်သူအနေနှင့် နောက်တစ်ကြိမ် အဆင်သင့်မပြင်ရသေးခင်မှာ အပြင်သို့ ဖျတ်ခနဲလှည့်ထွက်ပြီး ချုံကွယ်နောက်ဘက်မှာရှိနေသောရန်သူကို မြားဖြင့်ပစ်သည်။

"ဝှစ် .."

"အား ..."

မြားဖြတ်သွားသံနှင့်အတူ ညည်းညူသံတစ်ချက်သာ ကြားလိုက်ရသည်။

ရန်သူတစ်ယောက်အတွက် စိတ်အေးသွားရပြီဖြစ်သဖြင့် နောက်တစ်နေရာသို့ရွှေ့ပြီး အခြေအနေကို နားစွင့်ကြည့်လေသည်။

ပတ်ဝန်းကျင်တစ်ဝိုက်မှာ ထူးထူးခြားခြားငြိမ်သက်နေသည်။ အတန်ကြာတော့ မနီးမဝေးမှ ဝူးဝူးဝါးဝါးအသံအချို့ကို ကြားရလေသည်။

လူ့အော်သံမျိုးတော့မဟုတ်ပေ။

ကြည့်နေရင်းမှာပင် သစ်ချုံတစ်ခုနောက်မှ မည်းမည်းသဏ္ဍာန် ကြီးထွက်လာသည်။

မျက်နှာကို အဝတ်ကြီးအုပ်ထားသဖြင့် သဲသဲကွဲကွဲမမြင်ရပေ။

ထူးခြားသောအချက်က ထိုရန်သူ၏လက်ထဲမှာ မည်သည့်


www.burmeseclassic.com

www.burmeseclassic.com



လက်နက်မှမပါဘဲ လက်ကားရား ခြေကားရားဖြင့် ဒယိမ်း ဒယိုင်လျှောက်လာခြင်းဖြစ်သည်။

"လူမဟုတ်ဘူးထင်တယ်၊ မြားနဲ့စမ်းကြည့်မှပဲ"

ဟုတွေးမိပြီး မြားနှင့်ထွက်ပစ်သည်။

မဝေးလှသောကြောင့် ပစ်မှတ်ကိုထိသည်။

"ဝုစ် .."

"ဒုတ် .."

မြားဖြတ်သွားသံနှင့် ထိမှန်သံကိုသာ မရှေးမနှောင်းကြား လိုက်ရသော်လည်း အော်ဟစ်ညည်းညူသံကိုတော့ မကြားရပေ။

နီမောင်မှာ တောမှာနေ .. တောမှာကြီးပြင်းသူမို့ ပရ လောကသားများနှင့်ပတ်သက်ပြီး သိပ်မစိမ်းလှပေ။

သူနှင့် မနီးမဝေးရောက်လာသူမှာ ဘယ်နည်းနှင့်မှ သာမန် လူတစ်ယောက် မဖြစ်နိုင်မှန်း သိလိုက်သည်။

ထိုလူက ရင်ဘတ်မှာစိုက်ဝင်နေသောမြားတံကို ငုံ့ကြည့်နေ သည်။

'ဘိုင်း'ခနဲလဲကျသွားရမည့်အစား စိုက်ဝင်နေသောမြားတံ ကို သူ့လက်ဖြင့်နုတ်ပစ်လိုက်သည်။

'နီမောင် သဘောပေါက်လိုက်ပေပြီ ..၊

ထွေထွေထူးထူးစဉ်းစားစရာမလိုတော့ပေ ..၊





ဒီလိုအန္တရာယ်မျိုးက သူ့မှာပါလာသော လေးမြား၊ ဓား စလွတ်တို့နှင့်တိုက်ခိုက်၍မရနိုင်မှန်း သိလိုက်ပေပြီ။

သို့ကြောင့် လေးနှင့်မြားကိုသိမ်းပြီး ခြေဦးတည့်ရာသို့ ပြေးရလေတော့သည်။

ပြေးနိုင်မှ အသက်ဘေးလွတ်မည်သာဖြစ်သည်။

✸ ✸ ✸



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၇)

## ဦးဖန်ကောင်းနှင့်ပယောဂအစွဲများ

နီမောင်တစ်ယောက် ကံအားလျော်စွာ အသက်ဘေးမှလွတ်မြောက်ခဲ့ရသော်လည်း မသက်သာလှပေ။

တစ်ကိုယ်လုံး ဒဏ်ရာဒဏ်ချက်များရလာသောကြောင့် ဆေးကုရသေးသည်။

နီမောင်၏မိဘများကတော့ ထိုကဲ့သို့လုပ်သောအလုပ်မျိုးကို စိုးရိမ်မှုဖြစ်ကြလေသည်။

ဖခင်ဖြစ်သူ ဦးဘရှိန်က ကွမ်းဝါးရင်းနှင့်ပြောပြသည်။





"တစ်ပွဲစားသံပချိုင် ဆိုတာ လူစင်စစ်မဟုတ်တော့ဘူး၊ လူတစ်ပိုင်း သရဲတစ်ပိုင်းဖြစ်နေတာလို့ ပြောသံကြားရတယ်၊ နောက်ပြီး သူ့အင်းထဲမှာလည်း လူစောင့်မထားဘဲ သရဲတွေအစောင့်ထားတာတဲ့၊ ဒါကြောင့် ငါးဝင်ခိုးတဲ့လူတိုင်း သေတာဖြစ်မှာပေါ့၊ ဟိုတစ်လောကတောင် သဘောရိုးချောင်းက ငတေတစ်ယောက် သရဲသတ်လို့သေတာလို့ပြောပြတယ်"

"ကျွန်တော်တို့က သူ့ကို အကြောင်းမဲ့သက်သက်ရန်စနေတာမဟုတ်ပါဘူး အဖေ၊ သူက ကျွန်တော်တို့ရွာက လူတစ်ယောက်ကို မတရားလာလုပ်လို့ အခုလိုကယ်ရတာပါ"

"ဒါတော့ဒါပေါ့ကွယ်၊ ဒီလိုလူမျိုးတွေနဲ့က မတွေ့ရလေပို ကောင်းလေပေါ့၊ မလွှဲမရှောင်သာလို့တွေ့ရရင်လည်း သတိတော့ထား"

"စိတ်ချပါ အဖေ"

"နောက်တစ်ခုက ဒီလိုကိစ္စမျိုးတွေမှာ မင်းတို့လူငယ်တွေချည်းပဲ အရဲမကိုးကြနဲ့၊ နားလည်ကျွမ်းကျင်တဲ့လူကြီးတွေနဲ့တိုင်ပင်ပြီးလုပ်ကြရင် ပိုကောင်းမယ်"

ဟု ဖခင်ဖြစ်သူ ဦးဘရှိန်က သတိပေးလေသည်။

နေ့လယ်ဘက် နီမောင် ရှိရာသို့ မောင်ကျော် ရောက်လာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



မောင်ကျော်တို့သုံးယောက်မှာလည်း ထိုနေ့က ဘေး အန္တရာယ်ကင်းစွာဖြင့် ရွာသို့ပြန်ရောက်ကြလေသည်။

"မင်း ဒဏ်ရာတွေ သက်သာရဲ့လား နီမောင်"

"အေး .. သက်သာပါတယ်၊ ဒါထက် ရွှေလေးရော သတိရ နေပြီလား"

"သတိတော့ရနေပြီ၊ ဒါပေမယ့် အဖျားဝင်ပြီး ကယောင် ကတမ်းတွေပြောနေတယ်"

"ဆေးဆရာခေါ်ကုမှဖြစ်မှာပေါ့"

"ငါတို့ရွာမှာ ဆေးဆရာမှမရှိတာ .. သဘော့ရိုးဘုန်းကြီး ကျောင်းမှာတော့ ကပ္ပိယကြီးတစ်ယောက်ရှိတယ်၊ သူက ဖိုလည်းထိုးတယ်၊ ဆေးကုပေးတယ်လို့လည်း ပြောသံကြား တယ်"

နီမောင် က အတန်ငယ်စဉ်းစားနေသည်။

"မင်း ရွှေလေးကို ခဏလောက်လိုက်ကြည့်ပါလား၊ ငါတို့ က ဒီအကြောင်းတွေကို နားမလည်တော့ မသိဘူး၊ သူ့ကြည့်ရ တာ စိတ်ထဲက သိပ်မသက်သာဘူး"

ဟု ပြောသဖြင့် နီမောင်လည်း မောင်ကျော်နှင့်အတူ ရွှေလေး တို့အိမ်ဘက်သို့ ထွက်လာကြလေသည်။

ထိုအိမ်သို့ရောက်သောအခါ ရွှေလေး မိဘများမှာ သမီး





အတွက် များစွာစိတ်ပူပန်နေကြဟန်ရှိသည်။

ရွာထဲမှ စုန်းပယောဂနိုင်သည်ဆိုသောလူတစ်ယောက် လည်း ရောက်နေသည်။

နီမောင်တို့ရောက်သွားသောအခါ အိပ်ရာနံဘေးမှာ သူ့ မိခင်သာရှိပြီး အခြားသူများက အိမ်ရှေ့ဘက်မှာထိုင်ရင်း စကား ပြောနေကြသည်။

အိမ်တွင်းအိမ်ပြင်ဆိုသော်လည်း ခန်းစီးတစ်ခုသာခြားထား ပြီး ထိုခန်းစီးကို အပေါ်တင်ထားသောကြောင့် အားလုံးမြင်နေရ သည်။

နီမောင် က ရွှေလေးအနီးသို့သွားပြီး နဖူးကိုစမ်းကြည့်လေ ရာ ခြစ်ခြစ်တောက်ပူနေသည်။ လက်မှသွေးခုန်နှုန်းကလည်း အတော်မြန်နေသည်။

နီမောင် က သူမနဖူးကိုစမ်းကြည့်နေစဉ် ဖျတ်ခနဲမျက်လုံး ပွင့်လာသည်။

မျက်လုံးနှစ်ဖက်စလုံး နီရဲနေသည်။

"နင်တို့ ငါ့ကိုသတ်မလို့မဟုတ်လား၊ အနားမကပ်ကြနဲ့" ဟု ပြောသည်။

"ရွှေလေး သတိထားလေ၊ ငါတို့က နီမောင်နဲ့ မောင်ကျော် လေ .. မမှတ်မိဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"အို .. နင်တို့ကို သိလည်းမသိဘူး၊ မြင်လည်းမမြင်ချင်ဘူး၊ ငါ့ကို ဘာဖြစ်လို့ ဒီကိုပြန်ခေါ်လာကြတာလဲ"

"နင် နေကောင်းသွားအောင်လို့ပါ"

"အို .. ငါ ဘာမှမဖြစ်ဘူး၊ ငါက တောထဲမှာပဲနေချင်တာ.. ငါ့ကို တောထဲပြန်ပို့ပေးကြ"

"အေးပါ၊ နင် နေကောင်းသွားရင် ပြန်ပို့ပေးပါ့မယ်"

"နင်တို့ ငါ့အကြောင်းကိုမသိသေးဘူးထင်တယ်၊ ငါ့ကို ဒီမှာ ဆက်ထားရင် တစ်ရွာလုံးသတ်ပစ်မယ်၊ သွားကြ .. သွားကြ.. နင်တို့သွားကြ .. ငါ့နားမလာကြနဲ့"

ဟု အသံနက်ကြီးဖြင့်အော်ထုတ်ရာ နီမောင်တို့လည်း သူမအနီးမှထကာ အိမ်အပြင်ထွက်ခဲ့ကြသည်။

"ဘယ်လိုလုပ်ကြမလဲ နီမောင် ..၊ ရွှေလေး ကြည့်ရတာ ပုံမှန်မဟုတ်တော့ဘူး၊ ငါ့အထင်ပြောရရင်တော့ သူ သေသွားပြီး ဖုတ်ဝင်နေတာဖြစ်မယ်"

ဟု မောင်ကျော် က ကြောက်ရွံ့သောအသံဖြင့်ပြောသည်။

"ဟုတ်မဟုတ်တော့ အသေအချာမသိဘူး၊ သဘော့ရိုးက ကပ္ပိယကြီးခေါ်ပြမှပဲ အဖြေသိရမှာပဲ၊ ငါတို့ သဘော့ရိုးကို အမြန်သွားမှဖြစ်မယ်၊ မင်း လိုက်ခဲ့မလား မောင်ကျော်"

"အေး .. လိုက်ခဲ့ပါ့မယ်"





ဟုပြောကာ နှစ်ယောက်သား သဘော့ရိုးရွာသို့သွားကြလေသည်။

ရွှေလေးတို့အိမ်မှာတော့ အခြေအနေက ဆိုးရွားနေချေပြီ။

ညအချိန်ရောက်သောအခါ ရွှေလေးမှာ ကောင်းစွာမအိပ်ဘဲ မကြာခဏ ထထိုင်လေသည်။

အခြားသူများ အိပ်ပျော်သောအချိန်ရောက်မှ တစ်ယောက်တည်းထသွားပြီး မီးဖိုအတွင်းမှာကျန်နေသော ထမင်းနှင့်ဟင်းများကို ထစားလေသည်။

တစ်ယောက်တည်း ငုတ်တုတ်ကြီးထိုင်ပြီး တဂျိုးဂျိုးတဂျွပ်ဂျွပ်နှင့်စားနေသံကြားသဖြင့် မိခင်ဖြစ်သူက နိုးလာပြီးထသွားသောအခါ မျက်ထောင့်နီကြီးဖြင့် လှည့်ကြည့်လေသည်။

"ဟဲ့ သမီး .. နင် နေ့မကောင်းသေးဘဲနဲ့ ထမင်းတွေထစားနေတယ် .. ဟုတ်လား"

"ဆာလို့စားတာပေါ့"

လေသံခပ်မာမာနှင့်ပင် ပြန်ပြောလေသည်။

"ထမင်းစားတော့ ပိုပြီးရောဂါတိုးမှာပေါ့၊ နည်းနည်းပဲ စားပါ သမီးရယ်"

"အို .. ကျုပ်က ဒါတင်မကဘူး .. ရှိသမျှ အကုန်စားချင်တာ"

"နေကောင်းတော့ ကျွေးမှာပေါ့ သမီးရယ် .. လာလာ အိပ်



www.burmeseclassic.com

www.burmeseclassic.com



ကြရအောင်”

“အို .. မအိပ်ချင်ပါဘူး၊ ကျုပ်က အပြင်သွားချင်တာ”

“ဟဲ့ .. အချိန်မတော်ကြီးမှ ဘယ်အပြင်သွားချင်ရတာတုံး”

“ကျုပ်က တောထဲမှာပဲနေချင်တာ”

ထိုအခါ မိခင်ဖြစ်သူက ကြောက်ကြောက်လန့်လန့်နှင့် ဦးတောကျော်ကိုပါနှိုးပြီး တစ်ညလုံး မအိပ်ဝံ့ကြတော့သဖြင့် ထိုင်စောင့်ကြရသည်။

ထိုအခါမှ ရွှေလေးမှာ အိပ်ရာထဲဝင်နေလေတော့သည်။

“မယ်ခ .. မင်းသမီးကြည့်ရတာ တယ်အကဲမလှဘူး၊ ငါ ထင်တာတော့ တောထဲမှာသေပြီး ဖုတ်ဝင်လာပြီနဲ့တူတယ်”

“ဒါဖြင့် ဘယ်လိုလုပ်ကြမလဲ”

“ငါတို့ကတော့ ဘာလုပ်တတ်မှာလဲ၊ နီမောင်တို့ ဆရာသွားခေါ်ကြတယ်လို့ပြောသွားတယ်၊ သူတို့ ပြန်ရောက်လာတဲ့ အချိန်အထိတော့ ဒီလိုပဲစောင့်ရမှာပဲ”

ဟု လင်မယားနှစ်ယောက် ဆေးလိပ်ဖွာလိုက်၊ လက်ဖက်ရည်ကြမ်းသောက်လိုက်နှင့် စောင့်နေကြရသည်။

ရွှေလေးကလည်း ကောင်းစွာမအိပ်ဘဲ ညည်းသံကြားလိုက်၊ ခဏကြာလျှင် ဦးတောကျော်တို့နှစ်ယောက် အခြေအနေကို ခေါင်းထောင်ကြည့်လိုက်နှင့် လုပ်နေလေသည်။





ဒေါ်မယ်ခ ကတော့ ကြောက်တတ်သူမို့ မြန်မြန်မိုးလင်းပါစေဟုသာ ဆုတောင်းနေလေသည်။

နောက်တစ်နေ့ နေ့လယ်ပိုင်းအချိန်လောက်တွင် နီမောင်နှင့် မောင်ကျော်တို့ ပြန်လာကြသည်။

သူတို့နှင့်အတူ အသက်ငါးဆယ်ကျော်အရွယ်ခန့်လူကြီး တစ်ဦး ပါလာလေသည်။

ကတုံးပြောင်အောင်တုံးထားပြီး ဆေးလွယ်အိတ်ကြီး တစ်လုံးကိုလည်း လွယ်လာသည်။

သူ့အမည်မှာ ဦးဗန်ကောင်းပင်ဖြစ်သည်။

ဦးဗန်ကောင်းက သဘောရိုးချောင်း၏ ရွာဦးကျောင်းမှာ နေရင်း မိုလည်းထိုး၊ ဆေးလည်းကုပေးသည်။

ယခုလည်း နီမောင်တို့ သွားခေါ်လာသဖြင့် လိုက်လာခြင်း ဖြစ်သည်။

နီမောင်က လမ်းမှာပင် ရွှေလေးနှင့်ပတ်သက်သောအဖြစ် အပျက်အချို့ကို ပြောပြလေသည်။

ဦးဗန်ကောင်း ပါလာသောကြောင့် ဦးတောကျော်တို့ လင်မယား အားလည်းများစွာရှိသွားကြလေသည်။

သရဲခြောက်သောနေရာမှာ ကြောက်ကြောက်လန့်လန့်ဖြင့် နေကြရစဉ် အဖော်များရောက်လာသောကြောင့် ဝမ်းသာအား



www.burmeseclassic.com

www.burmeseclassic.com



တက်ရသည်မျိုးဖြစ်သည်။

ဦးဗန်ကောင်းနှင့်နီမောင်တို့နှစ်ယောက် အိမ်ပေါ်တက်လာသည်ကိုမြင်တော့ ရွှေလေးက အိပ်ရာမှမထဘဲ မျက်ထောင့်နီကြီးဖြင့် လှမ်းကြည့်နေသည်။

ဦးဗန်ကောင်းက ဆေးလွယ်အိတ်ကိုချပြီး လူနာအခြေအနေကို အကဲခတ်ကြည့်နေသည်။

ခဏကြာတော့ ဦးဗန်ကောင်းက သူမလက်တစ်ဖက်ကို သွေးစမ်းကြည့်ရန် ယူတော့ အကိုင်မခံဘဲ ပုတ်ချလေသည်။

"ငါ့လက်ကို မကိုင်နဲ့"

ထိုအခါ နီမောင် က နံဘေးမှ ဝင်ပြောသည်။

"ရွှေလေး .. နင် သက်သာရဲ့လား ..၊ ငါတို့က နင်နေကောင်းသွားအောင် ဆရာကြီးနဲ့ ဆေးကုပေးမလို့လေ .."

"နင် ဘယ်သူလဲ .. ငါ မသိဘူး၊ ငါလည်း ဘာမှမဖြစ်ဘူး၊ ဆေးမကုကြနဲ့"

ဟု လေသံမာမာနှင့်ပြောဆိုနေသည်။

နောက်ဆုံး မိခင်ဖြစ်သူက ချော့မော့ပြောတော့မှ သူမကို သွေးစမ်းခံသည်။

ဦးဗန်ကောင်းက အတန်ကြာအောင်သွေးစမ်းကြည့်ပြီး နှလုံးသည်းခြေဆေးတစ်ခွက် တိုက်လေသည်။





ထိုသို့တိုက်သောအခါမှာလည်း မသောက်ဘဲ ငြင်းဆန်နေသောကြောင့် အချိန်အတော်ကြာအောင် ချော့မော့တိုက်မှ သောက်လေသည်။

ဆေးသောက်ပြီးသောအခါ အိပ်ပျော်သွားလေတော့သည်။ ထိုအခါမှ အိမ်ရှေ့ခန်းပြန်ထွက်လာပြီး အခြေအနေကိုမေးမြန်းပြောဆိုကြလေသည်။

"ဆရာကြီးရယ် .. ကျွန်မသမီးလေး အသက်မှရှိသေးရဲ့လား၊ ဖုတ်တွေဘာတွေဝင်နေတာများဖြစ်နေမလား ဆရာကြီးရယ်"

"ဒီလောက်လည်း စိတ်မပူပါနဲ့ဗျာ၊ အဖျားကြီးပြီး အပူပြင်းနေတာကြောင့်ရယ် .. ကြောက်စရာဖော်သေတွေ့ရပြီး နှလုံးသွေးပျက်သလောက်ဖြစ်နေလို့ အခုလို သူ့စိတ်ထဲမှာ ထင်စရာ မြင်စရာတွေအတိုင်းပြောနေတာလုပ်နေတာဖြစ်ပါတယ်"

ဟု ပြောပြသည်။

ထို့နောက် ကွမ်းတစ်ယာ ယာစားရင်းနှင့် ရောဂါဖြစ်စဉ်အချို့ကိုပါ ပြောပြရာ ထိုအခါမှ နီမောင်တို့မှာ ရွှေလေးအတွက် စိတ်သက်သာရာ ရကြလေသည်။

"သူ့ခမျာ တောထဲမှာ သရဲတစ္ဆေတွေနဲ့တွေ့ပြီး သေဘေးနဲ့ကြုံခဲ့ရတော့ သွေးပျက်ပြီး ပုံမှန်စိတ်မရှိတော့လို့ အခုလိုဖြစ်နေ



www.burmeseclassic.com

www.burmeseclassic.com



တာပေါ့"

"ဒါဖြင့် ပယောဂတော့မဟုတ်ဘူးပေါ့နော်"

"ပယောဂတော့ ပယောဂပါပဲ၊ ဒါပေမယ့် အမှောင့်ပယောဂ အနှောင့်အယှက်တွေကြောင့်ဖြစ်တဲ့ ပယောဂမျိုးတော့ မဟုတ်ပါဘူး"

"ပယောဂ ဘယ်နှစ်မျိုးလောက်တောင်ရှိလို့လဲ ဆရာကြီး၊ ကျွန်တော်တို့ကို ပြောပြပေးပါ"

"ပယောဂဆိုတာ သရဲတစ္ဆေ၊ ဖုတ်၊ စုန်းကဝေ၊ နတ်တို့ နှောင့်ယှက်လို့ဖြစ်တဲ့ ပယောဂမျိုးရှိသလို လူတွေရဲ့အမှောင့် ပယောဂနဲ့မိမိစိတ်ရဲ့ ဥပါဒ်ဒဏ်ဥပါဒ်ဖြစ်တဲ့ပယောဂတွေလည်း ရှိတယ်" ≠ သဌ

"ဟုတ်ကဲ့ ဆရာကြီး"

"သရဲတစ္ဆေ၊ ဖုတ်ပြိတ္တာတွေကတော့ ပူးကပ်ခြင်း၊ ခြောက်လှန့်ခြင်း၊ အသက်အန္တရာယ်ဖြစ်အောင်နှောင့်ယှက်ကြပါတယ်၊ ဒါကို ပရလောကသားတွေရဲ့ပယောဂလို့ လွယ်လွယ်ပြောကြတယ်"

"ဟုတ်ကဲ့"

"စုန်းကဝေတွေကတော့ သူတို့အတတ်ပညာနဲ့ ပြုစားကြတယ်၊ အန္တရာယ်ပေးကြတာပေါ့၊ စုန်းတိုက်နတ်တိုက်၊ ကဝေ





တိုက်၊ သရဲတစ္ဆေတိုက်တွေကို အမှောင့်ပယောဂလို့ ခြုံပြီးခေါ်ကြတယ်"

"လူတွေရဲ့ အမှောင့်ပယောဂဆိုတာ ဘယ်လိုမျိုးလဲ ဆရာကြီး"

"တချို့က ဒီပညာကို ကျွမ်းကျွမ်းကျင်ကျင်မရှိပါဘဲ ဆေးကုကြတယ်၊ ရိုးရိုးရောဂါဖြစ်နေတာကိုလည်း ပယောဂလို့ သတ်မှတ်ပြီး ပယောဂကုတော့ မဖြစ်သင့်တာတွေဖြစ်၊ မသေသင့်တာတွေ သေကြရတယ်"

အချို့တောရွာများမှာ ရောဂါဖြစ်သည်နှင့် နတ်တိုက်၊ စုန်းတိုက်၊ ပယောဂတိုက်ဟုသတ်မှတ်ပြီး ကြိုးဖြင့်တုပ်ကာရိုက်ခြင်း၊ မသင့်သောဆေးများပေးသဖြင့် အသက်သေရသော အဖြစ်ဆိုးများရှိသည်။

"လူတွေက နင်တို့အိမ်မှာ နတ်တိုက်ထားတယ်၊ ပုဏ္ဏားက တိုက်ထားတယ်၊ နင့်ကို စုန်းပြုစားထားတယ်၊ နင်တို့အိမ်မှာ တစ်ခုခုမှားနေတယ်ဟု ထင်ကြေးနဲ့ပြောတာကို မသိတော့ ယုံတဲ့လူတွေကလည်း ယုံကြတယ်"

"ဟုတ်ပါတယ်"

"အပူကြီးပြီး စိတ်ကယောင်ချောက်ချားဖြစ်ပြီး ညဘက် ကယောင်ချောက်ချား ထလိုထ၊ ထမင်းဟင်းတွေထစားတာမြင်



www.burmeseclassic.com

www.burmeseclassic.com



ရင် ဖုတ်ဝင်နေတယ်လို့ထင်ပြီး ပယောဂဆရာ ခေါ်ကုတော့ အနှာတခြား ဆေးကုတာတခြားဖြစ်ပြီး မသေသင့်ဘဲသေကြရတယ်”

“ရွှေလေးလည်း ဒီလိုဖြစ်နေတာပေါ့နော် ဆရာကြီး”

“မှန်ပါတယ်၊ နောက်တစ်ချက်က လူတွေကြောင့်ဖြစ်တဲ့ ပယောဂတွေထဲမှာ မိမိကိုယ်ကိုမိမိ ပြန်နှိပ်စက်တဲ့ပယောဂတွေ လည်းရှိသေးတယ်၊ ဒီမိန်းကလေး ဖြစ်နေသလိုမျိုးပေါ့”

“ဘယ်လိုရောဂါမျိုးလဲ ဆရာကြီး”

“လူတစ်ယောက်ဟာ သိပ်ကြောက်ဖို့ကောင်းတဲ့ အဖြစ်အပျက်တစ်ခုခုနဲ့ကြုံခဲ့ရတယ်ဆိုပါစို့ ...၊ အများအားဖြင့်တော့ တစ္ဆေသရဲ ခြောက်လှန့်ခံရတာမျိုးပေါ့၊ အဲဒီလိုခံရပြီဆိုရင် သည်းခြေကိုထိခိုက်သွားလေ့ရှိပါတယ်၊ လျှို့ဝှက်တဲ့အမှတ်သညာတွေက ဒီအကြောင်းကို မှတ်ထားလေ့ရှိတယ်၊ ငယ်ငယ်က သရဲခြောက်ခံရတဲ့လူတစ်ယောက်ဟာ အသက်အရွယ် ဘယ်လောက်ကြီးကြီး နှစ်တွေ ဘယ်လောက်ပဲကြာကြာ အဲဒီအကြောင်းကို မမေ့တတ်ဘူး”

“မှန်ပါတယ်”

“အကြောင်းတိုက်ဆိုင်လာရင် ပြန်ပြီးသတိရလေ့ရှိတယ်၊ နောက်ထပ်ကြောက်စရာကောင်းတဲ့အဖြစ်အပျက်မျိုးနဲ့ကြုံရရင်





ဘခြားအကြောင်းမတွေးတော့ဘူး၊ သရဲခြောက်တာလို့ပဲ ထင်တတ်ကြတယ်”

“ဟုတ်တယ် ဆရာကြီး ...၊ ကျွန်တော် ငယ်ငယ်က သရဲခြောက်ခံရတာကို အခုထိ မမေ့သေးဘူး၊ ညဘက် တစ်ယောက်တည်းရှိနေတဲ့အခါ သစ်ပင်လှုပ်တာမြင်တိုင်း သရဲခြောက်တယ်လို့ချည်းထင်နေတော့တာပဲ”

ဟု မောင်ကျော်က ဝင်ပြောသည်။

“ဒီမိန်းကလေးဆိုရင် သည်းခြေပျက်လောက်အောင် ကြောက်စရာမျိုးကြုံခဲ့ရတော့ ပုံမှန်စိတ်မရှိတော့ဘူး၊ တွေ့သမျှ မြင်သမျှ တစ္ဆေသရဲတွေခြောက်လှန့်နေတယ်လို့ ထင်နေရုံမဟုတ်တော့ဘူး သူကိုယ်တိုင်တောင်မှ သေပြီး တစ္ဆေသရဲဘဝ ရောက်နေပြီလို့ထင် နေပုံရတယ်”

“အဲဒါ ဘာကြောင့်ဖြစ်ရတာလဲ ဆရာကြီး”

“စောစောကပြောသလို ပြင်းထန်တဲ့ကြောက်စိတ်ကြောင့် မူလစိတ်ပျောက်နေတာဖြစ်သလို အပူကြီးပြီး အဖျားရောဂါဝင်နေတော့ ကယောင်ချောက်ချားဖြစ်နေတာလည်းပါတယ်”

ထိုအခါ နီဇမောင် က ဝင်ပြောသည်။

“ကျွန်တော်တို့လို တောရွာမှာနေတဲ့လူတွေဟာ သရဲတစ္ဆေတွေနဲ့တွေ့ဖို့ ပိုပြီးနီးစပ်မှုရှိလေတော့ တစ်ခုခုဖြစ်တာနဲ့ စုန်း၊



www.burmeseclassic.com

www.burmeseclassic.com



ကဝေ၊ တစ္ဆေ၊ သရဲ နှောင့်ယှက်တယ်လို့ပဲ ထင်တတ်ကြတာပေါ့ ဆရာကြီးရယ်"

"ဒါကတော့ တောမှာနေတာ .. မြို့မှာနေတာနဲ့ သိပ်မဆိုင်ဘူး နီမောင်ရဲ့ ..၊ တောမှာပဲနေနေ .. မြို့မှာပဲနေနေ အသိပညာမရှိဘူး၊ ဗဟုသုတနည်းပါးရင်တော့ ဘယ်နေရာမှာပဲနေနေ ဒီလို အနှောင့်အယှက်မျိုးတွေနဲ့ တွေ့ကြရမှာပဲ"

ဟု ပြောပြလေသည်။

"ဒါဖြင့် ရွှေလေးက ပုံမှန်အတိုင်းပြန်ဖြစ်လာနိုင်သေးတာပေါ့နော် ဆရာကြီး"

မောင်ကျော်က အားတက်သရောဝင်မေးလိုက်သည်။ အဘယ်ကြောင့်ဆိုသော် ... မောင်ကျော်က မရွှေလေးကို တစ်ဖက်သတ်နှစ်သက်နေ သောကြောင့်ပင်ဖြစ်၏။

"စိတ်မပူပါနဲ့ မောင်ရာ..၊ နောက်ထပ် အနှောင့်အယှက်တွေ မရှိတော့ဘူးဆိုရင်တော့ မူလအဖျားရောဂါကိုတော့ တစ်ရက်နှစ် ရက်လောက်ကုပေးရင် ပျောက်သွားမှာပါ"

ထိုစကားကြားသောအခါ မောင်ကျော် မျက်နှာပေါ်မှာ ကျေနပ်မှုအပြုံးရိပ်ကလေးများ ယှက်သန်းသွားလေသည်။

✷ ✷ ✷





## တစ်ပွဲစားတစ်ယောက်၏အကြံအစည်

သံပချိုင်ရွာ၏ချောင်းဖျားဘက်တွင် သံပချိုင်အင်း ရှိသည်။ သံပချိုင်က ထိုအင်းမှာပင် အင်းတဲဆောက်ပြီး တပည့်များနှင့်နေသည်။

တစ်ခုထူးခြားသည်မှာ တဲမှာရှိသောအလုပ်သမားများမှာ ငါးဖမ်း၊ ငါးရွေး၊ ငါးခုတ်အလုပ်သာလုပ်ကြရပြီး အင်းကိုတာဝန် ယူစောင့်ရှောက်သည့်အလုပ်မျိုးတော့ မလုပ်ကြရပေ။



www.burmeseclassic.com

www.burmeseclassic.com



အခြားအင်းများ၊ တမံများ၌ လူစောင့်များထားရသည်။ ညအချိန်ရောက်လျှင် ငါးခိုးသမားများမဝင်စေရန် လှေများဖြင့်ကင်း လှည့်ပေးရသည်။

ထိုသို့အစောင့်မထားပါက ငါးခိုးသမားများက အင်းနှင့်တမံ များအတွင်းမှ ငါးပုစွန်များကို ဖမ်းဆီးခိုးယူကြလေသည်။

သံပချိုင်အင်းမှာ အလျားရှည်သလောက် အတော်လည်းကျယ်ဝန်းသည်။

အင်း၏ဘေးတစ်ဖက်တစ်ချက်တွင် လယ်မြေရိုင်းများရှိပြီးချောင်းများဘက်မှာ ကိုင်းတော၊ သစ်တောနှင့် ရွံ့နွံတောများရှိသည်။ မိုးရာသီရောက်သောအခါ ငါးပုစွန် အလွန်ပေါသောနေရာများဖြစ်သည်။

အင်းနှင့်တမံမှာ အကြီးအသေးကွာပြီး နာမည်မတူသည်မှလွဲပြီး သဘောသဘာဝအတူတူပင်ဖြစ်၏။ လယ်ကွင်းနှင့်ကိုင်းတောသစ်တောများကြားမှာ သဘာဝအတိုင်းရှိနေသော ချောင်းနှင့်မြောင်းများပင် ဖြစ်ကြလေသည်။

မြောင်းနှင့်ချောင်းငယ်များကို ချောင်းဝမှ တာဖြင့်ပိတ်သောအခါ တမံဖြစ်ပြီး ချောင်းကျယ်များကိုပိတ်သောအခါ 'အင်း'ဖြစ်သည်။

အများအားဖြင့်တော့ အင်းရှိသောနေရာများမှာ လယ်ကွင်း



BURMESE CLASSIC .com



ကျယ်များ၊ လယ်မြေရိုင်းများ၊ ကိုင်းပင်မြက်ပင်များရှိသည်။ ဂယက်များ(ဂယက်ဆိုသည်မှာ လယ်ကွက်မဟုတ်ဘဲ သဘာဝအတိုင်း)ဖြစ်နေသော နွံဖုံးသောကွင်းကျယ်များပင်ဖြစ်သည်။ ရွံ့နွံတက်သော ဒီရေတောများရှိသောနေရာမှာရှိကြသည်။

အင်းနှင့်တမံမှာ ငါးပုစွန်လှောင်ရာနေရာများပင်ဖြစ်ကြလေသည်။ မိုးဦးကျရာသီရောက်လာသောအခါ အင်းနှင့်တမံများကိုဖွင့် ပေးထားသည်။ ထိုမှဝင်လာသောရေများကို အသုံးချပြီးစပါး စိုက်ပျိုးခြင်းလည်းဖြစ်သည်။

ထွန်တုံးပိတ်ရာသီဟုခေါ်သော စပါးစိုက်ပျိုးပြီးသည့် တော်သလင်း၊ သတင်းကျွတ်ရာသီရောက်သောအခါ တမံနှင့်အင်းများကို တာဖို့ပြီးပိတ်လိုက်ကြသည်။ တန်ဆောင်မုန်းလရောက်တော့ လယ်ကွင်းများအတွင်းမှာ ရေခန်းတော့မည်ဖြစ်သောကြောင့် လယ်ကွင်းများအတွင်းရှိကြသော ငါးပုစွန်များက ရေရှိရာ အင်းတမံများအတွင်းသို့ ဆင်းကြသည်။ ထိုနေရာများမှာလာရောက်နေကြလေသည်။

တမံများကတော့ နွေရာသီ စပါးသိမ်းပြီးမှ တမံအတွင်းမှရေကို ဖောက်ထုတ်ပြီး ငါးဖမ်းကြသည်။

အင်းကတော့ ထိုသို့မဟုတ်ပေ။ အဝတွင် တမံဆည်ထားပြီး ငါးပုစွန်ဆင်းရန်အပေါက်ဝချန်ထားပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအပေါက်ဝမှ ယင်းချပ်များ၊ ပိုက်များအသုံးပြုကာ ဆင်းလာသော ငါးပုစွန်များကိုဖမ်းဆီးယူကြသည်။

မိုးဦးရာသီက လယ်ကွင်းများသို့တက်လာသော ငါးပုစွန်များ ဥချသားပေါက်ပြီး မိုးကုန်၍ ဆောင်းဦးပေါက်ရာသီးရောက်သောအခါ ချောင်းများအတွင်းသို့ ပြန်ဆင်းကြသည်။

တမံများအင်းချပ်မှာထားလျှင်လည်း မနေတော့ပေ ..၊ သို့ကြောင့် ရေထွက်ပေါက်ထားပြီးဆင်းလာသောငါးပုစွန်များကို ထောင်ဖမ်းကြခြင်းဖြစ်သည်။ (ယခုအခါမှာတော့ ငါးပုစွန် မွေးမြူရေးကန်များပြုလုပ်ပြီး အများအပြား ဖမ်းဆီးကြသည်။)

ရေးက အင်းကြီးများမှာ ငါးပုစွန်ဆင်းသောရက်မှာ သူ့ရက်နှင့်သူဖြစ်သည်။ ဝါဆိုဝါခေါင် ရေကြီးသောရက်များမှာ ပုစွန်ကျော့များဆင်းသည်။

မိုးဦးကျရာသီ ကိုင်းတော၊ မြက်တောများမှာ သားပေါက်သောပုစွန်ကျော့များမှာ ဝါဆိုဝါခေါင်ဆိုလျှင် ချောင်းထဲသို့ဆင်းသည်။

ထိုအချိန်မျိုးမှာ ပုစွန်သာအရများပြီး ငါးမရပေ။ အဘယ်ကြောင့်ဆိုသော် ထိုရာသီတွင် ငါးက ကွင်းများသို့တက်သွားပြီး ပြန်မဆင်းကြသေးပေ ..၊

ပုစွန်ကျော့များနှင့်အတူ ဆင်းလာသောငါးမှာ ငါးနုပ်ငါးဖွဲ့





များဖြစ်ကာ အများအားဖြင့်တော့ ငါးပျက်များဖြစ်သည်။ ရေးကတော့ ငါးပျက်များကို ငါးပိလုပ်သူများသာယူပြီး အခြားဘယ်သူမှ မဝယ်ပေ ..၊

(ယခုတော့ ငါးပျက်က ရောင်းတန်းဝင်ဖြစ်နေချေပြီ)

တော်သလင်းလလောက်ဆိုလျှင် မိုးရာသီတစ်လျှောက်လုံးဆင်းသော ပုစွန်ကျော့ရာသီကုန်သွားပြီး ငါးဆင်းသောရာသီ စ,လေပြီ။

ချောင်းငါးများက အရင်ဆင်းသည်။

ဦးစွာ 'ကပ်သပိုးငါး'များဆင်းသည်။

ပြီးလျှင် 'ကကတစ်'များဆင်းသည်။

နောက်ပိုင်းမှာတော့ သူ့ရေနှင့်သူ၊ သူ့ရက်နှင့်သူ ချောင်းငါး မြစ်ငါးများနည်းသွားသောအခါ လယ်ငါးများဆင်းသည်။

လယ်ငါးဟုသတ်မှတ်ထားသောငါးများမှာ ...

ငါးရံ့၊ ငါးခူ၊ ငါးပြေမ၊ ငါးကျည်း၊ ငါးပနော်၊ ငါးခေါင်းတို (ငါးဘူတိုဟုလည်းခေါ်သည်)ငါးခုံးမ၊ ငါးဖမ်းမ စသောငါးများဖြစ်သည်။

ထိုငါးအမျိုးအစားများမှာ တစ်မျိုးနှင့်တစ်မျိုး ရောမဆင်းဘဲ သူ့ရက်နှင့်သူ့ရေအမျိုးအစားအလိုက် ဆင်းကြသည်။ ထိုရက်များကိုအင်းသူကြီးများက အသေအချာမှတ်သားထားကြ



www.burmeseclassic.com

www.burmeseclassic.com



ရှိသည်။

အချို့ဆိုလျှင် လျှို့ဝှက်စွာမှတ်တမ်းရေးထားကြသည်။ ၎င်းတို့မှတ်သားထားသောအချက်မှာ ...

ဘယ်နေ့၊ ဘယ်ရက်၊ ဘယ်ရေ ..(ဥပမာ .. တော်သလင်းလဆန်းရေ၊ တော်သလင်းလဆုတ်ရေ)တွင် ဘယ်ငါးအမျိုးအစား (ဥပမာ .. ကပ်သပိုး၊ ကကတစ်၊ ငါးရံ့၊ ငါးခူ၊ ငါးပြေမ) ဘယ်နှစ်ပိဿာ ဆင်းသည်။

အံ့ဩဖို့ကောင်းသောအချက်မှာ ထိုမှတ်တမ်းများမှာ နှစ်စဉ်တိုက်ဆိုင်လေ့ရှိကြသည်။

"ဒီနေ့ ဒီရက်မှာ ကပ်သပိုးပိဿာချိန် ဘယ်လောက်ဆင်းမည်၊ ကကတစ်ပိဿာချိန် ဘယ်လောက်ရမည်"

ဟု နေ့ရက်၊ ပိဿာချိန်နှင့် ရမည့်ငါးအမျိုးအစားကို မှန်အောင်ပြောနိုင်ကြသည်။ ခန့်မှန်းနိုင်ကြသည်။ ၎င်းတို့ပြောသည့်အတိုင်း မှန်ကန်လေသည်။

ထိုအချက်များကတော့ ထူးဆန်းသောတိုက်ဆိုင်မှုပင်ဖြစ်သည်။ ပြင်ဒရယ်သစ်တော်တွင် ငါးဒန်မျှားသူတစ်ဦးကိုတွေ့ဖူးသည်။

"ဘယ်နေ့ဘယ်ရက်တွင် ဘယ်ချောင်းဝမှ လဲမှပင်၊ လဗပင်တွင် ပိဿာချိန် ဘယ်လောက်ကြီးသောငါးဒန်ရမည်"





ဟု ကြိုတင်ပြောပြနိုင်သည်။

သူပြောသည့်အတိုင်းပင် မှန်သည်က များသည်။

ဒါကတော့ အတွေ့အကြုံနှင့် အမှတ်အသားကောင်းခြင်းတို့အပြင် သဘာဝ၏ဆန်းကြယ်မှုများလည်း ပါဝင်မည်မှာ သေချာသလောက်ဖြစ်သည်။ ထိုပုဂ္ဂိုလ်များကို 'တစ်ပွဲစား'ဟု ခေါ်ဝေါ်သတ်မှတ်ကြလေသည်။

အင်းသူကြီးများမှာလည်း လုပ်ငန်းအတွေ့အကြုံနှင့် အမှတ်အသားကောင်းခြင်းတို့အပြင် သဘာဝ၏ထူးခြားဆန်းကြယ်မှုများကြောင့် ငါးအမျိုးအမည် ဆင်းမည့်ရက်နှင့် ရရှိမည့် ပိဿာချိန်ကို ကြိုတင်ခန့်မှန်းနိုင်ကြသည်။

သူတို့ပြောသည့်အတိုင်းလည်းမှန်လေသည်။

တစ်ချိန်က အင်းရဲကြီးအင်းသူကြီးမှာ ထိုကဲ့သို့ပြောဆိုမှုများကြောင့် နာမည်ကြီးခဲ့လေသည်။

ထိုလူများကို အများက 'တစ်ပွဲစား'ဟုသတ်မှတ်ကြသည်။

လူ့ဘဝမှ သရဲဘဝရောက်နေသူဟု ထင်ကြေးဖြင့် ပြောဆိုသတ်မှတ်ကြလေသည်။

သည်နေရာတွင် သဘာဝ၏ထူးခြားဆန်းကြယ်မှုအကြောင်းကိုလည်း ရေးသားပြလိုက်သည်။

"ဝါဆိုလဆန်း ၁၂ ရက်နေ့ညဦးပိုင်း ရေတက်ဦးအချိန်



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



လဗတစ်ပင်ချောင်း၏လက်ဝဲဘက်သောင်စပ်မှာရှိသော လမုပင်၌ လမုသီးအမည်ဖြင့် ငါးများထောက်ပါက အချိန်တစ်ဆယ်ခန့် ငါးဒန်ရမည်”

ဟု ရေးထားသောမှတ်တမ်းမျိုးရှိသည်။

ထိုနေ့ ထိုရက် ထိုအချိန်တွင် ထိုနေရာ၌ ငါးများထောက်ပါက အချိန်တစ်ဆယ်ထက်ပိုလည်းမပို၊ လျော့လည်းမလျော့သော ငါးဒန်တစ်ကောင်ကို မဈွဲမသွေရနိုင်လေသည်။

အခြားနေရာမှမှတ်တမ်းများမှာလည်း ထိုနည်းအတိုင်းပင် ဖြစ်၏။

ငါးဒန်ရသည်ဆိုသော်လည်း ပိဿာချိန်နှင့်တကွ တူနေသည်ကတော့ ထူးခြားသောတိုက်ဆိုင်မှုမျိုးပင်ဖြစ်၏။ အင်းများမှာလည်း အင်းသူကြီးများက ရက်စွဲနှင့်တကွ ငါးအမျိုးအမည်နှင့် ရရှိမည့်ပိဿာချိန်ကိုပါ မှန်ကန်အောင်ပြောနိုင်ကြသည်။

၎င်းတို့ခန့်မှန်းပြောဆိုသည့်အတိုင်းလည်း ပိဿာချိန်မလွဲရလေသည်။

ထိုအချက်များကတော့ ဆန်းကြယ်လှပေသည်။

ဒီနေရာမှာ တစ်ပွဲစားဆိုသူများကို အမှတ်အသားကောင်းသူများဖြစ်ကြောင်းနှင့် လုပ်ငန်းနှင့်ပတ်သက်ပါက အတွေ့အကြုံကြွယ်ဝသူများဖြစ်သည်ဟု မယဘုယျဆိုရမည်ဖြစ်သော်





လည်း အချို့မှာ အံ့သြစရာကောင်းသည်မျိုး ကျွန်တော် ငယ်စဉ်က တွေ့ကြုံဖူးသည်။

ကျွန်တော်တို့ဖခင်လုပ်သောထင်းပွဲရုံတွင် ‘ဦးခွေး’ဆိုသောသူတစ်ဦးရှိသည်။

သူသည် ကျွန်တော်၏ဖခင်နှင့် ဆွေမျိုးသားချင်းမကင်းသော်လည်း ထင်းလုပ်ငန်းမလုပ်ဘဲ တစ်သက်လုံး ငါးရှာခြင်းအလုပ်ဖြင့်သာ အသက်မွေးလေသည်။

အထက်၌ရေးသားခဲ့သောမှတ်တမ်းမျိုး ဦးခွေး ထံမှာ မြောက်မြားစွာရှိသဖြင့် ငါးရှာသွားသည့်အခါ ငါးမရဘဲနှင့်ပြန်ရသည်မျိုး မရှိဖူးချေ။

၎င်းမှာရှိသော မှတ်တမ်းများကိုလည်း မည်သူ့မျှမပြသလို အမြင်လည်းမခံပေ။

“ဟင်းစားတော့ပေးမည်၊ ကွန်ချက်တော့မပေးပါ”

ဟူသော တံငါသည်တို့လက်သုံးစကားအတိုင်း ငါးရလာသောအခါ ဟင်းစားကိုသာ အလကားပေးချင်ပေးမည်၊ ၎င်းမှတ်တမ်းများကိုတော့ မည်သူ့ကိုမှမပြပေ..။ ယုတ်စွအဆုံး အိမ်ကမိန်းမနှင့်သားသမီးများကိုပင် မပြပေ။

(သူသေတော့ ထိုမှတ်တမ်းများကိုမတွေ့ကြရတော့ပေ။)

တစ်နေ့တော့ လှေကြီးပေါ်မှာ ဝိုင်းဖွဲ့ပြီးလက်ဖက်ရည်



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ကြမ်းသောက်နေကြရာ ဦးခွေးလည်းပါသည်။

“ဦးခွေးက ငါးရှာထွက်ရင် မရဘဲပြန်လာတာမျိုးမရှိဘူး၊ ဘယ်လိုဖမ်းတာလဲဗျ”

“ရမှာပေါ့ဗျ၊ ငါက ရေထဲကငါးတွေမြင်နေရတာကိုး”

ဦးခွေးက လက်ဖက်ရည်သောက်ရင်း ဟန်မပျက်ပင် ပြန်ပြောလေသည်။

ထိုအခါ စောစောကမေးသော ကိုစံသိန်းက ...

“ခင်ဗျားကလည်းဗျာ ကြွားစရာမရှိ ကြွဖန်ကြွားနေပြန်ပါပြီ”

ဟု ပြောသည်။

“ငါက ကြွားနေတာမှမဟုတ်တာ .. မြင်လို့မြင်ရတယ်ပြောတာပဲ”

“ဒါဖြင့် ဒီနေရာရဲ့အောက်မှာ ဘယ်လိုသတ္တဝါရှိသလဲ မှန်အောင်ပြောဗျာ”

“ငါတို့လှေအောက်မှာ ကနုစိုသစ်ခေါင်းတစ်ခုရှိတယ်၊ အဲဒီသစ်ခေါင်းထဲမှာ ပုစွန်တုပ်ကြီးနှစ်ကောင်ရှိနေတယ်လေ”

“ဒီလိုဆိုတော့ ဘယ်ယုံပါ့မလဲ၊ ခင်ဗျားပြောချင်ရာတွေပြောနေတော့ ဘယ်နှယ့်လုပ်ပါ့မလဲ”

“မယုံရင် မင်းနဲ့ငါနဲ့ အလောင်းအစားလုပ်မလား”





ဦးခွေးက စိန်ခေါ်သည်။

“ဘယ်လို အလောင်းအစားမျိုးလဲ”

“ငါပြောတဲ့အတိုင်းမှန်ရင် မင်းက တောဝက်သား တစ်ပိဿာ ဝယ်ပေး၊ ငါရှုံးရင် မင်းကြိုက်တာဝယ်ပေးမယ်”

“ဟန်ကျတာပေါ့ဗျာ၊ ကျွန်တော်နိုင်ရင် တောအရက်တစ်ပုလင်းသာ ဝယ်ပေးပါဗျာ”

“ဒါဖြင့် မင်း သဘောတူပြီလား”

“တူပါပြီဗျာ၊ လက်တွေ့သာပြပါ”

ထိုအခါ ဦးခွေးက သောက်လက်စလက်ဖက်ရည်ပန်းကန်ကိုချပြီး ပုဆိုးခါးတောင်းကျိုက်ကာ ရေထဲသို့ ‘ဝုန်း’ခနဲခုန်ဆင်းသွားလေသည်။

အားလုံးကလည်း မထင်မှတ်သောအလောင်းအစားပွဲကလေးကို စိတ်ဝင်စားစွာဖြင့် စောင့်ကြည့်နေကြသည်။

မိနစ် ၂၀ ခန့်ကြာသည်အထိ ဦးခွေး ပြန်ပေါ်မလာပေ။

“အဘိုးကြီးတော့ လောင်းကြေးပေးရမှာစိုးလို့ တစ်နေရာကိုပြေးပြီနေ့တူတယ်”

ဟု ကိုစံသိန်းက ပြောနေစဉ်မှာ လှေနှင့်မနီးမဝေး ရေပြင်ပေါ်သို့ ဦးခွေး ပြန်ပေါ်လာသည်။

လက်နှစ်ဖက်တွင် ပုစွန်တုပ်ကြီးနှစ်ကောင်ကို တစ်ဖက်



www.burmeseclassic.com

www.burmeseclassic.com



တစ်ကောင်ကိုင်ကာ ပေါ်လာခြင်းဖြစ်သည်။

ထိုမြင်ကွင်းကို မြင်ရတော့ အားလုံးမှာ ယုံရအခက်၊ မယုံရအခက်နှင့် အံ့ဩနေကြလေသည်။

ကိုစံသိန်း ကတော့ နေရင်းထိုင်ရင်းနှင့် ဝက်သား တစ်ပိဿာဖိုး ရှုံးသွားခဲ့ရလေသည်။

ထိုကဲ့သို့သော ဆန်းကြယ်မှုများကြောင့် တစ်ပွဲစားဟု သတ်မှတ်ခံထားရသူတို့မှာ သာမန်အရည်အသွေးများအပြင် ထူးခြားသည့်အရည်အချင်းများလည်းရှိနေသေးကြောင်း သိသင့်ပေသည်။

သံပချိုင်အင်း၏ အင်းသူကြီး သံပချိုင်မှာ ထိုကဲ့သို့သော ဆန်းကြယ်သည့်လူတစ်ယောက်ဖြစ်သည်။

အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း ၎င်းပိုင်ဆိုင်သောအင်းမှာ ကျယ်ဝန်းသလောက် ငါးပုစွန်လည်း အရများလေသည်။

သံပချိုင်က ၎င်းမှထွက်သော ငါးပုစွန်များကို ဘိုကလေးမြို့၊ ဖျာပုံမြို့များမှ ငါးရှဲပွဲစားများဖြင့် ဆက်သွယ်ပြီး ရောင်းချလေသည်။

ထိုမျှကျယ်ဝန်းသောအင်းကို လူစောင့်မထားသောကြောင့် အချို့မှာ အထူးအဆန်းဖြစ်နေကြသည်။

အချို့လည်း အရဲစွန့်ပြီး ငါးခိုးဖမ်းကြသည်။





ထိုသို့ဝင်ရောက်ပြီးငါးခိုးဖမ်းသူတိုင်း မမြင်ရသောအန္တရာယ်နှင့်တွေ့ပြီး အသက်သေဆုံးကြရသည်။ ထို့ကြောင့် သံပချိုင်မှာ သရဲမွေးထားသည်ဟု ထင်ကြေးဖြင့် ပြောဆိုကြခြင်းဖြစ်သည်။

၎င်းထံမှာ လက်ရွေးစင်ခေါ်ထားသောလူမိုက်များတော့ ရှိကြသည်။

ထိုသူများမှာ လူစင်စစ်ဖြစ်သော်လည်း သရဲသဘက်ပုံစံမျိုး ပေါက်နေကြသည့်လူကြမ်းများဖြစ်ကြလေသည်။

အချိန်မှာ ညနေပိုင်းအချိန်ဖြစ်သောကြောင့် အင်းအတွင်းမှာ အမှောင်ရိပ်များဖုံးနေချေပြီ။

အင်းတဲအတွင်းမှာ မှောင်နေသော်လည်း ရေနံဆီမီးအိမ်တစ်လုံးထွန်းထားသောကြောင့် အလင်းရောင်အနည်းငယ်ရှိနေသည်။

တဲအတွင်းမှာတော့ သံပချိုင်နှင့် သူ့တပည့်များရှိနေကြသည်။ သံပချိုင်မှာ ဒေါသထွက်နေသောကြောင့် အရက်ကိုတစ် ခွက်ပြီးတစ်ခွက်သောက်ကာ မျက်ထောင့်နီကြီးဖြင့် သူ့တပည့်များကို တစ်ယောက်ချင်းလိုက်ကြည့်နေသည်။

“ငမှတ် သေတာ ဘယ်သူ့လက်ချက်လဲ”

“ဖလန်ခုန်ရွာသား နီမောင် လက်ချက်ပါ”



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုဖြစ်ပြီးသေရတာလဲ"

"ဆရာကြီးခိုင်းတဲ့အတိုင်း ရွှေလေးအလောင်းကို ဖော်ယူဖို့ အသွားမှာ သူတို့အဖွဲ့နဲ့တွေ့ရတာပါ၊ သူတို့က ကျွန်တော်တို့ အရင်ရောက်နေပြီး အလောင်းကို ဖော်ယူသွားကြတာပါ"

"ဘာကွ .."

"ဟုတ်ပါတယ်၊ ကျွန်တော်တို့ရောက်သွားတဲ့အချိန်မှာ အလောင်းက ဖော်ပြီးနေပါပြီ၊ ငမုတ်ကနောက်က မြားနဲ့ ပစ်သတ်ဖို့လုပ်ရင်းနဲ့ နီမောင် မြားချက်ထိပြီးသေရတာပါ"

"တောက် .."

သံပချိုင်၏တောက်ခေါက်သံက ပတ်ဝန်းကျင်တစ်ခုလုံး ဟိန်းထွက်သွားလေသည်။

"ကောင်မလေးအလောင်းက ဘယ်ရောက်သွားပြီလဲ"

"ရွာပြန်ရောက်သွားပါပြီ၊ ကောင်မလေးက အသက်မသေသေးဘူး ဆရာကြီး၊ သဘော့ရိုးက ကပ္ပိယနဲ့ဆေးကုနေတာ အတော်ပြန်ကောင်းနေပြီလို့ သတင်းကြားရတယ်"

ထိုစကားကြောင့် သံပချိုင်မှာ တအံ့တဩဖြစ်သွားသည်။ မယုံနိုင်သောအမူအရာဖြင့် တပည့်များကို ကြည့်လေသည်။

"ဟုတ်ရဲ့လားကွ"

"ဟုတ်ပါတယ် ဆရာကြီး၊ သတင်းပေးတဲ့လူက သေသေ





ချာချာလာပေးတာပါ"

"ဒီလိုဆိုတော့လည်း ငါ့အတွက် ပိုကောင်းတာပေါ့ကွာ၊ နောက်တစ်ကြိမ် ပွဲကြီးပွဲကောင်းတစ်ခုတွေ့ရဦးတော့မှာပေါ့"

"ဒါပေမယ့် ဆရာကြီးအနေနဲ့တော့ ဖလန်ခုန်ရွာကိုသွားဖို့ မသင့်တော့ဘူး"

"ဘာဖြစ်လို့လဲကွ"

"ကျွန်တော်တို့အကြောင်းတွေကို ကောင်မလေးကတစ်ဆင့် သူတို့သိတန်သလောက်သိကြပြီးပြီ၊ ဒီတစ်ခါသွားရင် သူတို့နဲ့ ပြဿနာဖြစ်နိုင်ပါတယ်"

"ဒီတော့လည်း တစ်မျိုးကြီးမှားပေါ့ကွာ၊ အခုလို ဇာတ်လမ်းတွေမရှည်သင့်ဘဲရှည်နေတာ မင်းညံ့လို့ပဲ စံထွန်း၊ အလောင်းမြှုပ်တဲ့နေ့က နောက်ကလိုက်ချောင်းတဲ့ကောင်လေးကို မြားနဲ့ ထိ အောင်မပစ်နိုင်လို့ အခုလိုဖြစ်လာတာကွ"

"ကျွန်တော် တောင်းပန်ပါတယ် ဆရာကြီး၊ နောက်တစ်ကြိမ်မှာ ဒါမျိုးမဖြစ်စေရပါဘူး"

စံထွန်းမှာ သဘော့ရိုးချောင်းရွာသားဖြစ်ပြီး ဒဏ်ရာတစ်ခုကြောင့် သေလုမျောပါးဖြစ်နေစဉ် သံပချိုင် ရောက်လာပြီး မှော်ဖြင့်ဆေးကုပေးရာမှ ပျောက်ကင်းသွားသောအခါ သံပချိုင်ထံမှာ လာရောက်တပည့်ခံနေခြင်းဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒီကိစ္စတွေအားလုံးကို လုပ်ပေးနေတာ နီမောင် မဟုတ်လား"

"ဟုတ်ပါတယ်"

"သူ့ကြောင့် မှတ်လည်းသေရတယ်၊ သူ့ကို ငါ့အကြောင်း သိရအောင်တော့ပြရမယ်၊ ဒါပေမယ့် အကြမ်းနည်းသုံးလို့တော့ မဖြစ်ဘူး၊ ဥပါယ်တံမျဉ်နဲ့ ငါတို့ကျော့ကွင်းထဲ ရောက်လာ အောင် အရင်လုပ်ရမယ်၊ မင်းတို့ ငါနိုင်းတဲ့အတိုင်း ပီရီအောင် သာလုပ်ကြပေတော့"

"စိတ်ချပါ ဆရာကြီး"

သံပချိုင် က ၎င်းတပည့်များအား ပြုလုပ်ရမည့်အစီအစဉ် များကို တစ်ခုချင်းပြောပြလေသည်။

အပြင်ဘက်မှာ အမှောင်ရိပ်များက ပိုမိုသိပ်သည်းစွာ ရောက်နေချေပြီ ...။

* * *





အခန်း (၉)

<u>ပရလောကလှည့်စားမှုများ</u>

နောက်ပိုင်းရက်များမှာတော့ ဆရာကြီးဦးဇန်ကောင်း၏ ကုသပေးမှုကြောင့် ရွှေလေး၏ရောဂါအခြေအနေမှာလည်း သက်သာပျောက်ကင်းလာလေသည်။

သာမန်အဖျားရောဂါသာကျန်တော့ပြီး စိတ်ကြောင့်ဖြစ် သော ပယောဂများအားလုံး ကင်းသွားလေသည်။

ရွှေလေးကတော့ သတိမရစဉ်က သူမ ပြုမူခဲ့သောအကြောင်း များကို မသိတော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



ရွှေလေး အခုလို အခြေအနေပြန်ကောင်းလာသောကြောင့် အားလုံးက ဝမ်းသာနေကြသလို အပျော်ဆုံးကတော့ မောင်ကျော်ပင် ဖြစ်၏။

နီမောင်လည်း ဝင်ပြောပြသည်။

"နင် အခုလို အသက်ပြန်ရှင်ခွင့်ရတာ မောင်ကျော်ကို ကျေးဇူးတင်ရမယ်၊ သူကယ်လို့ အခုလိုရွာပြန်ရောက်လာခဲ့တာ"

ဟု သာသာထိုးထိုးဖြင့်ဝင်ပြောပြရာ ရွှေလေးက ရှက်ပြုံးကလေးဖြင့် မောင်ကျော်ကို ကြည့်နေလေသည်။

ရွှေလေး မိဘများကတော့ ဟိုရက်ပိုင်းက သမီးဖြစ်သူမှာ လူအသက်မရှိတော့ဘဲ ဖုတ်ဝင်နေသည်ဟုထင်ကြရာမှ ယခုကဲ့သို့ အခြေအနေပြန်ကောင်းလာသောအခါ များစွာဝမ်းသာနေကြသည်။

အမှန်တော့ ထိုသို့ဖြစ်ရခြင်းမှာ လူကို ပယောဂက ဝင်ရောက်လှည့်စားခြင်းကြောင့်ပင်ဖြစ်ပေသည်။

ထိုကဲ့သို့သောအကြောင်းများကို ဆရာဝန်တင်ရွှေက ၎င်းတွေ့ကြုံခဲ့ရသောအဖြစ်အပျက်များကို မှတ်တမ်းတင်ထားရာ အောက်ပါအတိုင်း တွေ့ရလေသည်။

ကျွန်တော်နှင့်အတူ ယောမြေ၌ လက်တွဲအမှုထမ်းခဲ့သော ကိုရန်အောင်နှင့်ဇနီးမလှမြင့်တို့၏အဖြစ်မှာ စိတ်ဝင်စားဖွယ်





ကောင်းပါသည်။

သူတို့သည် ကျေးလက်ကျန်းမာရေးဌာနရှိရာ မြို့နှင့် ဝေးတန်ဝေးသောကျေးရွာကြီးတစ်ရွာ၌ နေထိုင်ကြပြီး ကျွန်တော်နှင့် သွေးရင်းသားရင်းပမာ ရင်းနှီးကြသူများဖြစ်ပါသည်။

မလှမြင့်မှာ အသက်အားဖြင့် နှစ်ဆယ်ပြည့်ရုံမျှရှိသေး၍ ချောချင်ပချင်သောအရွယ်ဟု ဆိုရပါမည်။ အိမ်ထောင်ကျသည်မှာလည်း မကြာသေးပါ။

တစ်နေ့တွင် အဆိုပါ မလှမြင့်မှာ သူတို့ရွာ၌ အကောင်းပကတိနေရင်းထိုင်ရင်း ဝက်ရူးပြန်သကဲ့သို့တက်နေတော့သည်။

ယောက်ျားဖြစ်သူ ကိုရန်အောင်ကလည်း ပျာပျာသလဲ ပြုစုရှာပါသည်။

အနီးရှိ ကျန်းမာရေးမှူးကလည်း တတ်အားသမျှ ပြုစုဆောင့်ရှောက်ပေးပါသည်။ သို့သော် မထူးလှပါ။

တစ်ချက်တစ်ချက်တွင် အသက်ပါသွားမလားထင်ရလောက်အောင် အခြေအနေဆိုးပါသည်။

သာမန် ဝက်ရူးပြန်သည်ဆိုလျှင် ဤမျှလောက် အတက်ကြာနိုင်။

ယခင်ကလည်း ဤသို့မဖြစ်စဖူး။ အခြားရောဂါလည်းမရှိ။ ညနေပိုင်းတွင်မူ ခေတ္တမျှ အတက်ကျသလိုလိုရှိသော်လည်း



www.burmeseclassic.com

www.burmeseclassic.com



ထမင်းမစား၊ ရေမသောက်ဘဲ အူကြောင်ကြောင်နှင့် စကား မပြောမဆိုဖြစ်နေသောကြောင့် အားလုံးပင် စိတ်ပူလာကြပါ သည်။

နောက်တစ်နေ့တွင်လည်း ယခင်အတိုင်း ပြန်တက်သဖြင့် နောက်ဆုံး ကျွန်တော်ရှိနေသောဆေးရုံသို့ မလှမြင့်ကို ပို့လာကြ ပါသည်။

မလှမြင့် ဆေးရုံသို့ရောက်သောအခါ ညနေငါးနာရီပင် ကျော်နေပါပြီ။ ဆေးရုံ၌ လူများရှင်းနေပါသည်။

အကျိုးအကြောင်းကြားရပြီးနောက် မလှမြင့်ကို ကျွန်တော် သတိပြုမိသည်မှာ လှည်းပေါ်မှအဆင်းတွင် အခြားသူများ တွဲချ ရန်ပင်မလိုဘဲ သူ့ဘာသာ ဆေးရုံတွင်းသို့ လမ်းလျှောက်ပြီး ဝင်လာနိုင်ပါသည်။

ထို့နောက် သူ့အတွက် ခုတင်ပေါ်တွင် အိပ်ရာများ ပြင်ဆင် နေစဉ်လည်း ခုံတန်းတစ်ခုပေါ်တွင် အေးအေးလူလူစောင့်နေပါ သည်။

သို့သော် အိပ်ရာပေါ်ရောက်ပြီး လူနာကြည့်ပရိသတ်များ လာချိန်တွင်မူ ယခင်အတိုင်း ပြန်တက်တော့သည်။

သူမ၏မျက်စိ၊ မျက်နှာ စောင်းရွဲ့လောက်အောင် ပုံပျက် ပန်းပျက်ဖြစ်နေပြီး နာရီဝက်ကြာသည့်တိုင်အောင် ပြန်မကျေ





ဟု မလှမြင့်နောက်ကွယ်၌ ပြောပြပါသည်။

ဤတွင် ဆေးရုံအမှုထမ်းတစ်ယောက်နှင့်မလှမြင့်အား စမ်း သပ်ခန်းသို့လာရန် ကျွန်တော် အခေါ်လွှတ်လိုက်ပါသည်။

အံ့ဖွယ်ကောင်းသည်မှာ ခုတင်ပေါ်၌တက်နေသောသူမ သည် တစ်ချက်မျှလက်တွဲချပေးရုံဖြင့် သူမဘာသာ ကျွန်တော့် ထံ လမ်းလျှောက်လာပါသည်။

ကျွန်တော့်အခန်းအတွင်း၌ ကျွန်တော်နှင့် ဟိုအကြောင်း၊ သည်အကြောင်းမေးရာမှ အဆင်ပြေသွားပြီး နောက်ဆုံးတွင်...

"ကဲ .. ညီမ .. မင်းတို့အကြောင်းတွေလည်း ငါ ကြားသင့် သလောက်ကြားပြီးပြီ၊ နင့်ယောကျ်ား အိမ်မကပ်ဘူးဆို ..၊ ဘယ် လိုဖြစ်နေတာလဲ ဆိုစမ်းပါဦး၊ တတ်နိုင်ရင် ငါ့ကို အကုန်ပြောပြ၊ ငါ ရှင်းနိုင်ရင် ရှင်းပေးပါ့မယ်"

ဟု စကားစ,လိုက်ပါသည်။

မလှမြင့်လည်း ပြောချင်ရက်ရက်တွင် နားထောင်မည့်သူ ယခုမှပေါ်လာသဖြင့် သူတို့၏ ကိုယ်ရေးကိုယ်တာ အိမ်ထောင် ရေးဓာတ်ရှုပ်ကို စိတ်ရှိလက်ရှိ အောက်ပါအတိုင်း ဖွင့်အန်ချ လိုက်ပါသည်။

"ဆရာ နားထောင်ပြီး ဘယ်သူ မှန်ပြီး ဘယ်သူမှားတယ် ဆိုတာ ဆုံးဖြတ်ပါ၊ ကျွန်မ မှန်ရင် ကျွန်မကို ကူညီရမယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



မလှမြင့်မှာ တက်ချင်သောအချိန် တက်ချင်သောနေရာတွင် ရွေးပြီးတက်သကဲ့သို့ဖြစ်နေသဖြင့် မှုမမှန်လှသည်ကို သတိပြုမိပါသည်။

မလှမြင့်၏ခင်ပွန်းသည် အဆိုအရ သူတို့နေထိုင်ရာနေအိမ်မှာ ယခင်က လူမရှိ အိမ်လွတ်ဖြစ်နေပြီး သစ်ဆိုးရှိသည်ဆိုပါသည်။

သစ်ဆိုးရှိသောအိမ်တွင် သစ်မင်းထားပေးပါမှ အဆင်ပြေမည်ဆိုပြီး သစ်မင်းမရခင် ဤသို့ဖြစ်လာသည်ဟု ယူဆနေသည်။

သူတို့အား မကျေနပ်သောသူက ပြုလုပ်လိုက်သလိုလို ပြောနေပါသည်။

လွန်ခဲ့သောလအတွင်းကပင် သူတို့အိမ်အောက်မှ အင်းကွက်များရသေးသည်ဟု ပြောလိုက်ပါသေးသည်။

မည်သို့ပင်ဖြစ်စေ ကျွန်တော် စိတ်ထင်သည့်အတိုင်း စမ်းကြည့်ရန် သူ့ခင်ပွန်းအား ရေဆိပ်သို့ ရေချိုးရန် လွှတ်လိုက်ပါသည်။

သူတို့နှင့်လိုက်ပါလာသော ရွာသားတစ်ယောက်ကမူ —

"အလကား ဉာဏ်ဆင်နေတဲ့မိန်းမပါ ဆရာရယ် ... သူ့ယောက်ျား ပြန်ရောက်ရင်ကို ဘာဖြစ်ရတာနဲ့ ညာဖြစ်ရတာနဲ့ ကျွန်တော် မလုပ်ချင်လို့ ...၊ ပါးနှစ်ချက်လောက်ရိုက်လိုက်ရင်





ဒီရောဂါအားလုံး ပျောက်သွားမှာပါ"

"အေးပါ .. အကုန်ပြောပြ"

"ဆရာ့တပည့် ကိုရန်အောင်မှာ အရင်မယားတစ်ယောက်ရှိတယ်၊ ဒါလဲ ကျွန်မနဲ့ အိမ်ထောင်ကျပြီးတော့မှ ကျွန်မ မသိရဘူး၊ လွန်ခဲ့တဲ့လကမှ သိရတာ၊ စောစောကသာသိရရင် ကျွန်မဘဝ ဒီလိုဆိုးမှာမဟုတ်ပါဘူး၊ ပြီးတာလဲပြီးပါစေတော့ ဆိုပြီး ကျွန်မ စိတ်ကိုကျွန်မ ဖြေပါတယ်၊ ဒါပေမယ့် ကျွန်မ မကြာခင်ကသိရတာက သူဟာ အရင်မိန်းမနဲ့ မပြတ်သေးဘူး၊ အဲဒီမိန်းမနဲ့ အရင် ကလေးတစ်ယောက်ရှိတယ်၊ အခုလဲ မွေးလုဆဲဆဲ ဗိုက်ရှိနေသေးတယ်တဲ့၊ တစ်လလောက်ပဲရှိသေးတယ် .. သူ့မိန်းမနဲ့ကလေး လိုက်လာပြီး ကျွန်မနဲ့ရွာမှာ ရန်ဖြစ်ကြတယ်၊ သူ့ကလေးလေးကလည်း ဖေဖေ ဖေဖေနဲ့ သူ့လုံချည်ကို ဆွဲလိုက်ဆွဲနေတော့ ကျွန်မတောင် သနားမိတယ်"

"အဲဒီတော့ ဘာတွေဖြစ်ကုန်ကြလဲ"

"အခု ကျွန်မယောက်ျားက ကျွန်မကိုပစ်ပြီး အရင်မိန်းမဆီ လိုက်သွားဖို့ကြံနေတယ်၊ ဆရာ့ဆီမှာ ခွင့်တစ်လ တောင်းမယ်လို့လဲပြောတယ် ဆရာရယ်၊ ကျွန်မမှာ အရင်ကလို မလွတ်တော့ဘူး၊ ကျွန်မကလည်း ကျွန်ပါပဲ၊ မိဘတွေတားနေရတာနဲ့ ... ကို ကောက်ကောက်ပါအောင်လိုက်လာမိတယ်၊ အခု



www.burmeseclassic.com

www.burmeseclassic.com



ဆို သူကလွဲရင် အားကိုးစရာမရှိဘူး၊ ကျွန်မမိဘကလည်း ပြန်ခေါ်မှာမဟုတ်ဘူး၊ အခု ကျွန်မမှာရှိနေတဲ့ ကလေးရဲ့ နောင်ရေးလည်း ကျွန်မ မတွေးတတ်တော့ဘူး၊ ကျွန်မ သေချင်တော့တာပဲ၊ ရှင်းရှင်းပြောရရင် သူပစ်သွားမှာကို ကျွန်မ စိုးရိမ်နေတယ်၊ တစ်ဖက်က သူ့ကိုကြည့်လိုက်ပြန်ရင်လည်း တစ်ချိန်လုံးလိုလို အရက်မူးနေတယ်၊ အိမ်ကိုကပ်တယ်မရှိပါဘူး၊ ခက်ပါတယ်လေ၊ ကျွန်မကို ချစ်ရင် သူ့ကိုခွင့်မပေးပါနဲ့၊ ငွေလည်းမပေးပါနဲ့"

ဟု ငိုရင်း သူမ၏စိတ်တွင်ရှိသမျှကို ဖောက်ချလိုက်ပါသည်။

ထိုသို့ ကျွန်တော်နှင့်တွေ့ဆုံရင်ဖွင့်ပြီး နောက်ထပ်ရောက်ပြန်မတက်တော့ပါ။

ကျွန်တော့်ဇနီးနှင့်အတူ ထမင်းဟင်းဝိုင်းချက်ရင်း အဆင်ပြေနေတော့သည်။

နောက်ဆုံးတွင် ကျွန်တော်က ကိုရန်အောင်အား မလှမြင့်အပေါ် မယားမှတ်မှတ် သားမှတ်မှတ်ပေါင်းရန် ဆုံးမပြီး ရသမျှလစာကို ဇနီးနှစ်ယောက်အား ညီညီမျှမျှပေးရန် ညှိပေးလိုက်မှ ယာယီအဆင်ပြေသွားပါသည်။

သို့သော် ရွာထဲ၌မူ ...

"မလှမြင့်တို့နေထိုင်သောအိမ်၌ သစ်ဆိုးရှိသည်။ ပြုစားခံရသည်၊ ကံနိမ့်၍ ယောကျ်ားနေရာက မိန်းမက ခံလိုက်ရသည်"

စသည်ဖြင့် ပြောဆိုနေကြလေဦးမည်လားမသိပါ။

အခြားအဖြစ်အပျက်ကလေးကလည်း ယခင်ဇာတ်လမ်းဖြစ်ပျက်ခဲ့သောကျေးလက်ကျန်းမာရေးဌာန၌ပင် ဖြစ်ပျက်ခဲ့ပါသည်။

ယခုတစ်ကြိမ်တွင် ကျန်းမာရေးမှူးကိုယ်တိုင် ပြဿနာပွေ့ခဲ့ပါသည်။

ကျန်းမာရေးမှူးလုပ်သူသည် သူ့ဇနီး၊ ကလေးသုံးယောက်၊ ခယ်မတစ်ယောက်နှင့်အတူ အဆိုပါရွာ၌ နေထိုင်သည်မှာ တစ်နှစ်ကျော်ခဲ့ပါပြီ။

အဆိုပါဒေသ၌ ရောဂါဘေးဘယကင်းရှင်းကြသဖြင့် အလုပ်ပင်ပန်းလှသည်မဆိုနိုင်ပါ။

တစ်နေ့သော် သူတို့မိသားစုတစ်စုလုံး ရောဂါဆန်းတစ်ခုရကြပါသည်။

နံနက်အိပ်ရာထချိန်တွင် မျက်လုံးများဖွင့်နေကြသော်လည်း မကြာမီ အလိုလိုနေရင်း မည်မျှပင်သတိထားစေကာမူ မျက်စိပိတ်သွား၍ မျက်တောင်မွေးကျသွားသောရောဂါ ရကြပါသည်။

အိပ်ငိုက်သူများနှင့်တူပါသည်။

ပထမရက်များတွင် မသိသာလှသော်လည်း တစ်လမျှကြာ







www.burmeseclassic.com

www.burmeseclassic.com



သောအခါ သူတို့တစ်အိမ်သားလုံးလိုလို မိုးအလင်းပွဲကြည့်သူ
များကဲ့သို့ မျက်လုံးမှေးနေကြပါသည်။

အတော်လေးဆန်းသောအဖြစ် ဖြစ်သဖြင့် ကျန်းမာရေးမှ
က ဗီတာမင်ချို့တဲ့၍ ဤရောဂါရသည်ထင်ပြီး ဗီတာမင် ကွန်
ပလက်နှင့်ဘီ(၁)ကို အစွမ်းကုန်ဆေးကျွေး၊ ဆေးထိုးပေးပါ
သည်။

သို့သော် ထူးခြားသည်မရှိ။ တစ်နေ့ထက်တစ်နေ့ ပိုကဲလာ
ပါသည်။

သို့သော် တစ်ခုထူးဆန်းသည်မှာ ရွာထဲ၌ ဤရောဂါမျိုး
ဖြစ်ပွားသူ လုံးဝမရှိ။

သူတို့တစ်အိမ်သားလုံးသာ ခံစားနေကြရသည်။

သို့အတွက် ကူးစက်တတ်သောရောဂါဟု မဆိုနိုင်။

သို့သော် သူတို့တစ်အိမ်သားလုံးတွင် တစ်ယောက်မကျ
ဖြစ်ပွားနေပြန်သဖြင့်လည်း ကူးစက်တတ်သောရောဂါမဟုတ်
ဟုလည်း မပြောတတ်။

ရွာလူကြီးများကလည်း ဆေးမှုးအပေါ် အတော်လေး
တနာရှိကြသည်နှင့်အညီ ချည်မန်းကွင်း၊ လက်ဖွဲ့ စသည်တို့ကို
ယူလာပေးကြပါသည်။

ရွာမှ နတ်ကိုင်သည်ဟု အယူရှိသူများကလည်း ရွာဦးနတ်





အား ကန်တော့ပွဲများဖြင့်ဆုတောင်းပေးကြသည်။

နောက်ကွယ်၌မူ ...

"ဆေးမှုးကို မနာလိုသူတစ်ယောက်ယောက်က လုပ်လိုက်
တာဖြစ်မှာပါ"

ဟု တိုးတိုးတိတ်တိတ်မှတ်ချက်ပေးကြသည်။

နောက်ဆုံးတွင် ကျွန်တော်ရှိရာဆေးရုံသို့ သူတို့ မိသား
တစ်စုလုံး ရောက်လာကြပါသည်။

Myastheria Gravis ခေါ် အကြောသေရောဂါနှင့် အတော်
လေးဆင်ပါသည်။

သို့သော် ထိုရောဂါများမှာ ဤကဲ့သို့ တစ်အိမ်သားလုံးကို
ရန်မရှာတတ်ပါ။

သို့အတွက် ကျွန်တော်လည်း ရောဂါအမည်ရှာမရပါ။

ရှေးဦးစွာ ကျွန်တော်လည်း ဗီတာမင်မျိုးစုံကို ဆေးထိုးပေး
ပါသည်။

သို့သော် အကြောင်းမထူး။

သူတို့တစ်အိမ်သားလုံးသာ ဤရောဂါရကြသည်ဆိုသဖြင့်
သူတို့ ချက်ပြုတ်စားသောက်ကြသော အိုးခွက်ပန်းကန်များတွင်
စိန်၊ ကြေးနီ၊ ကြေးဝါ စသည့် သတ္တုအဆိပ်တစ်ခုခု ပါဝင်နေ၍
ဤသို့ဖြစ်သည်ဟု ယူဆမိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် အစားအသောက်ကို ယခင်ကကဲ့သို့ သူတို့အိမ်၌ မချက်ပြုတ်ဘဲ အခြားတစ်အိမ်မှယူစားစေခဲ့သည်။

အဆိပ်များကျဆင်းစေရန် နွားနို့ကို လှိုင်လှိုင်သောက်စေ၍ သတ္တုအဆိပ်ဖြေဆေးဖြစ်သော B. A .'L ဆေးကို ထိုးပေးမှ အဲဆင်ပြေသွားပါသည်။

ရန်ကုန်မြို့နှင့် အတော်လေးအလှမ်းဝေးသောဒေသဖြစ်၍ ကျွန်တော့်အနေနှင့် သူတို့အစားအစာတို့ကို ဓာတ်ခွဲသုတေသန ပြုရန် မပို့ပေးနိုင်ခဲ့ပါ။

သို့သော် ထမင်းဟင်းချက်သောအိုးများမှ ခဲ သို့မဟုတ် ကြေးနီ အဆိပ်သင့်သည်ဟုသာ ယူဆခဲ့မိပါသည်။

ထိုကျေးရွာတွင်မူ ယကြာချေသည့်သဘောဖြင့် နေအိမ်မှ ခေတ္တပြောင်းလိုက်၍သာ ဤရောဂါမှာ ပျောက်သွားသည်ဟု ပြောဆိုနေကြသည်ကို ကျွန်တော့်နားနှင့် ဆတ်ဆတ်ကြားခဲ့ရပါသည်။

ဤကိစ္စကို ကျွန်တော် မရှင်းနိုင်ခဲ့ပါ။

...... အထက်ပါအကြောင်းအရာများမှာ ဆရာဝန်တင်ရွှေ ကိုယ်တွေ့ကြုံခဲ့ရသော ပရလောကလှည့်စားမှုများဖြစ်ပြီး ၁၉၆၇ ခုနှစ် ဧပြီလတွင် နှလုံးလှစာပေတိုက်မှ 'စုန်းတစ္ဆေ အတွေ့အကြုံနှင့် ရောဂါဆန်းအထွေထွေ'အမည်ဖြင့် စာအုပ်





ထုတ်ဝေထားခဲ့ပြီးလည်းဖြစ်သည်။

ယခု ရွှေလေး ကြုံရသောအဖြစ်မှာ သာမန်ကြည့်မည်ဆိုပါ က တောထဲမှာ အသက်သေပြီးမှ ဖုတ်ဝင်ပြီး ဟာန်မပျက်လိုက် သာခြင်းဖြစ်သည်ဟု ယူဆဖွယ်ရာရှိပေသည်။

ထိုအကြောင်းကို နားလည်တတ်ကျွမ်းသော ဦးဗန်ကောင်း နှင့်တွေ့၍သာ တောရှောသည်။

အခြား ဆရာအတုအယောင်များနှင့်တွေ့ပါက ဆရာ နှိပ်စက်သဖြင့် အသက်သေဖို့သာရှိပေသည်။

လောကီဝိဇ္ဇာတို့၏ လောကနယ်ပယ်၌ အလှည့်(၅)ပါးရှိပေ သည်။

(၁) ဝိဇ္ဇာအလှည့်၊ ဝိဇ္ဇာများ၏လှည့်ပတ်မှု

(၂) နတ်အလှည့်၊ နတ်များ၏လှည့်ပတ်မှု

(၃) သိုက်အလှည့်၊ သိုက်နှင့်ပတ်သက်၍ လှည့်ပတ်မှု၊

(၄) ရာဇာအလှည့် ရှေးလွန်လေပြီး၊ မင်းတို့နှင့်ပတ်သက်ပြီး လှည့်ပတ်မှု

(၅) ဆရာအလှည့်၊ ဆရာ‌တို့၏လှည့်ပတ်မှု

စသည်တို့ဖြစ်သည်။

ထိုအကြောင်းများအား အကျယ်သိလိုပါက ဆရာတော် ဘဒ္ဒန္တဝေပုလ္လ ရေးသားပြုစုသော ဝိဇ္ဇာစကားဝိုင်းနှင့် ဝိဇ္ဇာရှင်း



www.burmeseclassic.com

www.burmeseclassic.com



တမ်း (ခေါ်) ဝိဇ္ဇာစရဏအပကာသနီကျမ်း၌ ဖတ်ရှုကြနိုင်ပါ
သည်။

ထိုကဲ့သို့ အလှည့်များထက် ယခု ရွှေလေးဖြစ်သကဲ့သို့
မိမိ စိတ်က မိမိကိုယ်ကို ပြန်၍လှည့်ပတ်ခြင်းကား ကြောက်စရာ
အကောင်းဆုံးပင်ဖြစ်တော့သည်။

* * *





အခန်း (၁၀)

## သေမင်းကျော့ကွင်းနှင့်ပဟေဠိဆန်သောည

အချိန်မှာ တဖြည်းဖြည်းနှင့်ကုန်ဆုံးသွားရာ စပါးသိမ်းပြီး
ချိန် သို့ရောက်ခဲ့ချေပြီ။

မိုးကာလက ကြုံတွေ့ခဲ့ရသော အနှောင့်အယှက်များမှာ
လည်း နောက်ထပ် ဘာမှ ထူးထူးခြားခြားမဖြစ်တော့သဖြင့်
အေးအေးဆေးဆေးဖြစ်သွားကြသည်။

သံပချိုင်နှင့်ပတ်သက်သောအကြောင်းများကိုလည်း မေ့မေ့
ပျောက်ပျောက်ဖြစ်သွားကြလေသည်။



www.burmeseclassic.com

ထိုလပိုင်းများမှာ ဦးဇန်ကောင်း ကုသပေးသဖြင့် ရွှေလေး၏ရောဂါများမှာလည်း ပျောက်ကင်းသွားခဲ့လေပြီ။

မောင်ကျော်က အကူအညီတောင်းသောကြောင့် နီမောင်က ကြားထဲမှ ဝင်ရောက်ဆောင်ရွက်ပေးရာ မောင်ကျော်နှင့် ရွှေလေးတို့ အချစ်ရေးမှာလည်း အဆင်ပြေသွားခဲ့ကြလေသည်။

တစ်နေ့သ၌ ညနေစောင်းအချိန်တွင် ရွာလူကြီးဦးမွန်ထော်နေအိမ်မှ မောင်းထုအချက်ပေးသံ ကြားရသဖြင့် ရွာ၌ရှိနေကြသူများ တစ်အိမ်တစ်ယောက်သွားကြရသည်။

ရွာလူကြီးအိမ်ရောက်တော့ ဦးမွန်ထော်က အကျိုးအကြောင်း ပြောပြသည်။

“ဒီကနေ့ သံပချိုင်ရွာက ရွာလူကြီး ဇမုန်းထန်က ငါ့ဆီကို အကူအညီတောင်းတဲ့စာတစ်စောင် ပို့လိုက်တယ်”

“ဘာတဲ့လဲဗျ”

“သူတို့ရွာက ရေကာတာကျိုးသွားလို့ လုပ်အားပေးနိုင်တဲ့ လူငယ်တွေ လွှတ်ပေးဖို့ အကူအညီတောင်းတာပဲ၊ ဇမုန်းထန်နဲ့က တစ်ယောက်အကြောင်းရှိရင် တစ်ယောက် အကူအညီပေးနေကြတာဆိုတော့ ဒီရွာက လုပ်အားပေးနိုင်တဲ့လူငယ်တွေ လွှတ်ပေးရမယ်”

ရွာသူရွာသားများက တစ်ယောက်မျက်နှာတစ်ယောက်





ကြည့်နေကြသည်။ တစ်နေ့လုပ်မှ တစ်နေ့တ.ရေပုံ များသောကြောင့် အချို့မှာ မသွားနိုင်ကြပေ။

ဦးမွန်ထော် က ဆက်ပြောသည်။

“နောက်တစ်ခုက သူတို့ရွာမှာ အလှူပွဲကြီးတစ်ခုရှိလို့ အလှူဖိတ်စာတစ်စောင်လည်းပါလာတယ်၊ အလှူ့ဒါယကာကတော့ သူတို့ရွာက အင်းသူကြီး သံပချိုင် ပဲ”

ထိုစကားကြားသောအခါ နီမောင်တို့တစ်တွေမှာ များစွာစိတ်ဝင်စားသွားကြလေသည်။

“သံပချိုင်က တစ်နှစ်တစ်ခါ အလှူကြီးပေးလေ့ရှိတယ်၊ ဒီနှစ်တော့ ဘိုကလေးက အငြိမ့်ပွဲ ဆိုင်းပွဲတွေပါ ထည့်မယ်လို့ ပြောသံကြားတယ်၊ လုပ်အားပေးသွားမယ့်လူတွေကိုလည်း သူကပဲ အစစအရာရာ တာဝန်ယူစည့်ခံမယ်လို့ပြောတယ်၊ ကဲ.. သွားနိုင်မယ့်လူငယ်တွေ ပြောကြ”

ထိုအခါ နီမောင်၊ မောင်ကျော်၊ စောထီး၊ ငမဲအောင်တို့ လေးယောက်က အရင်စာရင်းပေးလိုက်လေသည်။

“ကျွန်တော်တို့ လေးယောက် သွားမယ်”

သူတို့စာရင်းပေးသောအခါ နောက်မှ လူအချို့လည်း စာရင်းပေးကြရာ ၁၀ ယောက်စန့်ဖြစ်သွားလေသည်။

နောက်တစ်နေ့မနက်ပိုင်းမှာ လှေတစ်စင်းဖြင့် သံပချိုင်ရွာ

www.burmeseclassic.com

သို့ သွားကြလေသည်။

သူတို့နေသော ဖလန်ခုန်ရွာမှ သံပချိုင်ရွာရောက်အောင် သကန်မြစ်ဘက်မှ လှည့်သွားရသောကြောင့် မွန်းလွဲပိုင်းအချိန်ရောက်မှ ထိုရွာသို့ရောက်လေသည်။

ထိုရွာရောက်သည်နှင့် ရွာလူကြီးဖမုန်းထန် နေအိမ်သို့သွားပြီး အကျိုးအကြောင်းပြောပြသည်။

"သြော် .. ဖလန်ခုန်ရွာက ဦးမွန်ထော် လွှတ်လိုက်တဲ့လူတွေကိုး ...၊ လောလောဆယ်တော့ ဒီမှာပဲနားကြဦး၊ ခဏနေရင် ထမင်းစားဖို့စီစဉ်ပေးမယ်"

ဟု ပြောသဖြင့် ဖမုန်းထန် နေအိမ်မှာပင် နားကြလေသည်။

အမှန်တော့ နီမောင်တို့ လိုက်လာခဲ့သောရည်ရွယ်ချက်မှာ သံပချိုင်ကို နီးနီးကပ်ကပ်လေ့လာပြီး သူ့အကြောင်းကို စုံစမ်းချင်သောကြောင့်ပင်ဖြစ်၏။

ရွာလူကြီးအိမ်မှာ အခြားရွာမှ လုပ်အားပေးမည့်သူများရောက်နှင့်နေသူများရှိသလို နောက်ထပ်ရောက်လာသူများလည်း ရှိသည်။

ထိုသို့ရောက်လာသူများကို တစ်နေရာတည်းမှာထားခြင်းမဟုတ်ဘဲ ရွာခံအိမ်များက လေးယောက်တစ်ဖွဲ့၊ ငါးယောက်တစ်ဖွဲ့ လာခေါ်သွားပြီး ကိုယ့်အစီအစဉ်နဲ့ကိုယ် ချက်ပြုတ်ကျွေး





မွေးစည့်ခံကြခြင်းဖြစ်သည်။ အတန်ကြာတော့ ရွာလူကြီးက မေးသည်။

"ဖလန်ခုန်ရွာက ဘယ်နှစ်ယောက်လဲ"

"ဆယ်ယောက်ပါ"

"ငါးယောက်စီနှစ်ဖွဲ့ခွဲပြီး ဧည့်ခံကျွေးမွေးမယ့်အိမ်တွေကို လိုက်သွားကြပါ"

ထိုသို့ပြောသဖြင့် နီမောင်တို့လေးယောက်အပြင် အခြားတစ်ယောက်ကိုပါခေါ်ပြီး ငါးယောက်ဖွဲ့လိုက်သည်။

ထိုအချိန်မှာပင် နီမောင်တို့အနီးသို့ အမျိုးသမီးတစ်ဦးရောက်လာသည်။

"ဒီအဖွဲ့မှာ ကိုနီမောင် ဆိုတာ ဘယ်သူလဲ"

"ကျွန်တော် ပါပဲ"

ကြည့်လိုက်တော့ အမျိုးသမီးက ရုပ်ရည်ချောမောပြီး ဖျတ်သတ်သွက်လက်ပုံရှိသည်။

"ကိုနီမောင်တို့အဖွဲ့က ကျွန်မတို့အိမ်ကို လိုက်ခဲ့ပါရှင်"

ဟုပြောပြီး ခေါ်သွားသဖြင့် နီမောင် အပါအဝင်ငါးယောက်တစ်ဖွဲ့က သူမနောက်မှ လိုက်သွားကြသည်။ ရွာလယ်လောက်အရောင် ခနီမိုး ပျဉ်ကာအိမ်ကြီးတစ်လုံးရှိပြီး ထိုအိမ်သို့ခေါ်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအိမ်သို့ရောက်သောအခါ ထိုအမျိုးသမီးကပင် နေရာထိုင်ခင်းချပေးပြီး စားသောက်စရာများ စီစဉ်ကျွေးမွေးသည်။

သူမက စီစဉ်ပေးပြီး အခြားမိန်းကလေးအဖော်များက ဝိုင်းဝန်းကူညီပေးကြခြင်းဖြစ်သည်။

ထမင်းဟင်းများမှာ တောချက်ပင်ဖြစ်သော်လည်း အစပ်အဟပ်ကောင်းလှသောကြောင့် ခေါင်းမဖော်တမ်း စားသောက်ကြသည်။

ထမင်းစားပြီး၍ လက်ဖက်ရည်ကြမ်းဝိုင်းရောက်တော့မှ တစ်ဦးနှင့်တစ်ဦး မိတ်ဆက်ရလေသည်။

"ကျွန်မနာမည်က မြဝင်းသူ လို့ခေါ်ပါတယ်၊ ဒါက ကျွန်မ အဒေါ် ဒေါ်မင်းဇာ ပါ၊ ဒီအိမ်မှာ ကျွန်မတို့နှစ်ယောက်ပဲရှိပါ တယ်၊ ဟိုမှာ ဝိုင်းလုပ်ပေးကြတဲ့မိန်းကလေးတွေကတော့ ရွာထဲ က အကူအညီခေါ်ထားသူတွေပါ"

"ဟုတ်ကဲ့ .. တွေ့ရတာ ဝမ်းသာပါတယ်၊ ကျွန်တော့် နာမည်က နီမောင် .. သူက မောင်ကျော် .. စောထီး .. မဲအောင်.. မောင်ရွှေဝ တို့ပါပဲ"

"ကျွန်မတို့ကလည်း တစ်ရွာသားတွေနဲ့ အခုလို မိတ်ဆွေဖြစ် ရတာ ဝမ်းသာပါတယ်၊ ဒါထက် ကိုနီမောင်တို့က လုပ်အားပေး ပွဲပြီးရင် ရွာမှာ အလှူကြီးရှိသေးတယ်၊ အလှူပွဲပြီးမှ ပြန်ကြမှာ





မဟုတ်လား"

ဟု မြဝင်းသူက သွက်လက်စွာဖြင့်မေးသည်။

"ဟုတ်ကဲ့ .. နေမယ်ဆို နေလို့ရပါတယ်"

"ဒီမှာတော့ တည်းခိုစားသောက်ဖို့ ဘာမှ အားနာစရာ မရှိပါဘူးရှင်၊ ကျွန်မသဘောကတော့ တစ်နှစ်တစ်ခါ ဆိုတော့လည်း အလှူပွဲပြီးမှပဲ ပြန်စေချင်တာပါပဲ"

ဟု ပြောလေသည်။

ထိုသို့ပြောဆိုနေကြသည်ကို နံဘေးနားမှာထိုင်ပြီး ပြောင်းဖူးဖက်ဆေးပေါ့လိပ်ကြီးကို မီးတရဲရဲဖွာနေသော ဒေါ်မင်းဇာက တစ်ခွန်းမှ ဝင်မပြောဘဲ နားထောင်နေသည်။

နီမောင် ကတော့ မြဝင်းသူနှင့် စကားပြောနေရင်းမှ ဒေါ်မင်းဇာ ရှိရာကို မကြာခဏ အကဲခတ်ကြည့်နေသည်။

"ဟုတ်ကဲ့ .. ကျွန်တော်တို့လည်း နွေဘက် အလုပ်သိပ်မရှိတဲ့အချိန်မို့ ဒီမှာဝိုင်းကူရင်းနဲ့နေမယ်လို့တော့ စဉ်းစားထားပါတယ်၊ ဒါပေမယ့် ဒီက နေထိုင်စားသောက်ရေးအဆင်ပြေအောင် စီစဉ်ပေးပေမယ့်လည်း ရက်များတော့ သင့်ပါ့မလားလို့ စဉ်းစားမိပါတယ်"

"အားနာစရာမရှိပါဘူး ကိုနီမောင်ရယ် ..၊ ကျွန်မတို့ရွာသားတွေက ဖော်ရွေတတ်ပါတယ်၊ ဧည့်သည်မလာရင်တောင်



www.burmeseclassic.com

www.burmeseclassic.com



မျှော်နေတတ်တာဆိုတော့ သဘောကျသလောက်နေနိုင်ပါတယ် ရှင်”

မြဝင်းသူက ပြုံးပြုံးရွှင်ရွှင် ဖော်ဖော်ရွေရွေနှင့်ပြောရာ မငြင်းသာအောင်ဖြစ်သွားလေတော့သည်။

ညနေပိုင်းအချိန်တွင် ရေကာတာဖို့ရန်အတွက် လုပ်အားပေးရန် အနီးပတ်ဝန်းကျင်ရွာများမှပင်ရောက်လာကြလေသည်။

ထိုအထဲတွင် ဘိုကလေးမြစ်တစ်ဖက်ကမ်းမှာရှိသော ကျွန်းညိုကြီး၊ ကွမ်းသီးချောင်း၊ အလယ်ချောင်း၊ ထိပ်ချောင်း အစရှိသောနေရာမှ လူများပင် ပါကြလေသည်။

ထိုနေရာများမှာတော့ သစ်တောကြီးများရှိနေသေးပြီး ရွာစုကလေးများအဖြစ်နေကြခြင်းဖြစ်သည်။

အခြားမှရောက်လာသောရွာသားများကို လေးယောက်၊ ငါးယောက် တစ်ဖွဲ့စီခွဲပြီး ရွာခံများက ခေါ်ယူကာကျွေးမွေးဧည့်ခံကြသည်။

ထိုညက မြဝင်းသူတို့အိမ်မှာပင် အိပ်ကြရသည်။ ထိုအိမ်မှာ မြဝင်းသူနှင့်ဒေါ်မင်းဇာတို့နှစ်ယောက်အပြင် အခြားမှ ဝိုင်းကူရန်ရောက်နေသော မိန်းကလေးနှစ်ယောက်တို့သာရှိပြီး ယောကျ်ားသားတစ်ဦးတစ်ယောက်မှ မတွေ့ရပေ။

ညဘက်ရောက်တော့ မောင်ကျော်က တိုးတိုးပြောသည်။





“နီမောင် .. မြဝင်းသူ ဆိုတဲ့ အမျိုးသမီးကို မင်း ဘယ်လို ထင်သလဲ”

“အခုမှတွေ့ကြတာ ဘယ်လိုထင်ရမှာလဲ ..၊ အခု တွေ့မြင်နေရတဲ့အခြေအနေအတိုင်းပြောရရင် မြဝင်းသူက ချောတယ်.. သဘောကောင်းတယ် .. ဖော်ရွေတယ် .. ဧည့်ဝတ်ကျေတယ်ပဲပေ့ါ”

“ဒါ့အပြင် ငါတို့အပေါ်မှာ အရေးပေးလွန်းနေတယ်လို့ မထင်မိဘူးလား”

နီမောင် က တစ်ချက်ပြုံးလိုက်သည်။

“မင်းကလည်း ကိုယ့်လိုရာကို ဆွဲပြီးတွေးနေပြန်ပါပြီ၊ သူတို့ရွာက ဧည့်သည်အပေါ်မှာ ဖော်ရွေချင်တာလည်း ဖြစ်မှာပေ့ါ”

“ငါ့အထင်ပြောရရင်တော့ အခုမှတွေ့တဲ့ မင်းအပေါ်မှာ ပိုပြီးဖော်ရွေနေသလိုပဲ၊ နောက်ပြီး ဧည့်သည်တွေ အများကြီးထဲမှာမှ မင်းနာမည်ကိုမေးပြီး ခေါ်လာတာကရော ထူးခြားတယ်လို့ မထင်မိဘူးလား”

မောင်ကျော် တွေးတွေးဆဆပြောလိုက်သောစကားမှာ နီမောင်အတွက် စဉ်းစားစရာဖြစ်သွားလေသည်။

ထိုစကားကြားသောအခါ နီမောင့်က စဉ်းစားနေသည်။ စိတ်ထဲမှာလည်း တွေးနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"အင်း .. မောင်ကျော် ပြောတာလည်း ဟုတ်တာပဲ၊ သူနဲ့ငါ နဲ့က အခု ဒီရောက်မှတွေ့ဖူးကြတာ .. သူက ငါ့နာမည်ကိုပါ သိနေတယ်၊ နောက်ပြီး ငါတို့အဖွဲ့ကိုမှ ရွေးခေါ်လာတယ်ဆို တော့ စဉ်းစားစရာပဲ၊ အို .. ဒါကလည်း သက်သက်မဲ့အတွေး ခေါင်နေတာလည်းဖြစ်မှာပါ၊ သူတို့က စေတနာဖြူဖြူစင်စင်နဲ့ ဆက်ဆံတာမျိုးဆိုရင် စေတနာကနေ ဝေဒနာဖြစ်သွားနိုင် တယ်"

ဟု တွေးနေမိသည်။

"နီမောင် ဘာတွေစဉ်းစားနေတာလဲ"

"ဩော် .. အေး .. ဘာမှမစဉ်းစားပါဘူးကွာ"

ဟု ပြန်ပြောလိုက်သည်။

ထို့နောက် မနက်လင်းသောအခါ လုပ်အားပေးရန်အတွက် သွားကြရမည်ဖြစ်သောကြောင့် စောစောအိပ်ရန်ပြင်ကြလေသည်။ သို့သော်လည်း နီမောင်မှာ အိပ်မပျော်ဘဲရှိလေသည်။ သူ့ အတွေးထဲမှာ မြဝင်းသူ၏ပုံရိပ်ကမကြာခဏထင်ဟပ်နေသည်။

ယခုမှပင်တွေ့ကြရသည်ဆိုစေကာမူ သူမ မျက်နှာလေးကို မှတ်မှတ်ထင်ထင်မြင်ယောင်နေမိလေသည်။ အခြားသူများ အိပ် နေကြသော်လည်း အိပ်မပျော်ဘဲနှင့် သူ့အကြောင်းကို တွေးနေမိ သည်။





အတော်ညဉ့်နက်တော့မှ အိပ်ပျော်သွားလေသည်။ အချိန် ခဏ်မျှကြာအောင် အိပ်ပျော်သွားသည်မသိပေ ..၊ တစ်စုံတစ် ယောက်က လာရောက်လှုပ်နှိုးလိုက်သောကြောင့် ပြန်နိုးလာ သည်။

ကြည့်လိုက်တော့ သူ့နံဘေးမှာ လူတစ်ယောက်ရပ်နေ သည်ကိုတွေ့ရသည်။ အခြားအဖော်များတော့ တစ်ယောက်မှ မတွေ့ရတော့ပေ။ သို့ကြောင့် ကပျာကယာထထိုင်လိုက်သည်။

ကြည့်လိုက်တော့ တစ်ကိုယ်လုံး အဝတ်နက်ခြုံထားသော အမျိုးသမီးတစ်ယောက်ဖြစ်မှန်းတော့ သိရလေသည်။

"ခင်ဗျား ဘယ်သူလဲ"

"ငါက တခြားသူမဟုတ်ဘူး၊ သေမင်းလေ .."

"ဟင် ..."

"ငါ•နင်နဲ့တွေ့ချင်လို့ စောင့်နေတာ အတော်ကြာပြီ"

"ဘာကြောင့်စောင့်နေတာလဲ"

"နင်က ငါတို့လုပ်ငန်းတွေကို အနှောင့်အယှက်ပေးတဲ့လူပဲ၊ ဒါကြောင့် နင့်ကို လွှတ်ပြည်မှာမထားတော့ဘူး၊ သေမင်းရွာကို ခေါ်သွားရမယ်"

"ခင်ဗျားခေါ်ချင်လည်းခေါ်ပေါ့၊ ကျုပ်ကတော့ ဘယ်သူ့ အပေါ်မှမကောင်းတာမလုပ်ခဲ့သေးဘူး"



www.burmeseclassic.com

www.burmeseclassic.com



"နှင့်ကို ငါ့လက်ထဲရောက်လာဖို့ အတော်ကလေးစောင့်ရ တယ်၊ အခုတော့ သေမင်းကျော့ကွင်းထဲကို အလိုအလျောက် ရောက်လာရပြီ၊ မသေခင် ငါ့မျက်နှာကို သေသေချာချာ ကြည့် စမ်း"

ဟုပြောပြီး ၎င်းမျက်နှာပေါ်မှာဖုံးထားသော အဝတ်မည်း ကြီးကို လှန်ပြလေသည်။

"ဟင် ..."

ထိုမျက်နှာမှာ အခြားမဟုတ်ပေ ...၊

မြဝင်းသူ၏မျက်နှာပင်ဖြစ်လေသည်။

"ဟင် .. မင်း .. မင်း ..."

"ဘယ့်နှယ်လဲ .. အခုတော့ ကြောက်သွားပြီမဟုတ်လား"

ဟု ပြောနေရင်းမှာပင် သူမ၏မျက်နှာသည် ချက်ချင်း ရုပ် ပြောင်းသွားပြီး ကြောက်မက်ဖွယ်ကောင်းသော ပုပ်ပန်းသဏ္ဍာန် ကြီး ဖြစ်လာလေတော့သည်။

"မင်း ငါ့နားမလာနဲ့ .. သွား .. သွား ..."

ဟု အော်ဟစ်မိလေသည်။

"ဟော့ .. နီမောင် ဘာတွေယောင်နေတာလဲ"

နံဘေးနားမှာ မောင်ကျော်က လှုပ်နှိုးလိုက်တော့မှ အိပ်ရာမှ ပြန်နိုးလာလေသည်။





"မင်း နိုးလာပြီလား"

"အေး .. နိုးပြီ"

"မဟုတ်ကာမှလွဲရော အိပ်မက်ဆိုးတွေမက်နေတာ မဟုတ် လား"

"အေး .. မှာတ်တယ်"

"ငါလည်း မှေးခနဲအိပ်ပျော်သွားတုန်း အိပ်မက်မက်နေတာ ကွ၊ အိပ်မက်ထဲမှာ ဒေါ်မင်းဇာ ဆိုတဲ့မိန်းမကြီးကို တွေ့နေရ တယ်၊ သူက စုန်းမကြီးနဲ့ အတော်တူတယ်နော်၊ အိပ်မက်ထဲမှာ ရော ကြောက်စရာကောင်းလိုက်တာကွာ၊ ဒါထက် မင်း ဘာတွေ မက်နေတာလဲ၊ အိပ်မက်ထဲမှာ ဘယ်သူ့ကိုတွေ့ရသလဲ"

"မြဝင်းသူ .."

"မြဝင်းသူက အိပ်မက်ထဲမှာရော ချောတာပဲလား"

"မချောဘူး၊ သေမင်းမျက်နှာလို ကြောက်စရာကောင်းတဲ့ ပုပ်ပန်းသဏ္ဍာန်ကြီးမျိုးနဲ့တွေ့ရတာ"

"အလိုလေး ..."

နှစ်ယောက်သား တိုးတိုးတိတ်တိတ်စကားပြောနေကြစဉ် မနီးမဝေးမှ ခွေးဟောင်းသံများကြားရသောကြောင့် စကားပြော ခြင်းကိုရပ်ပြီး နားစွင့်ကြည့်ကြသည်။

ခွေးဟောင်းသံများက တဖြည်းဖြည်းနီးလာသကဲ့သို့ရှိလေ



www.burmeseclassic.com

www.burmeseclassic.com



သည်။

နီမောင်က နေရာမှထပြီး ဟနေသောပျဉ်ချပ်မှ အပြင်သို့ ချောင်းကြည့်လိုက်သည်။

အမှောင်ရိပ်များ ဖုံးထားသော်လည်း လရောင်က ဝိုးတဝါး ရှိနေသည်။ အဝေးကိုမမြင်ရသော်လည်း အိမ်နှင့်မနီးမဝေးကို တော့ ဝိုးတဝါးမြင်ရသည်။

နီမောင်က ခွေးဟောင်သံများကြားနေရသောဘက်သို့ လှမ်းကြည့်နေစဉ် အိမ်အနောက်ဘက်မှ မည်းမည်းသဏ္ဌာန် တစ်ယောက် လျှောက်လာသည်ကိုတွေ့ရသဖြင့် မောင်ကျော် ကိုပါ လက်တို့ပြီးပြလိုက်သည်။

"ဘာလဲ"

"အိပ်မက်ထဲမှာတွေ့တဲ့ သေမင်းနဲ့တော့တူတာပဲ"

"ဟင် ..."

မောင်ကျော်မှာ မျက်လုံးပြူးသွားလေသည်။

"ကျန်တဲ့လူတွေ နှိုးလိုက်ရမလား"

"မနှိုးနဲ့ ...၊ အခြေအနေကြည့်လိုက်ဦးမယ်"

ထိုသို့ပြောပြီး အခြေအနေကြည့်နေကြစဉ် မည်းမည်း သဏ္ဌာန်ကြီးက အိမ်အနောက်ဘက်မှာရှိသော သစ်ပင်ရိပ် အောက်မှာ ရပ်တံ့သွားလေသည်။





ခဏကြာတော့ အိမ်အတွင်းမှာ အဝတ်မည်းခြုံထားသူ တစ်ယောက် အပြင်သို့ထွက်သွားပြီး ထိုသစ်ပင်အောက်သို့သွား လေသည်။

ထိုသစ်ပင်အောက်မှမြင်ကွင်းကိုတော့ မမြင်ရတော့ပေ။ အချိန်အတော်ကြာတော့မှ စောစောကအရိပ်မည်းက အိမ်ထဲ ပြန်ဝင်လာပြီး သစ်ပင်အောက်မှာရပ်နေသည့် မည်းမည်း သဏ္ဌာန်ကြီးက လာလမ်းအတိုင်းပြန်သွားလေတော့သည်။

နောက်ထပ်တော့ ထူးထူးခြားခြား ဘာမှမတွေ့ကြရတော့ ပေ။

* * *



www.burmeseclassic.com

အခန်း (၁၁)

## မာယာကျော့ကွင်းသက်ဆင်းရခြင်း

ရေကာတာကျိုးသောနေရာမှာ ရွာ၏အရှေ့ဘက်တွင် ဖြစ်သည်။

သကန်မြစ်မှ မိုးရာသီတွင်တက်လာသောရေငန်များ လယ်ကွက်အတွင်းမဝင်စေရန်အတွက် တားဆီးထားသောတာရိုးဖြစ်သည်။

နွေရာသီရောက်သောအခါ ရေထုတ်သောအပေါက်များမှ ကျိုးပေါက်သွားသောနေရာများကို ပြန်ဖို့ကြခြင်းပင်ဖြစ်သည်။





သံပချိုင်ရွာမှ ရွာလူကြီး ဇမုန်းထန်မှာ ဆက်သံရေးကောင်းနှံပြီး ပတ်ဝန်းကျင်တစ်ဝိုက်ရှိရွာများမှ ရွာလူကြီးများနှင့်လည်း ဆက်ဆံရေးကောင်းမွန်သူဖြစ်သည်။ အခြားရွာများမှ အရေးကိစ္စပေါ်လျှင်လည်း အားတက်သရော အကူအညီပေးတတ်သူဖြစ်သောကြောင့် သူ့ရွာမှ ကူအညီလိုလျှင်လည်း အခြားရွာများမှ လာရောက်ကူညီကြခြင်းဖြစ်သည်။

ထို့ပြင် ဇမုန်းထန်မှာ မြို့ပေါ်မှ သက်ဆိုင်ရာအစိုးရများနှင့် ဆက်ဆံရေးကောင်းသလို ထိုအချိန်က မြစ်ဝကျွန်းပေါ် သစ်တောများ၌ ကြီးစိုးမင်းမူနေကြသောသောင်းကျန်းသူများနှင့်လည်း အဆင်ပြေအောင်ပေါင်းသင်းတတ်သူဖြစ်သည်။

၁၉၄၇ ခုနှစ် လွတ်လပ်ရေးနောက်ပိုင်းတွင် မြစ်ဝကျွန်းပေါ်အရပ်ဒေသများတွင် သောင်းကျန်းသူအုပ်စုများ တစ်စုပြီးတစ်စု တစ်ဖွဲ့ပြီးတစ်ဖွဲ့ ပေါ်ပေါက်လာခဲ့သည်။

ထိုအချိန်က မြစ်ဝကျွန်းပေါ် သစ်တောများ၌ ကြီးစိုးနေကြသော သောင်းကျန်းသူအဖွဲ့များမှာ ကရင်သောင်းကျန်းသူများ၊ အလံဖြူကွန်မြူနစ်များ၊ အလံနီကွန်မြူနစ်များနှင့် ရဲဘော်ဖြူ ရဲဘော်နီ၊ ရဲဘော်ဝါတို့ဖြစ်ကြသည်။

ထိုအချိန်က ကျေးလက်တောရွာများတွင်နေသူများသာမက ဘဲ မြို့ငယ်များ(မြောင်းမြ၊ မော်ကျွန်း၊ ဘိုကလေး၊ ဖျာပုံ)မှာ



www.burmeseclassic.com

www.burmeseclassic.com



နေကြသူများပါ သောင်းကျန်းသူများစက်ကွင်းနှင့် မလွတ်ကင်းခဲ့ကြပေ။

ထို့ကြောင့် သောင်းကျန်းသူများအခြေစိုက်စခန်းချသော ပြင်ဒရယ်သစ်တောများနှင့် မဝေးလှသောနေရာများမှာ နေထိုင်ကြသော ဖမုန်းထန်တို့လိုလူများနှင့် သောင်းကျန်းသူများနှင့် အဆက်အသွယ်ပြုနေရခြင်းမှာ အဆန်းတကြယ်တော့ မဟုတ်ပါချေ။

ယခုလည်း ဖမုန်းထန်၏ဆက်ဆံရေးကောင်းမွန်မှုကြောင့် နီမောင်တို့အပါအဝင် အခြားရွာများမှ လုပ်အားပေးမည့်သူများ ရောက်လာကြသောကြောင့် တပျော်တပါးဖြစ်နေကြသည်။

ရွာခံများကလည်း အဆာပြေစားသောက်ရန် တစ်အိမ်တစ်မျိုးဖြင့် အစားအသောက်များလာရောက်ပို့ပေးကြသည်။

ရွာခံအမျိုးသားများက ရေကာတာဆည်ရာမှာ ဝိုင်းကူနေကြသလို အမျိုးသမီးများက အစားအသောက်များကျွေးမွေးရန်အတွက် တာဝန်ယူပေးကြသည်။ အများဖြင့်တော့ ညှိခံကျွေးမွေးရေးကို တာဝန်ယူပေးကြသူများမှာ ရွာခံမိန်းမပျိုလေးများပင်ဖြစ်သည်။

ယခုလိုအခွင့်အရေးမျိုးမှာ တစ်နှစ် တစ်ခါ နှစ်ခါထက်ပိုမရပေ။





ရေကာတာဖို့သောအချိန်၌ တစ်ခါ၊ ရွာမှာ အလုပ်[illegible]ရှိသောအခါမျိုးမှသာ အခြားရွာမှလာသောလူပျိုလူရွယ်များနှင့် တွေ့ဆုံကြရခြင်းဖြစ်သည်။

အခြားအချိန်ဆိုပါက သူ့အလုပ်နှင့်သူ၊ ကိုယ့်အလုပ်နှင့်ကိုယ် ယခုလိုတွေ့ကြရန် အချိန်မရှိကြပေ။

လူပျိုအပျိုတို့မှာ ယခုကဲ့သို့တွေ့ရသောအချိန်မျိုးတွင် အစွဲထုတ်ကြသူများလည်းရှိသည်။

ညှိခံကျွေးမွေးသောအဖွဲ့တွင် မြဝင်းသူတို့လည်း ပါလေသည်။ မြဝင်းသူ ကတော့ ၎င်းတို့အိမ်မှာတည်းနေသော နီမောင်တို့အဖွဲ့ရှိရာသို့ လာရောက်ကျွေးမွေးလေသည်။

နေ့လယ်ဘက် မနက်စာစားရန်အချိန်နီးသောအခါ လုပ်အားပေးနေသောနေရာသို့ လူတစ်စု ရောက်လာလေသည်။

သံပချိုင်နှင့်တပည့်နှစ်ယောက်တို့ဖြစ်သည်။

ထိုနယ်တစ်ကြောတွင် သူ့အမည်ကို ကြားဖူးကြသော်လည်း အချို့က လူကိုမမြင်ဘူး၊ မတွေ့ဖူးကြပေ။ ယခုကဲ့သို့ရောက်လာသောအခါ လုပ်လက်စအလုပ်များနားပြီး ကြည့်သူက ကြည့်ကြသည်။

“သံပချိုင် ဆိုတာ အဲဒီလူပေါ့”

“နာမည်ကတော့ အကျော်ကြီးတယ်၊ ရုပ်ကတော့ သရဲသဘက်



www.burmeseclassic.com

www.burmeseclassic.com



အတိုင်းပဲ"

"တိုးတိုးလည်းပြောပါကွာ .. ကြားသွားပါဦးမယ်၊ သံပချိုင်မှာ သရဲမွေးထားတာတွေရှိတယ်လို့ကြားတယ်၊ သူ့ကို သရဲနဲ့တူတယ်ပြောလို့ သရဲတွေလွှတ်လိုက်မှ ပြေးပေါက်မရဘဲဖြစ်နေဦးမယ်"

ဟု အချင်းချင်း တိုးတိုးတိတ်တိတ်ပြောနေကြသည်။

သံပချိုင် က တာပေါင်ရိုးပေါ်တက်လာပြီး ရွာလူကြီး ဇမုန်းထန်နှင့် အတန်ကြာအောင်စကားပြောနေသေးသည်။ ပြီးမှ လုပ်အားပေးနေသူများဘက်သို့လှည့်ကာ အသံကျယ်ကျယ်ဖြင့် ပြောသည်။

"ကျုပ်တို့ရွာကို အခုလို လာရောက်ကူညီကြတာ ကျေးဇူးတင်ပါတယ်၊ ဒီအတွက် ကျုပ်ကလည်း ခင်ဗျားတို့အတွက် ကျွေး မွေးဧည့်ခံရေးကို တာဝန်ယူပေးမှာဖြစ်ပါတယ်"

"ဟေး ..."

အချို့က ဝမ်းသာစွာအော်လိုက်ကြသည်။

"ဒီကနေ့ မနက်စာကိုကျွေးမွေးဖို့ ဝက်တစ်ကောင်ချက်ဖို့ပေးထားပါတယ်၊ ညနေစာတော့ ကျုပ်အင်းကထွက်တဲ့ငါးနဲ့ ချက်ကျွေးပါ့မယ်"

"ကောင်းပါတယ် .. ကောင်းပါတယ်"





"ဒါဖြင့် မနက်ဖြန်ဆိုရင် ကျုပ်လှူတဲ့အလှူပွဲလည်း စတော့မှာဖြစ်ပါတယ်၊ အလှူပွဲမှာ ဘိုကလေးမြို့နဲ့ ဖျာပုံမြို့က အငြိမ့်ပွဲနဲ့ဆိုင်းပွဲတွေလည်း ထည့်သွင်းဦးမှာမို့ ဒီကမိတ်ဆွေများ မပျက်မကွက် ကြွရောက်ခဲ့ကြဖို့ တစ်ခါတည်းပဲ ဖိတ်လိုက်ပါရစေ"

"လာရမှာပေါ့ဗျာ၊ ဒီလောက်ကြီးကျယ်တဲ့အလှူပွဲမျိုးကို လက်လွှတ်ခံလို့ ဘယ်ဖြစ်ပါ့မလဲ၊ ဒါထက် အကျွေးအမွေးကရောဗျ .. ဘာတွေကျွေးမှာလဲ"

မနီးမဝေးမှ လူတစ်ယောက်က ထ,မေးလိုက်သည်။

"ဟင်းကတော့ ကောင်းအောင်စီမံထားပါတယ်၊ ဝက်သားဟင်း .. ငါးခြောက်ထောင်းကြော်၊ ငပြာရည်ချက်၊ သရက်ချဉ်သုပ်၊ ၁၂ မျိုးဟင်းချိုနဲ့ အဝကျွေးမယ်ဗျာ .. ဘယ့်နှယ်လဲ"

"ကောင်းပါ့ဗျာ ..၊ သိပ်ကောင်းတာပေါ့ ..၊ ကြားရတာနဲ့တင် သရေ(သွားရေ)ယိုလာပြီဗျို့"

ဟု ဝမ်းသားအားရပြန်ပြောကြလေသည်။

ထို့နောက် သံပချိုင် က ပြောရင်းဆိုရင်း နီမောင်တို့အဖွဲ့ရှိရာ ဘက်သို့လျှောက်လာသည်။

မောင်ကျော် က နီမောင်ကို မသိမသာ မျက်ရိပ်ပြလိုက်လေသည်။

"ဖလန်ခုန်ရွာက လာကြတာလား"



www.burmeseclassic.com

www.burmeseclassic.com



ဟု အနားရောက်တော့ မေးသည်။

"ဟုတ်ပါတယ်"

"တည်းခိုစားသောက်ရတာ အဆင်ပြေကြရဲ့လား"

"ပြေပါတယ်"

"အလှူပွဲရက်အထိနေကြမှာမဟုတ်လား"

"နေဦးမယ်လို့တော့ စိတ်ကူးထားပါတယ်"

နီမောင် က မတင်မကျ ပြန်ပြောလေသည်။

သံပချိုင် နောက်မှာ စံထွန်းနှင့် ပထန်တို့နှစ်ယောက် ပါလာကြပြီး စံထွန်း က မောင်ကျော်ကို မျက်မှောင်ကြုတ်ပြီး ကြည့်နေလေသည်။

"စိတ်ကူးမနေပါနဲ့ကွာ၊ အလှူပွဲပြီးတဲ့အထိတော့ နေကြပါဦး၊ ငါက ငါလုပ်တဲ့အလှူပွဲမှာ လူများများပျော်တာကွ၊ ငါတို့ရွာမှာ ပျော်စရာတွေရော မင်းတို့ စိတ်ဝင်စားတာတွေလည်း အများကြီး ရှိပါတယ်၊ နေဖြစ်အောင်နေကြပါဦး"

ဟု ပြောကာ တစ်ချက်ပြုံးလိုက်လေသည်။ ၎င်းအပြုံးမှာ ကြောက်စရာကောင်းသောအပြုံးမျိုးဖြစ်သည်။ ထို့နောက် သံပချိုင်က အခြားနေရာများသို့ ဆက်လျှောက်သွားလေသည်။

"ထိုအခါမှ စောထီးနဲ့ ငမဲအောင်က ပြောသည်။

"ဒီလူကြီးကြည့်ရတာ တစ်ခုခုအကောက်ကြံမယ့်ပုံမျိုးပဲထင်





ငါထင်တယ်"

"နောက်ပြီး နောက်မှာပါလာတဲ့လူက ကျော်ကိုကြည့်နေတဲ့အကြည့်ကလည်း သိပ်မဟုတ်ဘူး၊ ဝံပုလွေက သားကောင်ကိုကြည့်နေတဲ့အကြည့်မျိုးလိုပဲ"

ထိုအခါ မောင်ကျော် က ခပ်တိုးတိုးပြောသည်။

"ငါ ဒီလူကြီးရဲ့ပုံပန်းသဏ္ဌာန်ကိုမြင်ဖူးနေသလိုပဲ၊ ရွှေလေးအလောင်းကို နွံထဲမှာမြုပ်နေတာ သူပဲလို့ထင်တယ်၊ အဝတ်နက်ကြီးခြုံထားပေမယ့် သူ့ရဲ့ပုံပန်းသဏ္ဌာန်ကမြင်တာနဲ့သိသာပါတယ်"

"ဒီတော့ ငါတို့ ဘယ်လိုလုပ်ကြမလဲ၊ အလုပ်ပြီးတာနဲ့ ပြန်ကြမလား ဒါမှမဟုတ် သူ့အလှူပွဲရက်မှာ နေကြဦးမှာလား"

ဟု စောထီးက မေးသည်။

"ငါ့သဘောပြောရရင်တော့ ဒီရွာကိုတကူးတကလာပြီး သူ့ကိုအကဲခတ်ကြည့်ဖို့က မလွယ်လှဘူး၊ အခုလိုကြုံကြိုက်ပြီး အဆင်ပြေနေတုန်း သူတို့အကြောင်းသိရအောင် ရနိုင်သမျှလေ့လာသွားရင် ပိုမကောင်းဘူးလား"

ဟု နီမောင်က ပြောသည်။

"ကောင်းတော့ကောင်းပါတယ်၊ ဒါပေမယ့် ငါတို့က အန္တရာယ် စက်ကွင်းထဲရောက်နေကြတာမျိုးဆိုတော့ သတိရှိယတော့ထားမှဖြစ်မယ်၊ သတိတစ်ချက်လစ်သွားတာနဲ့



www.burmeseclassic.com

www.burmeseclassic.com



သေမင်းကျော့ကွင်းထဲ ရောက်သွားနိုင်တယ်"

ဟု ငမဲအောင် က ပြောရာ အားလုံး မသိမသာသက်ပြင်းချ လိုက်လေသည်။

ရေကာတာဆည်ခြင်းအလုပ်က တစ်နေ့တည်းနှင့်ပင် အပြီးသတ်သွားလေသည်။ အလုပ်ပြီးသည်နှင့် အချို့အလုပ် အရေးကြီးသူများသာပြန်သွားကြပြီးအချို့မှာနေခဲ့ကြလေသည်။

အလှူရက်က နောက်တစ်နေ့မှာပင် စတော့မည်ဖြစ်ရာ ယခုရက်ကတည်းက မဏ္ဍပ်ဆောက်ခြင်း၊ ရေခပ်ခြင်း၊ ထင်းခွဲ ခြင်း၊ ကြက်သွန်သင်ခြင်း၊ ငရုတ်သီးထောင်းခြင်းကိစ္စများကို ယခုရက် ကတည်းက ဝိုင်းဝန်းကူညီ၍ လုပ်ကိုင်ပေးကြရသည်။

ညဘက်မှာလည်းမဏ္ဍပ်ရှိသောနေရာမှာ အောက်လင်း ဓာတ်မီးများ ဓာတ်ထိန်ထွန်းဖြင့်လုပ်စရာရှိသည်များကို ကြိုတင် လုပ်ကြရလေသည်။

ညဦးပိုင်းအချိန်တွင် သူတို့ရှိရာသို့ မြဝင်းသူ ရောက်လာပြီး ပြောသည်။

"ဒီကနေ့ည မဏ္ဍပ်မှာ လုပ်စရာတွေရှိလို့ လုပ်အားပေးကြ ပါဦး၊ ဒါပေမယ့် ကျွန်မလည်း အဲဒီကိုသွားရမှာမို့ အိမ်မှာ အဒေါ် တစ်ယောက်တည်းထားခဲ့ရမှာ စိတ်မချလို့ ကိုနီမောင် တော့ နေပေးခဲ့ပါနော်"





ဟု ပြောသောကြောင့် ကျန်တဲ့လေးယောက်က မြဝင်းသူ နှင့် လိုက်သွားကြပြီး နီမောင်တစ်ယောက်တည်း အိမ်မှာ ဒေါ်မြင်းဇာကိုအဖော်ပြုကာ ကျန်ခဲ့လေသည်။ သွားခါနီးတော့ မောင်ကျော်က တိုးတိုးပြောသွားသေး သည်။

"နီမောင် ဟိုစုန်းမကြီးကို သတိထားနော် ..၊ အသက်ကြီး တယ်ဆိုပြီး ပေါ့ပေါ့လျော့လျော့မနေနဲ့ ..၊ တော်ကြာ ဖမ်းစား ထားဦးမယ်"

ဟု သတိပေးသွားသေးသည်။ သို့ကြောင့် နီမောင်မှာ အိမ်ထဲမှာပင်မနေဘဲ အိမ်အပြင်မှာ ထွက်ထိုင်နေလေသည်။

ညဦးပိုင်းတစ်ချိန်လုံးတော့ ထူးထူးခြားခြားမတွေ့ရပေ။ ဒေါ်မြင်းဇာသည် အိမ်ပေါ်မှာ ပြောင်းဖူးဖက်ဆေးပေါ့လိပ်ကြီးကို မီးတရဲရဲနှင့်ဖွာနေသည်။ တစ်ခါတလေလည်း ဆေးလိပ်ချပြီး ဟိုမှသည်မှ သွားလာနေသည်ကို လှမ်းမြင်နေရသည်။

နီမောင် ကတော့ အိမ်ရှေ့သစ်ပင်အောက်မှထားသော ကွပ်ပျစ်ပေါ်မှာထိုင်ရင်း မြဝင်းသူအကြောင်းကို စဉ်းစားနေလေ သည်။

မြဝင်းသူသည် တောသူတစ်ယောက်သာဆိုသော်လည်း နုပ်ရည်ချောမောပြီး လှပသူဖြစ်သည်။

အရပ်အမောင်း၊ ကိုယ်လုံးကိုယ်ထည်သာမက မျက်နှာအမူ



www.burmeseclassic.com

www.burmeseclassic.com



အရာမှာ တစ်ခါမြင်သည်နှင့် မမေ့နိုင်စရာ အလှပိုင်ရှင်မျိုးဖြစ်သည်။

ထို့ပြင် အမူအရာသွက်လက်ပြီး ပွင့်လင်းသူလည်းဖြစ်သည်။ ထူးဆန်းသောအချက်ကတော့ ဒီလိုရွာမျိုးမှာ အိမ်ကြီးတစ်ဆောင်နှင့် တူဝရီးနှစ်ယောက်တည်းနေကြပြီး အခြားစောင့်ရှောက်ပေး မည့်သူတစ်ဦးတစ်ယောက်မှ မတွေ့ရခြင်းပင် ဖြစ်သည်။

ဒီလိုချောမောလှပသောမိန်းမပျိုတစ်ယောက်ကို ပိုင်ဆိုင်လိုသူများရှိကြမည်ကတော့ အမှန်ပင်ဖြစ်သည်။

ထိုသို့အမျိုးမျိုးတွေးတောနေပြီး အိမ်ပေါ်လှမ်းကြည့်လိုက်သောအခါ ဒေါ်မင်းစာ၏အရိပ်အယောင်ကို မတွေ့ရတော့ပေ။

အိပ်ရာဝင်သွားသည်လည်းဖြစ်ပေလိမ့်မည်။ ထိုအချိန်မှာပင် နီမောင်ရှိရာ သစ်ပင်အောက်သို့ လူတစ်ယောက် လျှောက်လာလေသည်။

အမျိုးသမီးတစ်ယောက်ပင်ဖြစ်သည်။

မနီးမဝေးရောက်တော့ သူမက ပြောသည်။

"ကိုနီမောင် မဟုတ်လား"

"ဟုတ်ပါတယ်"

"မြဝင်းသူ အိမ်ပြန်လာတာ လမ်းမှာခြေခေါက်လဲသွားပြီး





မထနိုင်တော့လို့ တစ်ဆိတ်လောက်လာကူတွဲပေးပါဦး"

နီမောင် က ထိုင်နေရာမှ ထရပ်လိုက်သည်။ သို့သော် ချက်ချင်းလိုက်မသွားသေးဘဲ စဉ်းစားကြည့်သေးသည်။

"မြန်မြန်လာပါရှင် .. သူ မထနိုင်တော့လို့ပါ"

ဟု ထပ်ပြောမှ သူမနှင့်အတူလိုက်သွားလေသည်။

ရွာထဲမှ ကျောင်းသို့သွားသောလမ်းမှာ အနည်းငယ်ဝေးလေသည်။ လှမ်းကြည့်ပါက မီးရောင်များကို မြင်ရသော်လည်း ကြားတွင် လူနေအိမ်မရှိပေ။

လမ်းဘေး တစ်ဖက်တစ်ချက်တွင် အရိပ်ရသောကုက္ကိုပင်နှင့် ပိတောက်ပင်များစိုက်ထားသောကြောင့် အနည်းငယ်မှောင်နေသည်။

ဒီလိုနေရာမျိုးမှာ အန္တရာယ်ပြုမည်ဆိုပါက အလွယ်တကူနှောင့်ယှက်နိုင်သည့်နေရာမျိုးဖြစ်သည်။

နီမောင် က လာခေါ်သောမိန်းကလေးနှင့် မနီးမဝေးမှ လိုက်သွားသော်လည်း မျက်စိကိုဖွင့် နားကိုစွင့်ထားလေသည်။

သူကသာစိတ်ထဲမှ စိုးရိမ်စိတ်ဝင်နေသော်လည်း လမ်းတစ်လျှောက်လုံးမှာ မည်သည့်အန္တရာယ်နှင့်မှတော့ မတွေ့ရပေ။

တစ်နေရာရောက်တော့ ညည်းညူသံလိုလိုကြားရသည်။ ကြည့်လိုက်တော့ လမ်းဘေးတစ်နေရာမှာလဲနေသော မြဝင်းသူ



www.burmeseclassic.com

www.burmeseclassic.com



ကိုတွေ့ရသည်။

"မြဝင်းသူ ဘယ်လိုဖြစ်သွားတာလဲ"

"ကျွန်မ ခြေခေါက်လဲသွားလို့ မထနိုင်တော့ဘူး"

နီမောင် က သူမအနားသွားကြည့်သောအခါ ခွေခွေလေး လဲနေသည်ကိုတွေ့ရသည်။

"ကျွန်.. ကျွန်တော် ဘယ်လိုလုပ်ပေးရမလဲဟင် ..."

"ကျွန်မကို ကူတွဲပြီး အိမ်ကိုသာ ပြန်ပို့ပေးပါ ကိုနီမောင်"

နီမောင်က စောစောက သူ့ကိုလာခေါ်သည့်မိန်းကလေးကို ကြည့်လိုက်တော့ မရှိတော့ပေ။

ဘယ်အချိန်ကထွက်သွားသည် မသိလိုက်ပေ ...၊

သို့ကြောင့် ထွေထွေထူးထူးစဉ်းစားမနေတော့ဘဲ မြဝင်းသူကို နံဘေးမှဝင်တွဲလိုက်သည်။

မြဝင်းသူကလည်း နီမောင်ကို အားပြု၍ထသည်။ သူမ၏ ခြေထောက်တစ်ဖက်မှာ လုံးလုံးထောက်မရတော့ဟန်ရှိသည်။

"လျှောက်နိုင်ပါ့မလား မြဝင်းသူ"

"ခြေထောက်ကတော့ ထောက်မရတော့ဘူးထင်တယ်"

ဟု ရှုံ့မဲ့ပြီးပြောလေသည်။

"ကျွန်တော် ပွေ့ခေါ်သွားရမလား"

ခေါင်းညိတ်ပြသည်။





သို့ကြောင့် သူမကို ပွေ့ယူလိုက်သည်။

မြဝင်းသူ က သူ့လည်ပင်းကိုသိုင်းဖက်ထားသည်။ ထို အခြေအနေကြောင့် မြဝင်းသူတော့ ဘယ်လိုရှိနေသည်မသိပေ..၊

နီမောင်ခမျာမှာတော့ တစ်ကိုယ်လုံး ထူပူနေသည်။ ခြေကြက်များပင် မမှန်ချင်တော့ပေ။ အနီးကပ်ရှိနေသောကြောင့် သူမထံမှ သနပ်ခါးရနံ့လေးက နှာခေါင်းထဲတိုးဝင်လာသောအခါ ကတုန်ကယင်ဖြစ်လာလေသည်။

တစ်နေရာရောက်တော့ အမှောင်ထဲမှာရှိနေသော ချိုင့်တစ်ခုကိုနင်းချလိုက်ရာ ဟန်ချက်မထိန်းနိုင်တော့ဘဲ နှစ်ယောက်စလုံး လမ်းဘေးသို့လိမ့်ကျသွားလေတော့သည်။

"အမယ်လေး ..."

မြဝင်းသူ က အလန့်တကြားအော်လိုက်သည်။

လမ်းဘေးချိုင့်က သိပ်မနက်လှသော်လည်း အရှိန်မထိန်းနိုင်ဘဲလိမ့်ဆင်းသွားရာ သစ်ပင်ခြေရင်းရောက်တော့မှ ရပ်သွားသည်။

ရပ်သွားတော့ မြဝင်းသူကိုယ်ပေါ်မှာ နီမောင်က ဖိထားလျက်သားဖြစ်နေသည်။

သို့ကြောင့် အားနာစွာဖြင့် ကပျာကယာထရန်ပြင်လိုက်သည်၊ သ,မရတော့ပေ။ သူ့လည်ပင်းကိုဖက်ထားသော သူမ၏လက်နှစ်



www.burmeseclassic.com

www.burmeseclassic.com



ဖက် လွှတ်မပေးသောကြောင့်ဖြစ်သည်။

နီမောင် က တအံ့တဩဖြင့် ငုံ့ကြည့်လိုက်သော အလင်းရောင်တစ်စွန်းတစ်စနှင့် ပြုံးပြနေသော သူမမျက်နှာကို တွေ့မြင်ရလေသည်။

မိကျောင်းတစ်ကောင်က ရန်ပြုလာပါက နည်းအမျိုးမျိုးနှင့် ရှောင်တိမ်းနိုင်သော စလွှတ်ထိုးသမားနီမောင်ခမျာ မိန်းကလေးတစ်ယောက်၏ မာယာကျော့ကွင်းကိုတော့ ဘယ်လိုမှမရှောင်သာတော့ပေ ..။

"မင်းခြေထောက် တကယ်မနာဘူးမဟုတ်လား"

ပြုံး၍ ခေါင်းခါပြသည်။

"ဒါဖြင့် ..."

"ခုထိ ကျွန်မသဘောကို မရိပ်မိသေးဘူးလား"

"အင်း .. အခုမှပဲ နည်းနည်းသိလာသလိုပဲ"

မြဝင်းသူက ပြုံးလိုက်ပြန်သည်။

"အစ်ကို့သဘောကရော..."

"အစ်ကိုလည်း စပြီးတွေ့ကတည်းက စိတ်ဝင်စားနေပါတယ်၊ အခုလိုသိရတော့ ပိုကောင်းတာပေါ့"

"ဟင် .. ဘာဖြစ်လို့လဲ"

"ကာယကံရှင်ကိုယ်တိုင်က ကိုယ့်သဘောကိုသိနေပြီ ဆိုတော့ ဖွင့်ပြောစရာမလိုတော့ဘူးပေါ့"

"ဒီလိုတော့ဘယ်ရမလဲ၊ သိနေတာက တခြားပဲ၊ ဖွင့်ပြောတဲ့စကားကိုလည်း ကြားချင်သေးတာပေါ့"

"အစ်ကို မင်းကို သိပ်ချစ်မိနေပါပြီ မြလေးရယ်"

ဟု သူမပါးအနီးကပ်ကာ တိုးတိုးပြောလိုက်လေသည်။

ထို့နောက် မြဝင်းသူကိုယ်ကလေးကို ခပ်တင်းတင်းဖက်ထားလိုက်ရာ သူမကလည်း သိုင်းဖက်ထားလေသည်။

ယခုကဲ့သို့ အမှောင်ရိပ်လွှမ်းနေသောနေရာမျိုးတွင် မမြင်ရသောအန္တရာယ်များကရောက်လာနိုင်သည်။မည်သည့်အန္တရာယ်များ ရောက်လာစေဦးတော့ သူတို့အဖို့တော့ ဂရုပြုစရာမဟုတ်တော့ပေ ..၊ အတန်ကြာတော့မှ ထိုနေရာမှထွက်ကာ အိမ်ပြန်လာကြလေသည်။

အိမ်ရှေ့ရောက်သောအခါ အိမ်ပေါက်ဝမှာ ငုတ်တုတ်ထိုင်နေသည့် ဒေါ်မင်းဇာကို တွေ့ရလေသည်။ ဒေါ်မင်းဇာနှင့် တွေ့တော့ မြဝင်းသူက အိမ်အတွင်းသို့ ခပ်သုတ်သုတ်ဝင်သွားလေသည်။

နီမောင်တစ်ယောက်တည်းကျန်တော့မှ ဒေါ်မင်းဇာ က လှမ်းပြောသည်။

"ရောက်တာတောင်မကြာသေးဘူး .. ဒီအခြေအနေတောင်




ရွှေသမင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေကြပြီလား"

"ဒီ .. ဒီလိုပါ"

"ငါ့မျက်စိနဲ့မြင်နေတာတောင် ငြင်းချင်သေးလို့လား၊ ဒါ ထက်မေးပါရစေဦး၊ မင်းက ဒီလိုလွယ်လွယ်နဲ့ထိဝံ့တယ်ဆိုရ အောင် မြဝင်းသူအကြောင်းကို ဘယ်လောက်သိထားပြီးလို့လဲ"

"မ .. မသိသေးပါဘူး"

"အေး .. မသိသေးရင်တော့လည်း ပြောပြရဦးမှာပေါ့၊ မြဝင်းသူကို ဒီရွာကလူတွေမပြောနဲ့ တစ်နယ်လုံးကလူတွေက တောင် မထိဝံ့တဲ့မိန်းကလေးတစ်ယောက်ပဲ"

"ဘာဖြစ်လို့လဲဟင် ..."

"သူက တခြားသူမဟုတ်ဘူး၊ တစ်နယ်လုံးက ကြောက်နေ ကြရတဲ့ အင်းသူကြီး သံပချိုင်ရဲ့သမီးပဲလေ၊ ငါက သံပချိုင်ရဲ့ အစ်မကြီးပဲ"

"ဟင် ..."

နီမောင်တစ်ကိုယ်လုံး ထူပူသွားလေသည်။ မမျှော်လင့်ဘဲ ကျော့ကွင်းတစ်ခုထဲသို့ ဝင်မိခဲ့ပြီဖြစ်ကြောင်းလည်း သဘော ပေါက်မိလေသည်။ သို့သော် နောက်ကျသွားခဲ့လေပြီ။

"မင်းသိအောင်ထပ်ပြောပြမယ်၊ ဒီကလူတွေက မြဝင်းသူကို ဘာကြောင့်မထိဝံ့ကြသလဲဆိုတော့ သူ့ကိုထိမိတဲ့လူတိုင်း သေမင်း





ငြိလိုက်တဲ့ မရဏာပန်းကို ရှသလိုပဲ သေကြတာချည်းပဲလေ ..၊ အခုလည်း မင်း ဒီလမ်းကို လျှောက်မိသွားပြီမဟုတ်လား"

ဟု ကျေနပ်နေသောအသံမျိုးဖြင့်ပြောရင်း ပြောင်းဖူးဖက် ဆေးပေါ့လိပ်ကြီးကို မီးတရဲရဲနှင့်ဖွာနေသည်။

နီမောင် က ဒေါ်မင်းဇာ အနီးရောက်သည်အထိ တိုးသွား တော့ အလန့်တကြားဖြင့်မော့ကြည့်လေသည်။

"ကျွန်တော်က သေရမှာကြောက်တဲ့သူ မဟုတ်ပါဘူး၊ မြဝင်းသူကိုချစ်မိလို့ အခုချက်ချင်း သေရမယ်ဆိုရင်လည်း သေဝံ့ပါတယ်၊ ကျွန်တော်ရဲ့မေတ္တာကိုတော့ ဘယ်တော့မှ ပြန် သိမ်းမှာမဟုတ်ပါဘူး"

ဟုပြောကာ မိမိတို့အားခွက်ပေးထားသောနေရာဘက်သို့ ထွက်လာခဲ့လေသည်။

ဒေါ်မင်းဇာသာ ဆေးပေါ့လိပ်ကို တွင်တွင်ဖွာရင်းနှင့် တအံ့ တဩဖြစ်သွားကာ လှမ်းကြည့်နေသေသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၁၅)

## မမျှော်လင့်ဘဲရောက်လာသည့်အန္တရာယ်များ

သံပချိုင် လှူသောအလှူမှာ ထမင်းရေချောင်းစီးမောင်းတီးပြီး လှူသောအလှူမျိုးဖြစ်သောကြောင့် ရပ်ဝေးရပ်နီးမှပင် လာရောက်ကြလေသည်။

လေ့နှင့်တစ်မျိုး၊ လှည်းနှင့်တစ်တန် ခြေကျင်လာသူတွေလည်းရှိသည်။

ကျေးလက်တောရွာများမှာ နေကြသူများမှာ တစ်နှစ်ပတ်လုံး အလုပ်နှင့်လက်ပြတ်သည်မရှိဘဲ လုပ်ကြရာမှ နွေရာသီစပါး သိမ်းပြီးချိန်ရောက်သောအခါမှသာ နားကြရသည်။





အများအားဖြင့်တော့ အလှူအတန်းပြုလုပ်သ[illegible]မှာလည်း ထိုအချိန်ရောက်မှ ပြုလုပ်လေ့ရှိကြသည်။

အလှူပွဲရှိသောအခါမှ ဝတ်ဆင်ရန် သိမ်းဆည်းထားသော အဝတ်အစားနှင့် လက်ဝတ်ရတနာတို့ကိုလည်း ထိုအခါမှပင် ထုတ်ဝတ်ကြရလေသည်။

အလှူပွဲ အကြိုနေ့ကတည်းက အသံချဲ့စက်ထည့်ထားပြီး ရှင်လောင်းလှည့်ပြီးသောညတွင် မိုက်ကလေး(ဘိုကလေး)မြို့၊ ဖျာပုံမြို့များမှ ဆိုင်းပွဲအငြိမ့်ပွဲများ ငှားရမ်းထားလေသည်။

ထိုအချိန်က ဖျာပုံမြို့တွင် နာမည်ကြီးလှသောဆိုင်းအဖွဲ့မှာ ကိုအောင်သိန်းဆိုင်းအဖွဲ့ဖြစ်ပြီး ဘိုကလေးမြို့တွင် စိန်ဘကျော်ဆိုင်းအဖွဲ့နှင့် စိန်မြသန်းဆိုင်းအဖွဲ့ [illegible]လွန်တင် ဆိုင်းအဖွဲ့တို့ရှိကြသည်။ ဆိုင်းဝိုင်းပြိုင်ထည့်သွင်းထားသောကြောင့် ဖျာပုံမြို့မှ ကိုအောင်သိန်းဆိုင်းအဖွဲ့နှင့် ဘိုကလေးမြို့မှ စိန်မြသန်းဆိုင်းအဖွဲ့တို့ ထည့်သွင်းထားသည်။

အလှူပွဲသိမ်းသောနောက်ဆုံးရက်မှာတော့ ဘိုကလေးမြို့မှ စိန်အောင်မြင့်ဇာတ်အဖွဲ့ကို ငှားရမ်းထားသည်။

အနီးပတ်ဝန်းကျင်ရွာမှ ဈေးရောင်းသူများကလည်း နေ့လယ်ပိုင်းအချိန်ကတည်းက တဖွဲဖွဲရောက်လာကြလေသည်။

ဆိုင်းဝိုင်းများထည့်သွင်းသောနေရာမှာ ဘုန်းကြီးကျောင်း



www.burmeseclassic.com

www.burmeseclassic.com



မြောက်ဘက် ကွက်လပ်ကျယ်ကြီးအတွင်းမှာဖြစ်ပြီး ကနဖျင်း မဏ္ဍပ်ကြီးများထိုးထားသည်။

ကနစိုမျော်တိုင်များစိုက်ပြီး ဓနိကိုင်းများမိုးထားသောမဏ္ဍပ်ကြီးများမှာ ကြီးကျယ်လှသည်။

မဏ္ဍပ်နှစ်လုံးပြိုင်ဆောက်ထားပြီး ဆိုင်းဝိုင်းများက တစ်နေရာစီ၌နေရာယူထားကြလေသည်။

ဆိုင်းဝိုင်းများက သူ့နာရီပိုင်းနှင့်သူ အလှည့်ကျတီးမှုတ်ကြမည်ဖြစ်သော်လည်း ပရိသတ်များကတော့ မိမိတို့ နှစ်သက်သဘောကျသောဆိုင်းဝိုင်းရှိရာမဏ္ဍပ်၌ နေရာယူကြလေသည်။

လမ်းဘေးဝဲယာတစ်လျှောက်မှာတော့ ဆိုင်းဝိုင်းနှင့်ပါလာသော ဈေးသည်များရော ဒေသခံရွာခံဈေးသည်များက နေရာယူထားကြလေသည်။

အများအားဖြင့်တော့ ကွမ်းယာ၊ ဆေးလိပ်ရောင်းသော ဈေးသည်များပြီး အစားအသောက်ကတော့ ဒေသထွက်အစားအစာများဖြစ်သော ကောက်ညှင်းပေါင်း၊ ကောက်ညှင်းကျည်တောက်၊ မုန့်ဟင်းခါး၊ ခေါက်ဆွဲ၊ ဘူးသီးကြော် စသောဆိုင်များဖြစ်သည်။

အခြားမုန့်များပြုလုပ်ရောင်းချသောဆိုင်များလည်းရှိသည်။

ထိုကဲ့သို့ ပွဲလမ်းသဘင်ရှိသောအချိန်မျိုးတွင် လူပျိုကာလသားတို့မှာ ခေါက်ရိုးမပြေသေးသည့် အသစ်စက်စက်အကျႌ လုံ





ချည်များကိုထုတ်ဝတ်လာကြရာ ဝတ်နေကျမဟုတ်သောကြောင့် သွားမကျဘဲရှိနေကြသည်။

အတန်အသင့်တတ်နိုင်သူများက ဘန်ကောက်လုံချည်များ၊ ပင်းလုံချည်များ ထုတ်ဝတ်လာရာ ဝတ်နေမကျသောကြောင့် ကြာ ခဏ ပြင်ဝတ်နေရလေသည်။

လည်ပင်းမှာဆွဲထားသောဆွဲကြိုးကို လူမြင်စေရန် အကျႌအပေါ်ကြယ်သီးတစ်လုံးနှစ်လုံးကိုလည်း ဖြုတ်ပြီး ဟထားရသေးသည်။

အချိန်နာရီသိစေရန် အရေးမကြီးသော်လည်း မိမိလက်မှာနာရီပတ်ထားကြောင်း အများမြင်စေရန် နာရီကို မကြာခဏကြည့်ရသေးသည်။

ထို့ပြင် ဆေးလိပ်သောက်တတ်သူများရော မသောက်တတ်သူများပါ စီးကရက်ကိုလက်ကြားမှမချဘဲ မီးခိုးတထောင်းထောင်းထအောင်ဖွာပြကြလေသည်။

မိန်းမပျိုလေးများမှာလည်း တစ်မိုးတွင်းလုံး အသုံးမပြုဘဲသိမ်းထားသော ပေါင်ဒါ၊ နှုတ်ခမ်းနီ၊ ပါးနီ၊ သနပ်ခါး စသောအလှအပသုံးပစ္စည်းများဖြင့် အစွမ်းကုန် ခြယ်သထားပြီး အဝတ်အစားအသစ်များဖြင့် လှပတင့်တယ်နေကြသည်။

မိန်းမပျိုလေးများက အလှသွေးတပြပြနှင့်ရှိကြသ၏



www.burmeseclassic.com

www.burmeseclassic.com



ကာလသားများတို့ကလည်း ဟန်ရေးတပြပြနှင့် ချစ်စရာကောင်းသော အလှူပွဲမြင်ကွင်းပင် ဖြစ်ပေတော့သည်။

ထိုမိန်းမပျိုများထဲမှာ မြဝင်းသူမှာ အပေါ်လွင်ဆုံးနှင့် အချောဆုံး ဖြစ်နေလေသည်။

သူမမှာ အလှူရှင်သမီးဖြစ်သည်က တစ်ကြောင်း၊ ပင်ကိုကလည်း ချောမောလှပသူဖြစ်သဖြင့် ယခုကဲ့သို့ ပြင်ဆင်ခြယ်သထားသောအခါ အများထဲမှာ ပေါ်လွင်မှုရှိနေလေသည်။

"နီမောင်၊ မြဝင်းသူ က အတော်လှပါလား၊ မင်း သူနဲ့ အဆင်ပြေသွားတာ ကံကောင်းတာပေါ့"

နီမောင် ဘာမှပြန်မပြောပေ ..။

"မင်း ဘာတွေ ဒီလောက်စဉ်းစားနေတာလဲ၊ မင်းတို့ နှစ်ယောက်အကြောင်းကို သူ့အဒေါ်သိသွားလို့ စိတ်ပူနေတာလား"

"မဟုတ်ပါဘူးကွာ၊ ငါလိုအဆင့်အတန်းမျိုးနဲ့ သူ့ကို ပိုင်ဆိုင်ခွင့်ရဖို့ မလွယ်ပါဘူး"

"ဒါကတော့ ကြိုးစားရမှာပေါ့ကွ၊ ယောကျ်ားတစ်ယောက်ဆိုတာ ငွေကြေးချမ်းသာဖို့ထက် ကြိုးစားအားထုတ်မှုရှိဖို့ပဲ အရေးကြီးတာမဟုတ်လား၊ တကယ်လိုချင်လို့ ကြိုးစားရင် လိုချင်တာ ရနိုင်တာပဲ"

ဟု မောင်ကျော်က အားပေးစကားပြောသည်။





"အဆင့်အတန်းဆိုတာထက် သူနဲ့ငါ့ရဲ့ကြားမှာ အခြားအကြောင်းတွေလည်းရှိနေသေးတယ်"

"ဘာတွေလဲ"

"အခုတော့ ငါလည်း သေသေချာချာမသိသေးဘူး၊ မကြာခင်မှာတော့ အဖြေပေါ်လာမယ်ထင်တယ်"

ဟု မတင်မကျပြောလိုက်သည်။

နီမောင်တို့အဖွဲ့မှာ လုပ်အားပေးရန်လာကြသောကြောင့် အဝတ်အစား သစ်သစ်လွင်လွင်မပါဘဲ သာမန်အဝတ်အစားများနှင့်သာဖြစ်သည်။

ထို့ပြင် ရွာခံလည်းမဟုတ်သောကြောင့် မဏ္ဍပ်အတွင်းသို့ဝင်မထိုင်ဘဲ အပြင်မှာသာရပ်နေကြသည်။

ရွာခံကာလသားများနှင့် အခြားမှလာကြသော ကာလသားများကတော့ မြဝင်းသူနှင့် မနီးမဝေးမှာ နေရာရကြရန်အတွက် သူ့ထက်ငါ ကြိုးစားနေကြလေသည်။

ထိုအချိန်မှာ မြဝင်းသူက တစ်စုံတစ်ဦးကို ရှာဖွေနေဟန်ရှိသည်။

"မြဝင်းသူ မင်းကို ရှာနေတာဖြစ်မယ်၊ သူ မြင်သာအောင် လှုံးပြလိုက်ဦးလေ"

"မပြတော့ပါဘူးကွာ"



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်မှာ အလှည့်ကျသောဆိုင်းအဖွဲ့က ညှော်ခံတီးလုံးများဖြင့် စတင်တီးမှုတ်ညှော်ခံနေလေပြီ။

အတန်ကြာသောအခါ မဏ္ဍပ်အနီးသို့ လူဆယ်ယောက်ခန့်ပါသောအဖွဲ့တစ်ဖွဲ့ ရောက်လာသည်။

ထိုနေရာသည် သောင်းကျန်းသူများ ဝင်ထွက်သွားလာနေသောနေရာဖြစ်သဖြင့် ထိုအထဲမှ အဖွဲ့တစ်ဖွဲ့ဖြစ်မည်ဟုသာ ခန့်မှန်းမိကြသော်လည်း မည်သည့်အဖွဲ့မှန်းတော့ မသိကြပေ။

ခေါင်းဆောင်လုပ်သူက အလှူ့ရှင်နှင့်တွေ့လိုကြောင်း ပြောသဖြင့် သံပချိုင်နှင့်တွေ့ပေးလိုက်သည်။

"ကျုပ်နာမည် သံပချိုင်လို့ခေါ်ပါတယ်၊ အလှူ့ရှင်က ကျုပ်ပါပဲ၊ ခင်ဗျားတို့က ဘယ်သူတွေလဲ"

"ကျုပ်တို့လည်း ပြင်ဒရယ်တောထဲမှာနေပြီး အခြားအဖွဲ့တွေလိုပဲ ကိုယ့်နည်းကိုယ့်ဟန်နဲ့ လှုပ်ရှားနေတဲ့အဖွဲ့တစ်ဖွဲ့ပါပဲ"

"အခုဘာလိုချင်သလဲ၊ ဘာလုပ်ပေးရမလဲ"

"လောလောဆယ် အရက်သောက်ချင်တယ်၊ ပြီးရင် ထမင်းစားမယ်၊ ထမင်းစားပြီးရင် ဆိုင်းနားထောင်ဖို့နေရာ စီစဉ်ပေးပါ"

ဟု ခေါင်းဆောင်လုပ်သူက ပြောသည်။

"အလှူပွဲကျင်းပနေတဲ့အချိန်မှာ အရက်သောက်ပြီး ဆူဆူညံညံတော့မလုပ်ဖို့ တောင်းပန်ပါတယ်"





"ကျုပ်နာမည် 'ကျားပါးစပ်'လို့ခေါ်တယ်၊ ကျုပ်တို့အဖွဲ့က ဒီလိုနာမည်ပျက်တဲ့အလုပ်မျိုးကို ဘယ်တော့မှမလုပ်ဘူး"

ဟု ကတိပေးသဖြင့် သံပချိုင်က တပည့်များကိုခေါ်ပြီး အရက်နှင့်အစားအသောက်များ စီစဉ်ပေးရန် မှာကြားလိုက်သည်။ ကျားပါးစပ်တို့အဖွဲ့မှာ စားသောက်ပြီး အရက်ကလေး တထွေထွေနှင့် မဏ္ဍပ်ထဲဝင်လာကြသည်။

ပြီးလျှင် မြဝင်းသူတို့ဝိုင်းနှင့် မနီးမဝေးမှာ နေရာယူကြသောကြောင့် ထိုနေရာမှာရောက်နေသူများက မကျေမနပ်ဖြင့် နေရာဖယ်ပေးကြရသည်။

ကိစ္စက ထိုနှင့်မပြီးပြန်သေးပေ ..၊ ကျားပါးစပ်က မြဝင်းသူနှင့်နီးနိုင်သမျှနီးအောင်တိုးသွားပြီး စကားတတွတ်တွတ် ပြောနေပြန်သဖြင့် ကြာတော့ မိန်းကလေးများမှာ မသိမသာဖြင့် အခြားနေရာရွှေ့ကြရသည်။ မြဝင်းသူလည်း နေရာမှထသွားပြီး လူအုပ်ထဲမှ ပျောက်သွားလေသည်။

"နီမောင် မြဝင်းသူ အပြင်ထွက်သွားတာ တွေ့လိုက်တယ်၊ ခင်း လိုက်ကြည့်လိုက်ဦး၊ တော်ကြာ ဟိုကောင်တွေ နောက်က လိုက်ပြီး အနှောင့်အယှက်ပေးနေရင် ခက်လိမ့်မယ်"

ဟု မောင်ကျော်က ပြောသဖြင့် လူအုပ်အထဲမှတိုးထွက်လိုက်လေသည်။ အပြင်ဘက်ရောက်တော့ မြဝင်းသူကို မတွေ့ရတော့



www.burmeseclassic.com

www.burmeseclassic.com



ပေ။

"သူ အိမ်ပြန်သွားတာများလား"

ထိုအတွေးကြောင့် အိမ်ဘက်သို့ တစ်ယောက်တည်း ပြန်လျှောက်လာသည်။ လမ်းမှာတော့ လူမပြတ်ပေ။ ပွဲသွားသူ ပြန်သူများ ရှိနေကြသည်။

အိမ်ခြံဝင်းပေါက်ဝရောက်မှ မြင်ကွင်းတစ်ခုက ဆီးကြိုနေလေသည်။ မြဝင်းသူက ခါးထောက်ကာရပ်နေပြီး သူမနှင့်မနီးမဝေးမှာ လူတစ်ယောက် ရပ်နေသည်။

ပုံပန်းသဏ္ဌာန်မှာ ကျားပါးစပ်တို့အဖွဲ့မှ တစ်ယောက်ဖြစ်ဟန်ရှိသည်။

"နင် ငါ့နောက် ဘာကြောင့်လိုက်လာတာလဲ"

"နင့်ကို သဘောကျလို့ လိုက်လာတာပေါ့၊ ငါတို့ဆရာက နင့်ကို အပါပြန်ခေါ်ခဲ့ဆိုလို့ လိုက်ခေါ်တာ"

"တစ်သက်လုံးမလိုက်ဘူး"

"အေးအေးဆေးဆေးခေါ်မရရင် ရတဲ့နည်းနဲ့ခေါ်ခဲ့ရမယ်လို့ မှာလိုက်တယ်"

ဟု ပြောပြီး အရက်မူးမူးနှင့် ရှေ့သို့တိုးသွားကာ မြဝင်းသူ လက်ကိုဆွဲရန်ဟန်ပြင်သည်။

မြဝင်းသူ က လက်ကို အကိုင်မခံဘဲ ပါးကိုရိုက်သည်။





ထို အခါ ဒေါသထွက်နေသောကျားတစ်ကောင်ကဲ့သို့ဖြစ်လာပြီး အတင်းဝင်ဆွဲလေတော့သည်။

ထိုအချိန်မှာပင် နီမောင်က ပြေးဝင်သွားပြီး တိုက်ခိုက်ရာ လဲကျသွားသည်။

ပြန်ထလာသောအခါ လက်ထဲမှဓားမြှောင်တစ်လက် ပါလာပြီး နီမောင်ကို တရကြမ်းလိုက်ထိုးလေရာ ရှောင်ပေးနေရသည်။

တစ်ကြိမ်မှာ ဝင်လာသောဓားချက်ကိုရှောင်ပြီး မျက်နှာကို လက်ဝါးစောင်းဖြင့်ခုတ်ရာ မူးနေသောအရှိန်ဖြင့် ပစ်လဲကျသွားရာ ပြန်မထနိုင်တော့ပေ။ အနီးသို့သွားကြည့်သောအခါ သူ့ဓားက သူ့ရင်ဘတ်သို့ စိုက်ဝင်နေချေပြီ။

"သူသေပြီထင်တယ်၊ ဘယ်လိုလုပ်ကြမလဲ"

"ဘာမှစိတ်မပူနဲ့ မြလေး၊ သူ့ကို အစ်ကို ရှင်းလိုက်မယ်၊ ဒါပေမယ့် ဒီမှာကြာကြာနေလို့မဖြစ်တော့ဘူး၊ ဒီညတွင်းချင်းပဲ ရွာပြန်မှဖြစ်တော့မယ်"

မြဝင်းသူ က မျက်ရည်အဝိုင်းသားနှင့် ကြည့်နေသည်။

"ဘာမှဝမ်းနည်းမနေပါနဲ့ မြလေးရယ် ...၊ ကိုယ်တို့ နှစ်ယောက် ပြန်ဆုံခွင့်ရှိသေးတယ်ဆိုရင်တော့ ပြန်ဆုံကြရဦးမှာပါ၊ အစ်ကို မြလေးကို ဘယ်တော့မှမမေ့ပါဘူး၊ အစ်ကို သွားတော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကို ..."

နောက်မှခေါ်နေသော်လည်း လှည့်မကြည့်တော့ဘဲ ဇေး ချက်ဖြင့်လဲနေသောလူကို ပွေ့ယူပြီး လှေဆိပ်ရှိရာသို့ ဆင်းလာ ခဲ့လေသည်။

"နေရစ်ခဲ့ပေတော့ မြလေးရေ ..."

* * *





အခန်း (၁၃)

## အမှန်တရားဘက်မှရပ်တံ့သူများ

သံပရိုင် တစ်ယောက် ယမ်းပုမီးကျသကဲ့သို့ ဒေါသအိုး ပေါက်ကွဲနေလေသည်။

အလှူပွဲပြီးသွား၍မှမကြာခင် သမီးဖြစ်သူ မြဝင်းသူ တစ် ယောက် ပျောက်ချင်းမလှ ပျောက်သွားသောကြောင့်ပင် ဖြစ်၏။

"ကျုပ်သမီး ဘယ်ရောက်သွားပြီလဲ၊ ဘယ်သူခေါ်သွားတာ လဲ၊ တွေ့ရင်တော့ နေရာမှာတင် စေ့စေ့ညက်ညက်ကြေအောင် သတ်ပစ်မယ်"



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ဒေါ်မင်းဇာ က ပြောသည်။

"မင်းသမီးကိုခေါ်သွားတာ တခြားလူမဟုတ်ဘူး၊ ဟိုဘက်ရွာကလာတဲ့ နီမောင် ဆိုတဲ့ ကောင်လေးပဲဖြစ်မှာပေါ့၊ သူတို့နှစ်ယောက်က မေတ္တာရှိနေကြပုံရတယ်"

"မဟုတ်ပါဘူးဗျာ .. မဖြစ်နိုင်ပါဘူး"

"မင်းက ဘာကြောင့် ဒီလိုပြောနိုင်ရတာလဲ"

"မြဝင်းသူ က ကျုပ်ခိုင်းတဲ့အတိုင်းလုပ်နေတာပါ"

"နေစမ်းပါဦး .. ငါမသိလို့ မေးပါရစေဦး၊ မင်းက ဘယ်လိုများခိုင်းထားလို့လဲ"

"နီမောင် ဆိုတဲ့ကောင်လေးက ကျုပ်အလုပ်တစ်ခုကို အနှောင့်အယှက်ပေးတာနဲ့ သူ့ကို အကွက်ဆင်ပြီး ဒုက္ခပေးမလို့ကြံစည်နေတာ၊ ဒါကြောင့် မြဝင်းသူနဲ့မျှားပြီး အမိဖမ်းနေတာ၊ မြဝင်းသူကိုလည်း ဒီအတိုင်းလုပ်ဖို့ မှာထားပြီးသား၊ ကျုပ်သမီးက ကျုပ်ခိုင်းတဲ့အတိုင်း လုပ်နေကျပါ၊ ဒီလောက်မမိုက်ပါဘူး"

ဟု ဒေါသတကြီးပြောလေသည်။ ထိုစကားကြားသောအခါ ဒေါ်မင်းဇာက ကျိုးတိုးကျဲတဲသွားများပေါ်အောင် ရယ်လိုက်သည်။

"သံပချိုင် .. သံပချိုင် .. မင်းက အင်းထဲကငါး ဘယ်နှစ်ပိဿာရမယ်ဆိုတာလောက်ပဲသိတာပါ၊ ကိုယ့်သားသမီးဖြစ်ပေ





ပေမယ့် မိန်းကလေးတွေအကြောင်းကို မသိပါဘူး၊ မိန်းကလေးတွေဟာ မေတ္တာရေးနဲ့ပတ်သက်လာရင် သူတို့စိတ်ထဲမှာ တကယ်မပါရင်သာ မင်းပြောတဲ့အတိုင်းလုပ်ချင်လုပ်မယ်၊ တကယ်မေတ္တာ ရှိလာပြီဆိုရင် မင်းခိုင်းတာကိုလုပ်ဖို့ ဝေးရော့၊ သူ ဘာတွေလုပ်နေတာတောင် မင်း သိလိုက်ရမှာမဟုတ်ဘူး"

ထိုစကားကြောင့် သံပချိုင်မှာ မျက်ထောင့်နီကြီးဖြင့် ရှူးရှူးရှားရှားဖြစ်သွားလေသည်။

"အစ်မက ဘယ်လိုသိနေတာလဲ"

"သိတာပေါ့၊ ငါလည်း ငယ်ရာကကြီးလာခဲ့တဲ့လူပဲ၊ မိန်းကလေးတစ်ယောက်ရဲ့မျက်လုံးကိုကြည့်တာနဲ့ သူ့စိတ်ထဲမှာ ဘာ တွေရှိနေတယ်ဆိုတာ အသိသာကြီးပဲ"

ဟုပြောကာ ပြောင်းဖူးဖက်ဆေးလိပ်ကို မီးညှိနေသည်။

"ကျုပ်တော့ ကျုပ်သမီး ဒီလောက်မိုက်မယ်မထင်ဘူး၊ သတ္တိ ရှိမယ်မထင်ဘူး"

"ဒါက မင်းအထင်ကိုး ..၊ မိန်းကလေးတွေက မေတ္တာရေးနဲ့ပတ်သက်လာရင် ယောကျ်ားလေးတွေထက်တောင်မှ ပိုပြီးသတ္တိ ရှိတယ်၊ ဘာမဆို ရင်ဆိုင်ဝံ့တယ်၊ နောက်တော့ မင်း လက်တွေ့ ကြုံရလိမ့်မယ်"

"အို .. ဘာပဲဖြစ်ဖြစ် ကျုပ်တော့ ဘယ်နည်းနဲ့မှ လက်မခံ



www.burmeseclassic.com

www.burmeseclassic.com



နိုင်ဘူး၊ အခုချက်ချင်း ဖလန်ခုန်ရွာကို လိုက်သွားမယ်၊ တွေ့လို့ကတော့ နှစ်ယောက်စလုံးကိုသတ်ပြီးမှ ပြန်လာခဲ့မယ်"

ဟု ပြောဆိုကြိမ်းမောင်းပြီး သူ၏တပည့်များကို ခေါ်ကာ ဖလန်ခုန်ရွာသို့လိုက်သွားလေသည်။

သံပချိုင်တို့ ရောက်သွားသောအချိန်မှာ နီမောင် က အလုပ်ဆင်းရန် ပြင်ဆင်နေသောကြောင့် အိမ်မှာပင်ရှိနေသည်။

မိမိအိမ်သို့ လူစုလူဝေးနှင့်ရောက်လာကတည်းက မိမိအတွက် အန္တရာယ်တစ်ခုခုဖြစ်တော့မည်ကို စိတ်ထဲမှ သိလိုက်သည်။

သို့သော် မတတ်သာတော့ပေ ..၊

"မင်း ငါ့သမီးကို ဘယ်မှာထားသလဲ"

"ခင်ဗျားပြောတာ ကျွန်တော် နားမလည်ဘူး၊ ဘယ်သူ့ကို မေးတာလဲ"

"မြဝင်းသူကို မေးတာ ..၊ ငါ့သမီးကို ဖြားယောင်းသွေးဆောင်ပြီး ခိုးပြေးလာတယ်မဟုတ်လား"

"ကျွန်တော် မခိုးပါဘူး"

"မင်း လိမ်မပြောနဲ့ ..၊ ငါ့သမီးကို ပြန်မပေးရင် မင်းကို အခုချက်ချင်း သတ်ပစ်မယ်"

သားသမီးဇောကပ်နေသောကြောင့် သံပချိုင် အမူအရာမှာ





သရဲသဘက်နှင့်တူနေတော့လောက်အောင်ကြောက်စရာကောင်း သောသွင်ပြင်မျိုးဖြစ်နေလေတော့သည်။

"ခင်ဗျားသတ်လည်း အသေခံရုံပဲ၊ ဒါပေမယ့် ခင်ဗျားသမီးကို ကျွန်တော် မခေါ်ခဲ့ဘူးဆိုတာတော့ ကျိန်ပြောဝံ့ပါတယ်"

ထိုစကားကြောင့် သံပချိုင်မှာ ဇဝေဇဝါဖြစ်သွားလေသည်။

ထို့နောက်မှာတော့ နောက်မှာပါလာသော တပည့်များကို နီမောင်တို့အိမ်အတွင်းအပြင်အနှံ့ ဝင်ရောက်ရှာခိုင်းလေသည်။

သို့သော် မတွေ့ရပေ ..၊

နီမောင် မိဘများမှာလည်း သားဖြစ်သူမှာ တစ်စုံတစ်ခု အမှားအယွင်းပြုလုပ်ခဲ့လေသလားဟု တွေးမိကြသောကြောင့် စိုးရိမ်ပူပန်စိတ်နှင့်သာ ကြည့်နေရသည်။

နောက်ဆုံးတော့ သံပချိုင်က နီမောင်ကို စစ်ဆေးမေးမြန်းရန်အတွက် သံပချိုင်ရွာသို့ခေါ်သွားလေတော့သည်။

နီမောင်ကလည်း စိတ်ထဲမှာ မြဝင်းသူအတွက်စိုးရိမ်ပူပန်စိတ်ရှိနေသောကြောင့် လိုက်သွားလေသည်။

ထိုသို့ပါသွားသည်ကို စောထီး၊ ငမဲအောင်နှင့် မောင်ကျော်တို့ပင် မသိလိုက်ပေ။

နောက်မှတစ်ဆင့်စကား တစ်ဆင့်ကြားရပြီး နီမောင် မိဘထံ သွားရောက်မေးမြန်းတော့မှ အကြောင်းစုံသိကြရလေ



www.burmeseclassic.com

www.burmeseclassic.com



သည်။

"ဒါ မတရားသက်သက် အကွက်ဆင်ပြီးလာဖမ်းသွားတာ ဖြစ်ရမယ်၊ ငါတို့လူကို မတရားနှိပ်စက်လို့ကတော့ ဘယ်သူ့ကိုမှ မခံဘူး၊ အားလုံး မြေလှန်သတ်ပစ်မယ်၊ ငါတို့ လိုက်သွားကြမယ်"

ဟု ပြောကာ လှုသူစုဆောင်းပြီး လက်နက်များကိုပါ တစ်ပါတည်းယူ၍ သံပချိုင်ရွာသို့ လိုက်ကြရန် ပြင်လေသည်။

ရွှေလေး ကပါ ထိုသတင်းကြားသောအခါ ရောက်လာပြီးနောက် အတင်းအဓမ္မ ဆင်းလိုက်လာလေသည်။

သံပချိုင်တို့မှာ နီမောင်ကို အိမ်အနောက်ဘက်မှ သစ်ပင်မှာကြိုးဖြင့်ချည်ထားပြီး အမျိုးမျိုး နှိပ်စက်ညှဉ်းပန်းကာမေးလေသည်။

"ငါ့သမီးကို ဘယ်မှာထားသလဲ ပြောစမ်း"

"ခင်ဗျား ကျုပ်အပေါ်မှာ ရွှေလေးကိစ္စနဲ့ပတ်သက်ပြီး အငြိုးအတေးရှိနေတာကို ကျုပ်သိပါတယ်၊ သတ်ပစ်ချင်နေတာလည်း သိပါတယ်၊ အခု ခင်ဗျားလက်ထဲရောက်နေပြီမဟုတ်လား၊ သတ်ပစ်ချင် သတ်ပစ်လိုက်ပါဗျာ၊ ဒါပေမယ့် တစ်ခုတော့ပြောခဲ့ပါ့မယ်၊ ကျုပ် မြဝင်းသူကို တကယ်မေတ္တာစစ်နဲ့တော့ ချစ်ခဲ့မိပါတယ်"





"ဟား ဟား ဟား ဟား ... မင်းက ကိုယ့်ကိုယ်ကို [illegible]တော်ကလေးအထင်ကြီးနေတာကိုးကွ၊ ငါကလည်း မင်းသိအောင် ပြောလိုက်မယ်၊ ငါ့သမီး မြဝင်းသူက မင်းကို တကယ်မေတ္တာရှိနေတယ်လို့များ ထင်နေသလား၊ မဟုတ်ဘူးကွ .. မဟုတ်ဘူး၊ ငါ့ခိုင်းတဲ့အတိုင်း ဟန်ဆောင်ပြီးလုပ်နေတာဆိုတာ မသေခင် မြဲမြဲ သာမှတ်သွားပေတော့ဟေ့ ..."

နီမောင် ထိုစကားကြားသောအခါ ရင်ထဲမှာ ကျဉ်ခနဲခံစားလိုက်ရလေသည်။

ထို့နောက်မှာ သံပချိုင် က တပည့်များကို နှိပ်စက်ခိုင်းသဖြင့် စံထွန်း ခေါင်း[illegible]၏တပည့်များက နည်းအမျိုးမျိုးနှင့်နှိပ်စက်ကြပြန်လေသည်။

တကယ် သမီးပျောက်နေသဖြင့် ဒေါသဖြစ်နေခြင်းထက် နီမောင် အပေါ်မှာ အငြိုးအတေးကြောင့် နှိပ်စက်နေခြင်းဆိုက မမှားပေ။

မြို့နှင့်အလှမ်းဝေးသောနေရာဖြစ်သည်က တစ်ကြောင်း၊ ရွာလူကြီးဇမှန်းထန်ကလည်း သံပချိုင်ကို မလွန်ဆန်ဝံ့သောကြောင့် မသိဟန်ပြုနေရလေသည်။

ထိုသို့နှိပ်စက်နေစဉ် ညနေပိုင်းအချိန်လောက်တွင် မောင်ကျော် ခေါင်းဆောင်သော ဖလန်ခုန်ရွာသားများ ရောက်



www.burmeseclassic.com

www.burmeseclassic.com



လာကြသည်။

အားလုံး လက်နက်ကိုယ်စီပါလာသောကြောင့် သံပချိုင်တို့လူစုမှာ လန့်သွားကြသည်။

သစ်ပင်မှာ ကြိုးဖြင့်တုပ်ပြီးနှိပ်စက်ခံထားရသော နီမောင်ကို မြင်သောအခါ အားလုံး စိတ်မထိန်းနိုင်အောင်ဖြစ်ပြီး တုတ်တပြင်ပြင် ဓားတပြင်ပြင်ဖြစ်နေကြသောကြောင့် မောင်ကျော်က တားဆီးထားရလေသည်။

ထိုအချိန်မှာ ရွှေလေး က ရှေ့သို့ထွက်လာသည်။

သံပချိုင်ရှေ့တည့်တည့်သွားရပ်ပြီး ခါးထောက်ကာ မီးဝင်းဝင်းတောက်သောမျက်လုံးများဖြင့်ကြည့်သည်။

"ရှင်က ကျွန်မကို ဒုက္ခပေးဖို့ အားမရသေးလို့ ကျွန်မတို့ရွာသားကို အခုလိုနှိပ်စက်တာလား၊ ရှင် ကျွန်မကို သေကြောင်းကြံစည်ခဲ့တဲ့ကိစ္စတွေကို လူတွေမသိပေမယ့် တောစောင့်နတ်တွေ သိတယ်၊ ဝိဉာဉ်လောကသားတွေသိတယ်"

ထိုစကားကြောင့် သံပချိုင်က ရွှေလေးကို မျက်လုံးပြူးကြီးဖြင့်စိုက်ကြည့်နေသည်။

"အပြစ်မရှိတဲ့လူကိုတော့ နှိပ်စက်မနေနဲ့၊ အခု ကျွန်မ ရှင့်ရဲ့ရှေ့မှာရောက်နေပြီ၊ ရှင် မရခဲ့လို့ ကျွန်မကို သတ်ပစ်မယ်ဆိုရင် သတ်ပစ်လိုက်"





ဟု အသံကျယ်ကျယ်ဖြင့် ရင်ကော့ပြီးပြောရာ အားလုံးမှာ အံ့သြနေကြသည်။

ဒေါ်မင်းဓာ ကတော့ ပြောင်းဖူးဖက်ဆေးလိပ်ဖွာရင်း ...

"ငါမပြောဘူးလား၊ မိန်းကလေးတွေ သတ္တိရှိလာရင် ယောကျ်ားတွေမမီပါဘူးလို့ ..."

မပြောသော်လည်း ပြောနေသကဲ့သို့ သံပချိုင်ကို လှမ်းကြည့်နေသည်။

ရွှေလေး က မီးဝင်းဝင်းတောက်နေသောမျက်လုံးဖြင့်ကြည့်ကာ ရဲရဲဝံ့ဝံ့ပြောဆိုနေသည်ကိုကြည့်ပြီး ဒေါသကြီးလှပါသည်။

သတ်ဝံ့ဖြတ်ဝံ့သည်ဆိုသော သံပချိုင်မှာ ဘယ်လိုပြန်ပြောရမှန်းမသိသလို ဘယ်လိုလုပ်ရမှန်းလည်းမသိအောင် ဖြစ်နေလေသည်။

ဖလန်စုန်ရွာမှလာသူများကတော့ တုတ်တပြင်ပြင်၊ ဓားတပြင်ပြင်နှင့် ...

"ငါတို့ရွာသားကို အခုလွှတ်ပေးရင်ပေး .. မပေးရင်တော့ ဒီနေရာမှာတင် သွေးချောင်းစီးအောင်လုပ်ပြမယ်"

ဟု ကြိမ်းဝါးနေကြသည်။

ထိုအချိန်မှာပင် ရွာသားတစ်ယောက်ရောက်လာပြီး သံပချိုင် ကို ဓာတစ်စောင်လာပေးလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဖွင့်ကြည့်လိုက်တော့ ...

"သံပချိုင် ...

အလှူပွဲနေ့က ခင်ဗျားသမီးကြောင့် ကျုပ်တို့ လူတစ်ယောက် သေသွားရတယ်၊

ဒါကြောင့် သူ့ကို ကျုပ်တို့ ဖမ်းခေါ်သွားပြီ၊

သုံးရက်အတွင်း မျောက်တစ်ရာဘုရားရှေ့က ကနစိုပင်ကြီးရှိတဲ့နေရာကို ငွေငါးသောင်းတိတိ ခင်ဗျားကိုယ်တိုင် လာပို့ပေးပါ၊

ပျက်ကွက်ရင်တော့ ခင်ဗျားသမီးအလောင်းကို ဖောင်ဝင်မြစ်ထဲကနေ မျှောချပေးလိုက်၏။

ကျားပါးစပ်"

ဟု ရေးထားလေသည်။

ထိုအခါမှ သံပချိုင်မှာ မျက်လုံးပြူးသွားလေတော့သည်။ သူ့တပည့်များကိုလည်း နီမောင်ကိုလွှတ်ပေးရန်ပြောသဖြင့် စံထွန်းကိုယ်တိုင် ကြိုးဖြေပေးလိုက်လေသည်။

စောထီး၊ ငမဲအောင်၊ မောင်ကျော်နှင့် ရွှေလေးတို့က နီမောင်ကိုတွဲပြီး လှေဆိပ်သို့ပြန်ရန်ပြင်နေကြစဉ်မှာ နီမောင် က ဒယိမ်းဒယိုင်ဖြင့် သံပချိုင်ရှေ့သို့လျှောက်သွားပြီး ပြောလိုက်လေသည်။

"မြဝင်းသူက ကျွန်တော့်အပေါ်မှာ ဘယ်လိုသဘောထား





...ျိုးနဲ့လုပ်ခဲ့လုပ်ခဲ့ ကျွန်တော် ခွင့်လွှတ်ပါတယ်၊ ဒါပေမယ့် ...ပြစ်မရှိတဲ့လူတစ်ယောက် ဒုက္ခရောက်နေတာကိုတော့ ကူညီ...ပါရစေ"

ဟု ပြောလိုက်သောအခါ သံပချိုင်မှာ များစွာအံ့ဩသွား...ဖြင့် နီမောင်ကို ကြည့်နေလေသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၁၄)

## တောနက်အတွင်းမှ ထူးဆန်းသောအဘိုးအို

ရှေးအခါက မြို့နယ်နိမိတ်နှင့် သစ်တောနယ်နိမိတ်ကို ဖောင်ဝင်မြစ်ကြီးက ပိုင်းခြားထားသည်။

ဘိုကလေးမြစ်နှင့်ပေါင်းဆုံသောနေရာတစ်ဝိုက်တွင် ဖောင်ဝင်မြစ်သည် အရှေ့အနောက် ကန့်လန့်ဖြတ်စီးဆင်းလေသည်။

မိုးရာသီ လေမိုးပြင်းထန်သောရာသီတွင် မြစ်က အလျားလိုက်မဟုတ်ဘဲ ကန့်လန့်ဖြတ်ကူးရသဖြင့် အလွန်အန္တရာယ်များသောနေရာလည်းဖြစ်သည်။





တောင်ဘက်သို့စီးဆင်းသွားသော ဖောင်ဝင်မြစ်နှင့် အရှေ့အနောက်စီးဆင်းနေသည့် ဖောင်ဝင်မြစ်ကြီး၏တောင်ဘက်ကမ်းတွင် မိန်းမလှကျွန်းရှိသည်။

ရှေးကတော့ မိန်းမလှကျွန်းသည် ရေင်ပိုင်ဦးရှင်ကြီးနတ်သမိုင်းနှင့် ပတ်သက်ပြီး အထိကရနေရာတစ်ခုဖြစ်ခဲ့လေသည်။

အမှားအယွင်းမခံသော တောကြမ်းသောနေရာအဖြစ် တောနှင့်မကင်းနိုင်သူများက သတ်မှတ်ထားသောနေရာလည်း ဖြစ်သည်။

မိန်းမလှကျွန်းပေါ်မှာ ကျောက်တစ်ရာဘုရားရှိသည်။ ကမ္ဘာအေးစေတီတော်ကဲ့သို့ မုခ်ပေါက်များတွင် လိုဏ်ခေါင်းများ ပါသော မြေစိုက်စေတီတော်ဖြစ်သည်။

ကျုံတုံးမြို့ဟောင်းမှ မွန်မြို့စားကြီး ဗညားဓမ္မ၏ကောင်းမှုတော်ဖြစ်ပြီး နောက်ပိုင်းမှာ အလှူရှင်များက ထပ်မံပြုပြင်တည်ဆောက်ထားကြလေသည်။

ရှေးအခါက ထိုတောထဲမှာ သီတင်းသုံးခဲ့သော ကျောက်တစ်ရာဆရာတော်ကြီးနှင့် တောနက်အတွင်းမှာရှိသော ထူးဆန်းသော ကျောက်ရုပ်တစ်ရာတို့ရှိခြင်းကြောင့် ထိုနေရာမှာ လူသိများခဲ့သည်။

ကျောက်ရုပ်တစ်ရာရှိခြင်းကြောင့် ကျောက်တစ်ရာဟု အမည်



www.burmeseclassic.com

www.burmeseclassic.com



တွင်ခဲ့ရာမှ စေတီတော်၏ ဘွဲ့အမည်မှာလည်း မျောက်တစ်ရာ စေတီတော်ဟု အမည်တွင်ခဲ့ခြင်းဖြစ်ပေသည်။

(မျောက်တစ်ရာနှင့်ပတ်သက်သည့် အကြောင်းများကို အခြားစာအုပ်များ အတန်အသင့်ပြည့်စုံအောင်ရေးသားဖော်ပြပေးခဲ့ပြီးဖြစ်သဖြင့် အသေးစိတ်ရေးသားခြင်းမပြုတော့ပေ။)

မျောက်တစ်ရာစေတီတော်နှင့် မနီးမဝေးတွင် မျောက်တစ်ရာ ချောင်းလည်းရှိသည်။

ဖောင်ဝင်မြစ်ဘက်မှခွဲတက်လာသောချောင်းဖြစ်သည်။ ရေတက်ချိန်တွင် ချောင်းအတွင်းမှာ ရေပြည့်နေပြီး ရေကျချိန်တွင် လှေငယ်တစ်စင်းသွားသာရုံမျှသာကျယ်လေသည်။

အချိန်က နေ့လယ်ပိုင်းရေပြည့်ချိန်ဖြစ်သည်။ ထိုအချိန်တွင် မျောက်တစ်ရာချောင်းထဲမှာ ကျူရိုးတိုင်ကလေးများ ရေစီးနှင့်မျောပါလာကြသည်။

ထူးထူးခြားခြားထောင်လျှက်အနေအထားမျိုးဖြင့် မျောလာခြင်းဖြစ်သည်။

ကမ်းစပ်မှာရှိသောချုံများအနီးတွင် ကျူရိုးတိုင်များရပ်သွားပြီး ရေထဲမှ ဦးခေါင်းအချို့ပေါ်လာသည်။

နီမောင်တို့ လေးယောက်ပင်ဖြစ်သည်။

မျောက်တစ်ရာဘုရားရှိသောနေရာသို့ လာရာတွင် လူဆိုး





များတွေ့မြင်မည်စိုးသောကြောင့် တောထဲမှမလာဘဲ မျောက်တစ်ရာချောင်းအတွင်းမှ ကျူရိုးတိုင်များကို အသုံးပြုကာ ရေငုပ်လာခြင်းဖြစ်သည်။

မျောက်တစ်ရာချောင်းတစ်ဝိုက်မှာ သူတို့ မိကျောင်းထိုးသောအခါ မကြာခဏရောက်လေ့ရှိသဖြင့် ထိုနေရာများအကြောင်းကို ကောင်းစွာသိကြလေသည်။

ရေအောက်မှာ ဦးခေါင်းများဖော်ပြီး အခြေအနေကိုကြည့်သောအခါ ကမ်းစပ်တစ်ဝိုက်မှာတော့ ထူးထူးခြားခြား ဘာမှမတွေ့ရပေ ...၊

သို့ကြောင့် မိကျောင်းနွယ်ချုံများကို အကာအကွယ်ယူပြီး ကမ်းပေါ်မှ အခြေအနေကိုကြည့်သည်။

မျောက်တစ်ရာဘုရားရှိသောနေရာမှာ ချောင်းကမ်းပါးနှင့် အနည်းငယ်ဝေးလေသည်။

ထိုနေရာတစ်ဝိုက်တွင် သစ်ပင်ချုံနွယ်များ ထူထပ်လှပြီး တောကြမ်းလှသောကြောင့် တော်ရုံလူတို့ မလာဝံ့သောနေရာမျိုးဖြစ်သည်။

ထို့ပြင် မျောက်တစ်ရာဘုရားတစ်ဝိုက်တွင် တောကောင်ကြီးများလည်း အလွန်ပေါသည်။

ဘုရားပတ်ဝန်းကျင်သို့ ထင်းဖြတ်သောသူ၊ သစ်ခုတ်သော



www.burmeseclassic.com

www.burmeseclassic.com



သူ၊ အမဲလိုက်သောသူ၊ ငါးရှာသူများ မလာဝံ့ကြပေ။

ထိုနေရာတွင် လာရောက်ငါးရှာ၊ အမဲလိုက်ပါက သားကောင်မရသည့်အပြင် အန္တရာယ်များနှင့်တွေ့ရတတ်သည်ဟု ဒေသခံများက ယူဆထားသောကြောင့်ပင်ဖြစ်၏။

လေးယောက်သား ချုံများကို အကာအကွယ်ယူပြီး အခြေအနေကိုကြည့်တော့လည်း ဘာမှမတွေ့ရသေးပေ။

"သူတို့စောင့်မယ်ဆိုရင် ချောင်းဝက လှေအဝင်အထွက်ကိုပဲ စောင့်ကြမှာသေချာတယ်၊ ငါတို့လို ရေထဲငုပ်လာမယ့်လူကိုတော့ သိမှာမဟုတ်ဘူး"

"ဒီတော့ ဘယ်လိုလုပ်ကြမလဲ"

"သံပချိုင်ကို ရေးပေးတဲ့စာထဲမှာ ဘုရားရှေ့မှာရှိတဲ့ ကနစိုပင်ကြီးဆီကို လာရမယ်လို့ပါတယ်၊ အဲဒီနေရာမှာရှိနိုင်တယ်၊ အဲဒီဘက်ကို အခြေအနေသွားကြည့်ကြရအောင်"

ဟု ပြောပြီး လေးယောက်သား ခြေသံ၊ လူသံ မကြားရအောင် ဂရုစိုက်ရင်းနှင့် ဘုရားအရှေ့ဘက်သို့ သွားကြလေသည်။

သူတို့က မြောက်တစ်ရာချောင်းဘက်မှ လာကြသလို သံပချိုင်တို့အဖွဲ့က မြောက်တစ်ရာဘုရားအနောက်ဘက်၌ရှိသော ကြောင်ထောက်ချောင်းဘက်မှ တက်ကြမည်ဟု ကြိုတင်





ပြောပြသွားလေသည်။

ထိုနေရာနှင့် မနီးမဝေးရောက်သောအခါ ငမဲအောင်က သစ်ပင်တစ်ပင်၏အဖျားသို့တက်ပြီး အခြေအနေကြည့်ပြီး ပြန်ဆင်းလာသည်။

"သူတို့ ရောက်နေကြပြီ၊ စုစုပေါင်း ဆယ်ယောက်လောက်ရှိမယ်၊ သေနတ်တွေလည်းပါတယ်"

"မြဝင်းသူကိုရော တွေ့လား"

"မတွေ့ဘူး၊ ဒါပေမယ့် တစ်နေရာမှာတော့ရှိမှာပေါ့"

"ငါတို့ ဘယ်လိုလုပ်ရင် ကောင်းမလဲ"

"တို့လေးယောက်တည်းနဲ့ သူတို့အဖွဲ့ကို ဝင်တိုက်လို့ မဖြစ်သေးဘူး၊ သံပချိုင်တို့ရောက်လာမှ အခြေအနေကြည့်ပြီး ဝင်တိုက်ရင် ပိုကောင်းမယ်၊ ဒါပေမယ့် အကြောင်းရှိတာနဲ့ ဝင်ကူပေးလို့ရအောင် နီးနိုင်သမျှနီးအောင်သွားကြရမယ်"

ဟု ပြောဆိုတိုင်ပင်ကာ ၎င်းတို့မှာပါသော လေးမြား၊ ဒူးလေး၊ ဓား၊ လှံ စသည်တို့ကို အဆင်သင့်ပြင်ပြီးနောက် ထိုနေရာဘက်သို့ တဖြည်းဖြည်းတိုးသွားကြလေသည်။

ကျားပါးစပ်အဖွဲ့သားအချို့က ဘုရားနှင့်အနီးတစ်ဝိုက်တွင် သေနတ်များကိုင်ပြီး နေရာယူထားကြပြီး အချို့ကတော့ ဂူပေါက်များအတွင်းမှာရှိကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဂူပေါက်ဝများမှာ အရပ်ရှစ်မျက်နှာ ရှစ်ပေါက်ရှိပြီး သိပ်တော့မကျယ်လှပေ။

တရားအားထုတ်လိုသူများ ဝင်ရောက်အားထုတ်နိုင်ရန် ပြုလုပ်ထားသောကြောင့် လူတစ်ယောက်နှစ်ယောက် ဝင်သာရုံသာရှိလေသည်။

ဂူပေါက်တစ်ခုအတွင်းမှာတော့ မြဝင်းသူနှင့်ကျားပါးစပ်တို့ရှိနေကြသည်။ မြဝင်းသူကို ဂူအတွင်းမှာထားပြီး ကျားပါးစပ်က အပေါက်ဝ မှာထိုင်ကာ အရက်သောက်နေခြင်းဖြစ်သည်။

"မာနကြီးတဲ့မိန်းမ အခုတော့ ဘာတတ်နိုင်သေးလဲ၊ ငါ့လက်ထဲရောက်လာရပြီမဟုတ်လား"

"နင် ငွေလိုချင်လို့ ငါ့ကိုဖမ်းခေါ်လာတာမဟုတ်လား၊ ငါ့အဖေက နင်လိုချင်တဲ့ငွေ လာပို့ပေးပြီး ငါ့ကို ပြန်ခေါ်သွားမှာပဲ"

ထိုစကားကြားသောအခါ ကျားပါးစပ်က အရက်သောက်နေရာမှ သဘောကျစွာရယ်လိုက်သည်။

"ငါက ငွေလိုချင်လို့ ဒီလိုလုပ်တာမဟုတ်ဘူး၊ နင့်ကို လိုချင်လို့ အခုလိုလုပ်တာ၊ နင့်အဖေ ငွေလာပို့ပေးရင် ငွေကိုလည်းယူမယ်၊ ပြီးရင် နင့်ကို တစ်ခါတည်းခေါ်သွားမှာ .. သိရဲ့လား"

"နင် သစ္စာမရှိတဲ့လူယုတ်မာပဲ"

"ငါလိုလူတစ်ယောက်က သစ္စာရှိဖို့လိုသေးလို့လား၊ သစ္စာ





စောင့်ထိန်းနေမှတော့ ဓားပြတိုက်တဲ့အလုပ်မျိုး ဘယ်လုပ်ပါတော့မလဲ၊ တရားအားထုတ်နေတော့မှာပေါ့၊ လောကမှာ အရေးအကြီးဆုံးက သစ္စာရှိဖို့ထက် ကိုယ်လိုချင်တာရဖို့ပဲမဟုတ်လား"

ဟုပြောနေစဉ် မနီးမဝေးမှာရှိနေသောအစောင့်တစ်ယောက်ရောက်လာသည်။

၎င်းနှင့်အတူ အသက်ငါးဆယ်ကျော်အရွယ် အဘိုးကြီးတစ်ယောက် ပါလာသည်။ အဘိုးကြီးမှာ ပုဆိုးခါးတောင်းကျိုက်ထားပြီး ကရင်သင်တိုင်းအကျီကို ဝတ်ထားသည်။

ဆံကျောင်ထုံးကို ထိပ်ပေါ်မှာတင်ထုံးထားပြီး နှုတ်ခမ်းမွေးအရှည်များရှိသည်။ ခါးတောင်းကျိုက်ထားသောကြောင့် ပေါင်နှစ်ဖက်စလုံးမှာ ထိုးကွင်းများပေါ်နေသည်။

ကျောမှ၌ ပလိုင်းတစ်လုံးလွယ်ထားပြီး ဒူးလေးနှင့်မြားဘူးလည်းပါလေသည်။

၎င်းနှင့်အတူခွေးနက်ကြီးနှစ်ကောင်မှာ လူ့ခါးစောင်းအနှံ့မြင့်ပြီး အလုံးအထည်ကလည်း ထွားကျိုင်းလှသည်။

လူဆိုးများတွေ့သောအခါ တဂီးဂီးနှင့် မာန်ဖီလိုက်တိုင်းသွားနှင့်အစွယ်များက အဖွေးသားပေါ်လာသည်။

သေနတ်ကိုင်ထားသောလူဆိုးများပင် ထိုခွေးနက်ကြီးနှစ်ကောင်ကို မြင်သောအခါ လန့်နေကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



အစောင့်က ထိုအဘိုးကြီးနှင့် ခွေးနက်ကြီးနှစ်ကောင်ပါလာသည့်ကိုမြင်သောအခါ ကျားပါးစပ် က ဝူပေါက်အတွင်းမှ အပြင်သို့ထွက်သွားလေသည်။

"ဘယ်သူလဲဟေ့"

"ဒီအဘိုးကြီး ဒီနားတစ်ဝိုက်မှာ မယောင်မလည်နဲ့တွေ့လို့ ခေါ်လာတာပါ"

"ခင်ဗျား ဘယ်သူလဲ"

"ငါ့နာမည် ဦးဘိုးထော်"

"ခင်ဗျား ဘယ်ကလာတာလဲ"

"ငါက ဒီမှာပဲနေတာပဲ"

"ဘာလာလုပ်တာလဲ"

"အမဲလိုက်နေတဲ့လူပဲ နေရာအနံ့ရောက်တာ ဘာဆန်းသလဲကွ"

အဘိုးကြီးက တစ်စက်ကလေးမှ ကြောက်ရွံ့ဟန်မရှိဘဲ ပါးစပ်ထဲမှာငုံထားသောကွမ်းတံတွေးကို ထွေးထုတ်လိုက်လေသည်။

ကျားပါးစပ်ကိုမြင်သောအခါ ခွေးနက်ကြီးနှစ်ကောင်က တဂီးဂီးနှင့် မာန်ဖီနေလေသည်။

ကျားပါးစပ်မှာ ခါးမှာထိုးထားသောသေနတ်ဒင်ပေါ်သို့





အဆင်သင့်လက်တင်ထားသော်လည်း ခွေးနက်ကြီးနှစ်ကောင်ကိုကြည့်ပြီး စိတ်ထဲမှာတစ်မျိုးဖြစ်နေသည်။

စိတ်ထဲမှာ တစ်ခါမှမဖြစ်ပေါ်ဘူးသော ကြောက်သလိုလိုလန့်သလိုလိုစိတ်မျိုး ဖြစ်သည်။

အဘိုးကြီးက ကျားပါးစပ်ကို တစ်စက်ကလေးမှ ဂရုမစိုက်ဘဲ ဝူပေါက်ဝသို့ လျှောက်သွားသည်။

အရက်ပုလင်းကိုမြင်တော့ နှာခေါင်းရှုံ့လိုက်သည်။

"စေတီဘုရားဆိုတာ ဗုဒ္ဓဘာသာဝင်တွေအတွက် ကောင်းမှုလုပ်တဲ့နေရာမျိုးပဲ၊ မင်းက ဒီလိုနေရာမျိုးမှာ အရက်သောက်နေတယ်ဆိုတော့ အတော်ကလေး တရားမဲ့တာပဲကွ"

ဟု လေသံမာမာဖြင့်ပြောသည်။

"အောင်မယ် .. ခင်ဗျားလေသံက မာလှချည်လား၊ ကျုပ်ကိုဘယ်သူများအောက်မေ့နေလို့ ဒီလိုလေသံမျိုးနဲ့ ပြောနေတာလဲ၊ ကျုပ်နာမည် ကျားပါးစပ်လို့ခေါ်တယ်၊ ဒီနယ်တစ်ကြောမှာ နာမည်ကြီးနေတဲ့ ဓားပြဗိုလ်တစ်ယောက်ပဲ၊ သိပြီလား"

"မင်းဘာသာ ဓားပြဗိုလ်ပဲဖြစ်ဖြစ်၊ သူပုန်ပဲဖြစ်ဖြစ် အရေးမကြီးပါဘူး၊ အရေးကြီးတာက ဒီနေရာမှာ မကောင်းတာတွေလုပ်နေတာကိုတော့ ပြောရမှာပဲ"

ထိုသို့ပြောလိုက်သည်နှင့် ကျားပါးစပ်မှာ ရှူးရှူးရှဲးရှား



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သွားကာ ခါးမှသေနတ်ကို ဆွဲထုတ်လိုက်လေသည်။

ထိုသို့ သေနတ်ဆွဲထုတ်လိုက်သည်နှင့် ခွေးနက်ကြီး နှစ်ကောင်က ဝေါင်းခနဲမာန်ဖီပြီး ကျားပါးစပ်အနီးသို့ရောက်သွားလေသည်။

"မင်းသေနတ်က ငါ့ကိုမပြောနဲ့ ခွေးနှစ်ကောင်ကိုတောင်ပစ်လို့ရရဲ့လား"

ဟုပြောသည်နှင့် ကျားပါးစပ်က ဒေါသတကြီးနှင့် ခွေးနှစ်ကောင်ကို သေနတ်ဖြင့် ပစ်ချလိုက်သည်။

"ချောက် .. ချောက် ..."

"ဟာင် ..."

"ဘယ်လိုလဲကွ၊ အသုံးမဝင်တဲ့သေနတ်ကြီးပါလား"

"ကဲကွာ .. ကဲကွာ ..."

"ချောက် ... ချောက် ..."

ကျည်ဆန်က မထွက်တော့ ကျားပါးစပ် ဒေါသထွက်သွားလေသည်။

"ဟဲ့ကောင်တွေ အဘိုးကြီးရော ခွေးနှစ်ကောင်ပါ ပစ်သတ်လိုက်စမ်းကွာ"

ဟု ပြောလိုက်သည်နှင့် မနီးမဝေးမှာရှိနေကြသော တပည့်များက သေနတ်များဖြင့်ချိန်ကာ ဝိုင်းပစ်ကြလေသည်။





သို့သော် တစ်ချက်မှ ကျည်ဆန်မထွက်ဘဲ တချောက်ချောက်နှင့်သာ အသံမြည်နေတော့သည်။

ကျားပါးစပ်တို့မှာ တအံ့တသြဖြစ်ကာ ပါးစပ်အဟောင်းသားဖြစ်နေကြသည်။

ထိုအခြေအနေကိုမြင်သောအခါ ဂူပေါက်ထဲမှာရှိနေသော မြဝင်းသူမှာ အပြင်ဘက်သို့ထွက်လာပြီး တောထဲသို့ထွက်ပြေးလေတော့သည်။

"ဟာ .. ဟိုမှာ ကောင်မလေး ပြေးပြီ .. လိုက်ကြစမ်း၊ လိုက်ကြစမ်း၊ မိအောင်ဖမ်းပြီး ပြန်ခေါ်လာခဲ့ကြ"

ဟု အမိန့်ပေးလိုက်သောကြောင့် ကျားပါးစပ်၏တပည့်အချို့မှာ လှုပ်ရှားပြီးနောက် မြဝင်းသူ ပြေးသွားသောနေရာဘက်သို့ ပြေး လိုက်သွားကြလေသည်။

ထိုအခါ ဦးဘိုးထော်ဆိုသော အဘိုးကြီး က ...

"အင်း .. လူမိုက်တွေတော့ သေကြဦးတော့မှာပဲ ..."

ဟု ရေရွတ်ပြောဆိုပြီး ၎င်း၏ခွေးနက်ကြီးနှစ်ကောင်ကိုပါခေါ်ပြီး တောထဲသို့ ပြန်ဝင်သွားလေတော့သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၁၅)

## မျောက်တစ်ရာမှနောက်ဆုံးတိုက်ပွဲ

မြဝင်းသူမှာ ရန်သူ့လက်မှလွတ်မြောက်အောင် ကြောက်ကြောက်လန့်လန့်ပြေးခဲ့ရသော်လည်း ဘယ်နေရာရောက်ပြီး ဘယ်နေရာသို့ ဦးတည်နေမှန်းလည်းမသိပေ ..။

တောနက်သောနေရာဖြစ်သောကြောင့် ပတ်ဝန်းကျင်မှာ သစ်ပင်နှင့် သစ်ချုံများသာရှိလေသည်။

တောတွင်းမှာ ပြေးရလွှားရသည့်အခါ မိမိစိတ်အလိုရှိသည့်အတိုင်း ဖြောင့်ဖြောင့်ပြေး၍ မရပေ ..။





ဆူးများသောနေရာများက နေရာအနှံ့အပြားမှာ ပိတ်ဆီးနေတတ်သည်။

ဆူးများသောတောလျှောက်ပင်တောများ၊ သင်ပေါင်းဖျိုက်တောများ၊ အလိုလေးနွယ်ချုံများ၊ သဘောဖျိုက်များမှာ လူတစ်ယောက်အနေနှင့် အလွယ်တကူတိုးသွား၍ မရသောနေရာများဖြစ်သည်။

ထို့ပြင် တောတွင်းမှာ လမ်းမရှိပေ ..။

တစ်နေရာမှာ သွား၍ရသော်လည်း နောက်တစ်နေရာရောက်သောအခါ ပိတ်နေတတ်သည်။

သို့သော်လည်း သူမသည် နောက်မှ ရန်သူများလိုက်လာပြီဟူသော အသိကြောင့် မရပ်နားဝံ့ဘဲ တွေ့သည့်လမ်းမှ ဖြစ်သလိုပြေးလွှားနေလေသည်။

ပတ်ဝန်းကျင်တစ်ဝိုက်မှာရှိနေကြသော တောတိရစ္ဆာန်ကလေးများမှာ သူမ ပြေးလာသောအသံကြောင့် အလန့်တကြားပြေးလွှားပုန်းအောင်းကြလေသည်။

အဆိုးဆုံးကတော့ တောကြက်များပင်ဖြစ်သည်။

လူ့သံကြားသည်နှင့် ကတော်သံက ကျယ်လောင်စွာထွက်ပေါ်လာတတ်ပေရာ တော်တော်နှင့်မပြီးတော့ပေ ..။

တောကျွမ်းသောရန်သူများက ထိုအသံကိုကြားရုံနှင့် မြဝင်း



www.burmeseclassic.com

www.burmeseclassic.com



သူ ဘယ်နေရာရောက်နေပြီကို ခန့်မှန်းနိုင်ကြလေသည်။ သို့ကြောင့် အချို့က ထိုအသံကြားရာဘက်သို့ ဦးတည်ပြီးလာကြလေသည်။

တစ်နေရာအရောက်မှာတော့ မြဝင်းသူ ပြေးမည့်လမ်းပေါက်ဝမှာ သေနတ်ကိုင်ထားသောရန်သူတစ်ယောက် ဘွားခနဲပေါ်လာလေသည်။

နံဘေးမှာ သင်ပေါင်းဗျိုက်တောများရှိနေသောကြောင့် လှည့်ပြေး၍လည်း မရတော့ပေ။

သို့ကြောင့် နောက်ကြောင်းပြန်လှည့်ပြေးရန်ကြိုးစားလိုက်သည်။

နောက်ဘက်မှာလည်း သေနတ်ကိုင်ထားသောလူတစ်ယောက်က ရောက်နှင့်နေပြီ ..၊

ရန်သူနှစ်ယောက်က ညှပ်ပူးညှပ်ပိတ်ဝိုင်းထားရာမှ ရှေ့သို့ တဖြည်းဖြည်းတိုးလာကြသည်။

"ငါတို့က ဒီတောထဲမှာနေကြတဲ့လူတွေဆိုတော့ နင် ဘယ်လိုပဲပြေးပြေး ငါတို့လက်က မလွတ်နိုင်တော့ပါဘူး၊ မိန်းမလှကျွန်းက ကျဉ်းကျဉ်းလေးပါ"

"နင် အမောခံပြီးပြေးမနေနဲ့၊ ဒီကျွန်းက ကျား အင်မတန်ပေါတာ၊ ငါတို့နဲ့မတွေ့ရင်လည်း ကျားနဲ့တွေ့ပြီးသေမှာပဲ၊ ဒီ





တော့ အေးအေးသာပြန်လိုက်ခဲ့စမ်းပါ"

"အို .. မလိုက်ဘူး၊ နင်တို့ နောက်တော့ ဘယ်နည်းနဲ့မှ ပြန်မလိုက်တော့ဘူး"

"ခေါင်းမမာချင်စမ်းပါနဲ့ဟာ .. နင် မလိုက်ချင်လို့လည်း မရဘူး၊ ငါတို့ကတော့ မရ ရတဲ့နည်းနဲ့ ခေါ်သွားရမှာပဲ"

ဟု ပြောပြီး ရှေ့သို့ တဖြည်းဖြည်းတိုးလာကြလေသည်။ မြဝင်းသူမှာ ဘယ်လိုကြံရမှန်းမသိတော့သဖြင့် တောခေလှေ့ထုံးစံအတိုင်း မိမိ ရောက်နေသော်နေရာကို အဝေးမှလူများသိနိုင်ရန် အူသံပေးလိုက်သည်။

"အူ .. ဝူ .. ဝူ ..."

"အူ .. ဝူ .. ဝူ ..."

သူမ အူလိုက်သောအသံက အတော်ကလေးကျယ်လောင်သောကြောင့် အတော်ဝေးဝေးမှကြားနိုင်လောက်ပေသည်။

ထိုသို့အူနေစဉ်မှာ လူနှစ်ယောက်ကက အနားရောက်လာပြီး အတင်းချုပ်ကိုင်ရန် ကြိုးစားကြသည်။

မြဝင်းသူကလည်း လွယ်လွယ်နှင့်အဖမ်းမခံဘဲ ခွန်အားရှိသမျှ ရုန်းကန်တိုက်ခိုက်နေသောကြောင့် လွယ်လွယ်နှင့်ချုပ်ကိုင်ရဘဲရှိနေသည်။

"ဟော့ .. ဒီအတိုင်းဖမ်းနေရင် အချိန်ကြာတယ်၊ မေ့လောက်



www.burmeseclassic.com

www.burmeseclassic.com



အောင်ရိုက်ပြီးခေါ်သွားရင် ပိုကောင်းမယ်"

ဟုပြောပြီး တစ်ယောက်က သစ်သားတုတ်ပိုင်းတစ်ခုကို ယူ ပြီး မြဝင်းသူကိုရိုက်ရန် ဟန်ပြင်လိုက်သည်။

"ဝုစ် ..."

"ဒုတ် ..."

သစ်ရွက်များကြားမှ မြားဖြတ်လာသံပေါ်လာပြီး မရှေး မနှောင်းမှာ မြဝင်းသူကို တုတ်ဖြင့်ရိုက်ရန်ကြံစည်နေသူမှာ တအိ အိနှင့် လဲကျသွားလေသည်။

တောစပ်မှ လေးနှင့်မြားကိုင်ထားသောလူတစ်ယောက် ထွက် လာလေသည်။

နီမောင် ပင်ဖြစ်သည်။

နီမောင်ကိုမြင်တော့ ကျန်တစ်ယောက်က သေနတ်ဖြင့် လှမ်းပစ်သည်။

"ဒိုင်း"

သူပစ်သောအချိန်မှာပင် နီမောင် က လှစ်ခနဲပျောက်သွား လေသည်။

"ကဲကွာ .. ကဲကွာ ..."

"ဒိုင်း .. ဒိုင်း .."

ဒေါသတကြီးနှင့် ထိုနေရာသို့ သေနတ်နှင့်ပစ်နေစဉ်မှာ





နောက်ဘက်မှလူတစ်ယောက်ထွက်လာပြီး ခုန်အုပ်လိုက်ရာ နှစ် ယောက်စလုံး မြေပြင်ပေါ်သို့ လဲကျသွားလေသည်။

သေနတ်သမားမှာလည်း သေနတ်တခြား လူတခြား ဖြစ် သွားလေတော့သည်။

နောက်ဘက်မှ ခုန်ဝင်လာသူမှာ စောထီး ဖြစ်သည်။

လက်နက်မဲ့သွားသောရန်သူမှာ မိကျောင်းဖမ်းနေသော စောထီးအားချက်ကြောင့် အချိန်မကြာခင်မှာပင် အသက်ပျောက် သွားတော့သည်။

ထိုအခါမှ နီ အင် က သစ်ပင်များကြားမှ ပြန်ထွက်လာ လေသည်။

"အစ်ကို ..."

မြဝင်းသူ က ဝမ်းသာအားရ လှမ်းခေါ်လိုက်သည်။

"မင်းကိုး ဘေးအန္တရာယ်ကင်းတဲ့အခြေအနေမျိုးနဲ့ပြန်တွေ့ ရတာ ဝမ်းသာပါတယ်"

ဟုသာ ပြန်ပြောလိုက်လေသည်။

ထိုအချိန်မှာ မနီးမဝေးနေရာဆီမှ သေနတ်သံများ ကြားရ လေသည်။

"မင်းအဖေတို့ ရောက်လာကြပြီ၊ ဟိုဘက်မှာ ရန်သူတွေနဲ့ တွေ့နေကြပုံရတယ်၊ ငါတို့ အမြန်သွားကူကြရမယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောပြီး သုံးယောက်သား အသံကြားရာဘက်သို့ သွားကြလေသည်။

မျောက်တစ်ရာဘုရားနှင့် မနီးမဝေးနေရာတစ်ဝိုက်မှာတော့ သံပချိုင်တို့နှင့် ကျားပါးစပ်တို့အဖွဲ့သားများ အပြန်အလှန် ပစ်ခတ်နေကြသည်။

ကျားပါးစပ်တို့က သေနတ်ဖြင့်ပစ်ပြီး သံပချိုင်တို့က ဒူးလေး၊ လင်းလေးများကို အသုံးပြုကာ အဆိပ်လူးမြားတံများဖြင့် ပစ်ကြလေသည်။

နောက်ဘက်မှ ငမဲအောင်နှင့်မောင်ကျော်တို့ကပါ ညှပ်ပြီး တိုက်နေကြရာ ရန်သူများ တစ်ယောက်ပြီးတစ်ယောက် လဲကျသွားလေသည်။

နီမောင်နှင့်စောထီးပါ ထပ်ရောက်သွားသောအခါ အခြေအနေက ပိုကောင်းသွားလေသည်။

နီမောင်၊ စောထီး၊ ငမဲအောင်တို့မှာ ဒူးလေး၊ လင်းလေးပစ်ရာတွင် လက်ဖြောင့်သူများဖြစ်ကြသလို သံပချိုင်အဖွဲ့၌ ရောက်နေကြသော စံထွန်း အပါအဝင် အတော်များများမှာ ဒူလေးပစ်ရာတွင် လက်ဖြောင့်ကြသောကြောင့် ရန်သူများ အထိနာကြလေသည်။

နောက်ဆုံး ကျားပါးစပ်မှာ ကျည်ဆန်ကုန်သွားပြီဖြစ်ရာ





အခြေအနေမဟန်တော့သဖြင့် တောထဲသို့ ဝင်ပြေးရာ နီမောင်က နောက်မှလိုက်သွားလေသည်။

နီမောင်မှာလည်း မြားတံကုန်သွားပြီဖြစ်သောကြောင့် လေးကို ချထားခဲ့ပြီး သူ၏ လက်စွဲတော်စလွတ်ကိုသာ ယူသွားလေသည်။

သူလည်း တောကျွမ်းသူဖြစ်သောကြောင့် ကျားပါးစပ် ပြေးသောလမ်းကို ဖြတ်လမ်းမှလိုက်ရာ တစ်နေရာတွင်ဆုံမိလေသည်။

"မင်းက ဒီအထိလိုက်လာမှတော့ ငါ့အကြောင်းသိအောင်ပြရမှာပေါ့ကွာ"

ဟု ပြောပြီး အပေါ်အင်္ကျီကို ဆွဲဖြဲပစ်လိုက်သည်။

ကျားပါးစပ်ကျောပြင်မှာ မာန်ဖီနေသောကျားခေါင်းရုပ်ကြီးကို ဆေးဖြင့်ထိုးထားသည်။

ကျားပါးစပ်လက်ထဲမှာ ဓားရှည်တစ်ချောင်း ပါလာသည်။ သူသည် နီမောင်ကို ချက်ချင်းဝင်မတိုက်သေးဘဲ ကျားတစ်ကောင်ကဲ့သို့ မာန်သွင်းနေလေသည်။

နီမောင် က စလွတ်ကို ရှေ့သို့ခင်း၍ အသင့်ပြင်ထားပြီး အခြေအနေကိုစောင့်ကြည့်နေသည်။

အတန်ကြာသောအခါ ...

ကျားပါးစပ်ထံမှ ကျားတစ်ကောင် မာန်ဖီသကဲ့သို့အသံမျိုး



www.burmeseclassic.com

www.burmeseclassic.com



ထွက်လာပြီး ရှေ့သို့တိုးလာကာ နီမောင် ကို တရကြမ်း တိုက်ခိုက်လေတော့သည်။

သူ၏ဟန်အမူအရာမှာ ကျားစိတ်ကျားမာန်သွင်းထားပြီး ကျားတစ်ကောင်ကဲ့သို့ တိုက်ခိုက်လာခြင်းဖြစ်သောကြောင့် နီမောင်မှာ များစွာသတိထားရလေသည်။

သူ အသုံးပြုသောစလွတ်မှာ အရိုးရှည်သောကြောင့် သစ်ပင် ချုံနွယ်များပိတ်ဆီးနေသောနေရာ၌ အသုံးပြုရသည်မှာ မလွတ် လပ်ပေ။

ကျားပါးစပ်အသုံးပြုသည့်ဓားကတော့ တိုသဖြင့် ခုတ်သည့်နေရာရော ထိုးသည့်နေရာပါ လွတ်လပ်စွာ အသုံးပြုနိုင်သောကြောင့် အခွင့်အရေးပိုရနေသည်။

သို့ကြောင့် ...

နီမောင်မှာ သတိကြီးစွာထားနေရသည်။

ထို့ပြင် ...

ကျားပါးစပ်မှာ ကျားစိတ်ကျားမာန်သွင်းပြီး တိုက်ခိုက်နေသောကြောင့် လူတစ်ယောက်ထက် တိုက်ခိုက်ရသည်မှာ ပိုခက်နေသည်။

သူက စလွတ်ဖြင့်ထိုးလိုက်တိုင်း ကျားလက်ဖြင့်ပုတ်ထုတ်သကဲ့သို့ ပုတ်ထုတ်ပစ်လေရာ မထိရောက်ဘဲဖြစ်နေသည်။





တစ်ကြိမ်မှာတော့ .....

ကျားပါးစပ်က လက်ဖြင့်ပုတ်ထုတ်လိုက်သော် စလွတ်တခြား လူတခြား ဖြစ်သွားလေတော့သည်။

ထိုအခွင့်ကောင်းကို အသုံးချပြီး ကျားပါးစပ်က ဓားကို အသုံးပြုကာ တရကြမ်းဝင်တိုက်ရာ သတိကြီးစွာဖြင့် ရှောင်တိမ်းပေးရလေသည်။

နံဘေးနားမှာရှိသောသစ်ပင်ငယ်များမှာ အပိုင်းပိုင်းပြတ်ကျကုန်သည်။

လက်မောင်းလုံးအရွယ်ခန့်ရှိသော မဒမပင်များမှာ ဓားချက်ကြောင့် အလယ်မှ ပိုင်းပြတ်သွားရာ ကျန်ခဲ့သောငုတ်များမှာ လုံသွားတမျှထက်နေလေတော့သည်။

ထိုငုတ်များပေါ်သို့ လဲမကျစေရန် သတိကြီးစွာထားနေရသည်။

တစ်ကြိမ်မှာတော့ .....

နီမောင် လဲကျသွားရာ ကျားပါးစပ်က ဓားဖြင့်ခုတ်ရန် ပြေးလာသည်။

နီမောင်က နံဘေးမှကျနေသောသစ်ကိုင်းပြတ်ကို ခြေဖြင့်ခတ်ထုတ်ပေးလိုက်ရာ ခလုတ်တိုက်ပြီး နီမောင်အပေါ်သို့ အရှိန်ဖြင့်လဲကျလာသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျားပါးစပ်က အရှိန်ဖြင့် ဓားဖြင့်စိုက်ချလိုက်ခြင်းလည်း ဖြစ်သည်။

နီမောင်က ကျလာသောဓားဦးကို လွတ်ရုံရှောင်ပေးရာ မလွတ်မလပ်ဖြစ်ပြီး လက်မောင်းကိုထိသွားသည်။

သို့သော် .....

ဂရုမစိုက်နိုင်ဘဲ အပေါ်မှာမိုးကျလာသော ကျားပါးစပ် ရင်ဝကို ခြေထောက်ဖြင့် ဆီးထောက်ထားလိုက်သည်။

"မင်းအလှည့်ပြီးရင် ငါ့အလှည့်ပေါ့"

ဟု ပြောပြီး .....

အားထည့်၍ကန်ထုတ်လိုက်ရာ နောက်ဘက်သို့ကျသွားလေသည်။

"ဒုတ် ..."

"အင့် ..."

ကျားပါးစပ်မှာ ပြန်မထနိုင်တော့ပေ ...။

သူ့ဓားချက်ထိပြီး တစ်ပိုင်းပြတ်နေသော မဒမသားအချွန်က ကျောသို့ဖောက်ဝင်သွားချေပြီ။

ထိုအခါမှ .....

နီမောင်က နေရာမှထပြီး ဓလွတ်ကို ပြန်ကောက် ယူပြီး ကျားပါးစပ်ကို ငုံ့ကြည့်လိုက်သောအခါ သူ့ကိုတစ်ချက်





ကြည့်ပြီး ပါးစပ်ထဲမှသွေးများ အန်ထွက်ကာ အသက်ပျောက်သွားလေတော့သည်။

လူမိုက်တစ်ယောက်တော့ ဓာတ်သိမ်းသွားခဲ့ချေပြီ။

နီမောင် က လက်မောင်းမှဒဏ်ရာကို အကျီစဖြဲစည်းပြီး မျောက်တစ်ရာစေတီတော်ရှိရာသို့ သွားလေသည်။

ထိုနေရာပြန်ရောက်တော့ .....

ဓာထီး၊ ငမဲအောင်၊ မောင်ကျော် တို့သုံးယောက်ကို ပြန်တွေ့ရသည်။

သံပချိုင်နှင့် မြဝင်းသူတို့ သားအဖလည်းတွေ့ရသည်။

နီမောင် အနားရောက်တော့ .....

သံပချိုင်က စိတ်မကောင်း သောအသံဖြင့် ပြောသည်။

"ငါ မင်းအပေါ်မှာ အထင်လွဲပြီးနှိပ်စက်ခဲ့တာတွေကို တောင်းပန်ပါတယ်"

"ကျွန်တော့်အပေါ်မှာ နှိပ်စက်ခဲ့တာတွေကြောင့် ရတဲ့ ကိုယ်ပေါ်ကဒဏ်ရာတွေက ကုရင် ပျောက်ပါတယ်၊ ကျွန်တော့်ရဲ့ မေတ္တာကို အလှည့်စားခံခဲ့ရတာကတော့ ကျွန်တော့်တစ်သက်လုံး ဘယ်တော့မှမေ့နိုင်တော့မှာမဟုတ်ပါဘူး"

ဟု ပြောပြီး ထိုနေရာမှလှည့်ထွက်လာသောအခါ ကျန်သုံးယောက်ကလည်း နောက်မှလိုက်လာကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကို .. အစ်ကို ..."

မြဝင်းသူ ခေါ်သံကို ကြားသော်လည်း လှည့်မကြည့်တော့ပေ။

သူမခေါ်သံက တဖြည်းဖြည်းနှင့်ဝေး၍ ကျန်ခဲ့လေတော့သည်။

"နေရစ်ခဲ့တော့ လှည့်စားရက်သူရေ ..."

ဟူသာ မချိတင်ကဲရေရွတ်လိုက်ရုံမှတစ်ပါး အခြား ဘာမှ မတတ်သာတော့ပါချေ။

* * *





အခန်း (၁၆)

## နှလုံးသားပြင့်ပန်ဆင်းအပ်သောအရာ

ထိုအဖြစ်အပျက်များဖြစ်ခဲ့ပြီးနောက် ...

တစ်ပတ်ခန့်ကြာသောအခါ ဖလန်ခုန်ရွာသို့ မြဝင်းသူ လိုက်လာလေသည်။

သူမသည် ပေါင်းမိုးတပ်ထားသောလှေဖြင့် အမျိုးသမီး အဖော်နှစ်ယောက်နှင့်အတူ ရောက်လာခြင်းဖြစ်လေသည်။

ထိုရွာရောက်တော့ နီမောင်တို့အိမ်ကို မေးမြန်းစုံစမ်းပြီးသွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



အိမ်သို့ရောက်သောအခါ နီမောင်နှင့်မတွေ့ရဘဲ ဦးဘရှိန်တို့နှင့်သာ တွေ့ရလေသည်။

"သူကတော့ အိမ်မှာမရှိဘူး မိန်းကလေးရဲ့ ..၊ တစ်လောကလက်မောင်းမှာ ဒဏ်ရာရထားလို့ အလုပ်တော့မဆင်းနိုင်သေးဘူး၊ သူ့သူငယ်ချင်းတွေမေးမှပဲ သူ ဘယ်သွားတယ်ဆိုတာသိရမှာပဲ"

ဟု ပြောသဖြင့် မေးရင်းနှင့် ရွှေလေးတို့အိမ်သို့ ရောက်သွားလေသည်။

ရွှေလေးနှင့်အတူ မောင်ကျော်ကိုပါ တွေ့ရလေသည်။

ရွှေလေး က မြဝင်းသူကို မြင်သောအခါ မကျေမနပ်ဖြစ်နေလေသည်။

"နင်က နီမောင်ကို လာရှာတယ် ဟုတ်လား၊ ဘာများ ထပ်ပြီး ဒုက္ခပေးဦးမလို့လဲဟင် ..."

"ငါ .. ငါ ဒုက္ခပေးဖို့မဟုတ်ပါဘူး"

"နင့်အဖေ ကြိုဟ်မွေလိုက်တာ ငါတို့ရွာကလူတွေလည်း မသေရုံခံကြရတယ်"

ရွှေလေး က အကြောင်းစုံပြန်ပြောပြလေသည်။

သံပချိုင် က သူမကိုလာတောင်းသဖြင့် မရသောအခါတောထဲမှာမကောင်းဆိုးရွားများနှင့်ရန်ရှာပြီး နွံအောက်မှာ မြှုပ်





ထားခဲ့ပုံများ ...၊

နီမောင်တို့ လာကယ်သောကြောင့် ကံကောင်းထောက်မစွာ အသက်ဘေးမှ ပြန်လွတ်ခဲ့ရကြောင်း ...၊

ထိုအကြောင်းကို သိသွားပြီးနောက်ပိုင်းမှာလည်း အမျိုးမျိုး ရန်ရှာခဲ့သေးကြောင်း ...၊

နောက်ဆုံး နီမောင်ကို မတရားဖမ်းခေါ်သွားပြီး အမျိုးမျိုးနှိပ်စက်ကြပုံများကို ပြန်ပြောပြလိုက်လေသည်။

"ငါ ဒီအကြောင်းတွေကို မသိခဲ့ရပါဘူးဟယ် ..၊ အခု နင်ပြောမှသိရတာပါ၊ သူ့ကိုခေါ်ပြီးနှိပ်စက်တဲ့အချိန်မှာ ငါလည်းလူဆိုးတွေရဲ့အနှိပ်စက်ခံနေရလို့ ဒီအကြောင်းတွေမသိခဲ့ရတာ အမှန်ပါပဲ၊ တကယ်လို့ ငါတို့သားအဖတွေ မှားခဲ့တာတွေရှိရင်လည်း ခွင့်လွှတ်ပေးကြပါ၊ အခုတော့ အဖေလည်း သူ့အမှားတွေ သိပြီး နောင်တရနေပါပြီ"

ဟု မျက်ရည်အဝိုင်းသားဖြင့်ပြောရာ နံဘေးနားမှာရှိနေသော မောင်ကျော်ကပါ မနေသာတော့ဘဲ ဝင်ပြောရလေသည်။

"ဟုတ်ပါတယ် ရွှေလေး ရာ .. သူ့အဖေက မကောင်းခဲ့ပေမယ့် သူကတော့ ဒီအကြောင်းတွေကို သိတဲ့ပုံမပေါ်ပါဘူး၊ ခွင့်လွှတ်ပေးလိုက်ပါဟာ .."

ထိုသို့ပြောတော့မှ ရွှေလေး က ဘာမှဆက်မပြောတော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



မောင်ကျော်က ဆက်ပြောပြသည်။

"နီမောင် က ဘဝချို့တဲ့ပေမယ့် ရိုးသားတယ်၊ စိတ်ရင်းကောင်းတယ်၊ ဘယ်သူ့အပေါ်ကိုမှ မတရားမလုပ်ဘူး၊ ကူညီစရာရှိရင်သာ ဘယ်သူ့အပေါ်မဆို အားတက်သရော အကူအညီပေးလေ့ရှိတယ်"

"ငါ သူနဲ့တွေ့ပါရစေ၊ သူဘယ်မှာရှိတယ်ဆိုတာ သိရင် ပြောပြပေးပါ"

"သူ ဘယ်မှာရှိတယ်ဆိုတာတော့ မသိရသေးဘူး၊ ငါ့အထင်တော့ သူ ဆေးဆရာဆီမှာ ဆေးကုဖို့သွားနေတယ်လို့ထင်ပါတယ်၊ ဒီလောက်စိတ်ပူမနေပါနဲ့၊ တကယ်လို့ ရွာကို သူ ပြန်ရောက်လာရင် ငါ အကျိုးအကြောင်းပြောပြလိုက်ပါ့မယ်"

ဟု ပြောလိုက်တော့မှ .....

မြဝင်းသူလည်း မျက်ရည်အဝဲသားဖြင့် ပြန်သွားလေတော့သည်။

မောင်ကျော် ပြောလိုက်သကဲ့သို့ပင် ...၊

နီမောင်က သူ့လက်မောင်းမှဒဏ်ရာကို ဆရာကြီးဦးဖန်ကောင်းထံမှာ သွားရောက်ကာ ဆေးကုနေခြင်းဖြစ်သည်။

ဆေးကုနေရင်းမှ မျောက်တစ်ရာဘုရားမှာကြုံတွေ့ခဲ့ရသော အဖြစ်အပျက်များကို ဦးဖန်ကောင်းအား ပြန်ပြောပြနေလေ





သည်။

"အဲဒီအဘိုးကြီးနာမည်က ဦးဘိုးထော် တဲ့၊ သေနတ်နဲ့ပစ်တာ တစ်ချက်မှမထွက်ဘူး ဆရာကြီး"

"ဦးဘိုးထော် ဆိုတာရော မင်း သိရဲ့လား"

"ဟင့်အင်း မသိဘူး"

"မင်းတို့ မိကျောင်းထိုးထွက်ကာနီးရင် ပွဲမတင်ရဘူးလား"

"ထင်ရတယ် ဆရာကြီး"

"ဘယ်နှစ်ပွဲတင်ရသလဲ"

"ဦးရှင်ကြီးပွဲ၊ အဘိုးပွဲ၊ တောပိုင်ပွဲ၊ ရေပိုင်ပွဲတွေတင်ရတယ်"

"အဘိုးပွဲတင်တာ တခြားမဟုတ်ဘူး၊ မင်းတွေ့ဆိုက်တဲ့ ဦးဘိုးထော် ပဲ"

"ဟင် .. ဒါကြောင့်ကိုး"

"မိန်းမလှကျွန်းမှာ တန်ခိုးအကြီးဆုံးက ဦးရှင်ကြီးနတ် ဆိုပေမယ့် မကောင်းသူပယ် ကောင်းသူကယ်တဲ့ ကိစ္စတွေကိုတော့ အဘိုးနတ်က စောင့်ရှောက်ပေးရတယ်၊ ခွေးနှစ်ကောင်ခေါ်လာလို့ပေါ့ .. ကျားနှစ်ကောင်သာခေါ်လာရင် ကျားပါးစပ်လို့ အမည်ပေးထားတဲ့လူတော့ အဲဒီနေရာမှာတင် ကျားပါးစပ်ထဲမှာ အသက်ပျောက်သွားမှာ အသေအချာပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောပြလေသည်။

ဦးဗန်ကောင်းထံမှာ တစ်ရက်နှစ်ရက်နေပြီး ဒဏ်ရာသက်သာတော့မှ ရွာပြန်လာလေသည်။

သူ ပြန်ရောက်တော့ .....

မောင်ကျော် ရောက်လာပြီး မြဝင်းသူ ရွာသို့ရောက်လာသည့်အကြောင်း ပြောပြသည်။

"တော်ပါပြီကွာ၊ မတွေ့ချင်တော့ပါဘူး"

"ဘာဖြစ်လို့လဲ၊ သူ့ကြည့်ရတာတော့ သနားစရာပဲ"

"ဒါပေမယ့် ငါ့မေတ္တာကို အလိမ်ခံရတာတော့ ဒီတစ်သက်မေ့နိုင်တော့မှာမဟုတ်ပါဘူး"

"ဘာပဲဖြစ်ဖြစ်ပေါ့ မင်း သူနဲ့တစ်ခါလောက်တွေ့ပြီး ပွင့်ပွင့်လင်းလင်းပြောသင့်တယ်၊ ဒီတစ်ခါရောက်လာရင်တော့ တွေ့လိုက်ပါကွာ"

ဟု ပြောလေသည်။

နောက်တစ်ပတ်ခန့်ကြာသောအခါ .....

မြဝင်းသူ တစ်ယောက် တည်း ရောက်လာပြန်သည်။

ဒီတစ်ခါတော့ နီမောင်နှင့်တွေ့ကြရသည်။

"အစ်ကို .."

"မြဝင်းသူ ပါလား"





"အစ်ကို့လက်မောင်းကဒဏ်ရာ သက်သာသွားပြီးလားဟင်.."

နီမောင်က ပတ်တီးမဖြေရသေးသောလက်မောင်းမှ ဒဏ်ရာရှိသောနေရာသို့ ငုံ့ကြည့်သည်။

"လက်မောင်းကဒဏ်ရာကတော့ တစ်ရက်နှစ်ရက်ဆိုရင်ပျောက်တော့မှာပါ၊ ရင်ထဲကဒဏ်ရာတော့ မပျောက်နိုင်သေးဘူး"

"ကျွန်မ ဒီအကြောင်းတွေကိုတောင်းပန်ချင်လို့ အစ်ကိုနဲ့လာတွေ့တာပါ၊ အဖေ ခိုင်းလို့လုပ်ရတယ်ဆိုပေမယ့် ကျွန်မရင်ထဲက ဟန်ဆောင်ပြီးလုပ်နေတာမဟုတ်ခဲ့ပါဘူး"

နီမောင်က နားမလည်သလို တစ်ချက်ကြည့်သည်။

"မိန်းကလေးတစ်ယောက်က ကိုယ်နဲ့မပတ်သက်တဲ့ မနှစ်သက်တဲ့လူတစ်ယောက်ကို ဟန်ဆောင်ပြီး ပတ်သက်ရတယ်ဆိုရင်တောင်မှ အခုလို ကိုယ်ရောစိတ်ပါ ပုံပေးမယ်လို့ အစ်ကိုထင်နေသလား ..၊ ကျွန်မ .. ကျွန်မ အစ်ကို့အပေါ်မှာ ဟန်ဆောင်ပြီးချစ်ခဲ့တာမဟုတ်ပါဘူး"

"ဒီစကားကြားရတာ ကိုယ်ဝမ်းသာမိပါတယ် မြဝင်းသူရယ်၊ ဒါပေမယ့်ကိုယ်တို့နှစ်ယောက်ရဲ့ဘဝက အလှမ်းကွာလှပါတယ်၊ ဘယ်လိုနည်းနဲ့မှ မနီးစပ်နိုင်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မရဲ့ချစ်ခြင်းမေတ္တာကို ဘာတွေနဲ့တိုင်းတာနေလို့ ဒီလိုပြောတာလဲ၊ ကျွန်မဘာဝမှာ ဖြူစင်သန့်ရှင်းတဲ့ ချစ်ခြင်းမေတ္တာကလွဲပြီး အခြား ဘာကိုမှ မလိုချင်ပါဘူး"

ထိုသို့ပြောသောအခါ .....

နီမောင့်မျက်နှာပေါ်မှာ အပြုံးရိပ်ကလေး ပေါ်လာလေသည်။

"အစ်ကို ကျွန်မကို ခွင့်လွှတ်နိုင်ပြီလား"

"အစကတည်းက မြလေးအပေါ်မှာ အပြစ်မမြင်ခဲ့ပါဘူး။ အစ်ကို အားလုံး ခွင့်လွှတ်ခဲ့ပြီးသားပါ"

ဟု ပြောကာ .....

မြဝင်းသူ လက်ကလေးကို ဆုပ်ကိုင်ထား လိုက်လေသည်။ မြဝင်းသူကလည်း ပြန်လည်ဆုပ်ကိုင်ထားလေသည်။

ယခုတော့လည်း ချစ်ခြင်းမေတ္တာကို အရောင်ပြောင်းစေသော သံသယမြူမှုန်များ ကင်းစင်ပပျောက်သွားပြီဖြစ်သောကြောင့် သစ်လွင်တောက်ပလာခဲ့ချေပြီ။

နေဝင်ခါနီးရောက်တော့ မြဝင်းသူ ရွာသို့ပြန်ခါနီးတော့ နီမောင် က လှေဆိပ်သို့ လိုက်ပို့ပေးသည်။

ကမ်းစပ်တံတားတွင် ပေါင်းမိုးတပ်ထားသောလှေတစ်စင်းသာတွေ့ရပြီး လှော်ခတ်မည့်သူ မရှိပေ။





"လှော်ခတ်မယ့်သူမပါဘူးလား၊ မြလေး ဘယ်သူနဲ့လာတာလဲ"

"တစ်ယောက်တည်းလာခဲ့တာပေါ့"

"အနော် ပြန်တော့ရော .."

"တစ်ယောက်တည်းလာတာ ..၊ တစ်ယောက်တည်းပဲပြန်ရမှာပေါ့"

"အို .. ဒီအချိန်မျိုးမှာ တစ်ယောက်တည်းပြန်လို့ ဘယ်ဖြစ်ပါ့မလဲ"

"စိတ်မချရင်တော့ လိုက်ပို့ပေးပေါ့"

ဟု ပြောသဖြင့် နီမောင် ပါ လှေထဲဆင်းလာသည်။ လှေ၏ပေါင်းမိုးအတွင်းမှာလည်း မည်သူမျှ မရှိပေ။

သံပချိုင်ရွာနှင့်ဖလန်ခုန်ရွာမှာ မဝေးလှသော်လည်း တစ်ယောက်တည်းလာဝံ့သော မြဝင်းသူ သတ္တိကိုတော့ စိတ်ထဲမှ ချီးကျူးမိလေသည်။

မြဝင်းသူ က လှေကြိုးဖြုတ်ချလိုက်သောအခါ လှေက ရေစီးနှင့်မျောပါသွားလေသည်။

တဖြည်းဖြည်းနှင့် သကန်မြစ်သို့ရောက်သောအခါ နေညိုချိန် ရောက်နေချေပြီ။

တကယ်တော့ လက်မောင်းမှဒဏ်ရာက အကောင်းမသေ

www.burmeseclassic.com



သေးသောကြောင့် ကောင်းစွာ လေ့မခတ်နိုင်သေးပေ။

သို့သော် ရေကျချိန် ရေစီးအားကောင်းသောကြောင့် အရှိန်ဖြင့်သွားနေလေသည်။

“အစ်ကို လက်ကဒဏ်ရာမှမပျောက်သေးတာ လေ့ခတ်လို့ဖြစ်ပါ့မလား”

“နည်းနည်းထိန်းပေးရုံပါပဲ”

“မခတ်နိုင်တော့လည်း ရေစီးနဲ့သာမျှောချလိုက်ပေါ့ အစ်ကိုရယ် ..”

ဟု ပြောသဖြင့် နီမောင် က ခတ်တက်နှစ်ချောင်းကို လွှတ်လိုက်ပြီး မျှောချလိုက်သည်။

လေ့က ရေစီးနှင့်အတူ မျောပါသွားသည်။

ထို့နောက် ပေါင်းမိုးအတွင်းသို့ဝင်လာပြီး မြဝင်းသူအနီးမှာထိုင်ချလိုက်ပြီး သူမကိုယ်ကလေးကို ဖက်ထားလိုက်သည်။

“ဟိုရွာနဲ့ဒီရွာ တစ်ယောက်တည်းလာဝံ့တဲ့သတ္တိကိုတော့ချီးကျူးပါတယ်”

“အခုတော့ သိပြီမဟုတ်လား၊ အချစ်နဲ့ပတ်သက်လာရင်ယောကျ်ားလေးတွေထက် မိန်းကလေးတွေက ပိုပြီးသတ္တိရှိတယ်၊ စွန့်လွှတ်ဝံ့တယ်ဆိုတာ အစ်ကို သိပြီမဟုတ်လား”

“သိပါပြီဗျာ၊ ဒါပေမယ့် မြလေး အပြန်နောက်ကျနေရင်





တော့ ရွာကလူတွေက စိတ်ပူနေကြတော့မှာပဲ”

“ပူမယ်မထင်ပါဘူး၊ အဖေနဲ့အဒေါ်ကို တစ်ခါတည်းပြောထားခဲ့ပြီးသား၊ ကျွန်မချစ်သူပါတော့မှ ရွာကိုပြန်လာတော့မယ်လို့ ပြောထားခဲ့ပါတယ်”

“အင်း .. အတော်များများကတော့ ယောကျ်ားလေးကသာမိန်းကလေးကို ခိုးယူတယ်လို့ရှိပါတယ်၊ ဒီတစ်ခါတော့ ပြောင်းပြန်ဖြစ်ပြီး မိန်းကလေးက ယောကျ်ားလေးကို ခိုးယူတာမျိုးကြုံ ရပြီထင်ပါရဲ့”

မြဝင်းသူက နီမောင်ကို မျက်စောင်းထိုးကြည့်သည်။

“တကယ်ချစ်မိမှတော့ ခိုးသင့်ခိုးရမှာပဲ”

ဟု ပြောလိုက်ရာ နီမောင် က သဘောကျစွာရယ်မောရင်းတိုး၍ဖက်လိုက်ရာ အရှိန်ဖြင့် နှစ်ယောက်စလုံး ကောက်ရိုးအခင်းပေါ်သို့ လဲကျသွားလေတော့သည်။

အပြင်မှာ နေဝင်ရီတရောအချိန်ရောက်နေချေပြီ။

လှိုင်းကြက်ခွပ်ကလေးများ တဖျပ်ဖျပ်ထနေသော မြစ်ရေပြင်ပေါ်မှာတော့ လှော်ခတ်သူမဲ့နေသော ပေါင်းမိုးတပ် လေ့တစ်စင်းက မျောပါလျက်ရှိနေသည်။

လေ့ဝမ်းထဲမှာရှိနေကြသော ချစ်သူနှစ်ဦးကတော့ အရာအားလုံး မေ့ထားကြလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဤနေရာတွင် ကျွန်ုပ် ရေးသားသော (အငြိုးတစ်ရစ် အချစ်ဇကရီ)အမည်ရှိ ဂမ္ဘီရဆန်းကြယ်ဝတ္ထုရှည်မှာလည်း နိဂုံးကမ္ပတ်အဆုံးသတ်ပြီဖြစ်ပေတော့သတည်း။ ။

အနိစ္စဿဟောတု သုခီအတ္တာနံ ပရိဟာရန္တု

စာပြီးချိန်။ ။ ၂၀၁၁ ခုနှစ် ဇွန်လ ၂၁ ရက် အင်္ဂါနေ့ နံနက် ၉ နာရီအချိန်။



BURMESE CLASSIC .com
www.burmeseclassic.com